# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
**Myanma Alinn Daily**


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာ ၈ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၆၀)၊ အမှတ် (၁၃၉)


## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း (၆၅)နှစ်မြောက် ကရင်ပြည်နယ်နေ့အခမ်းအနား တက်ရောက်






**ဘားအံ နိုဝင်ဘာ ၇**

(၆၅) နှစ်မြောက် ကရင်ပြည်နယ်နေ့အခမ်းအနားကို ကရင်ပြည်နယ် ဘားအံမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး မြက်ခင်းပြင်၌ ယနေ့ နံနက် ၇ နာရီတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း တက်ရောက်သည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် သဘာပတိအဖြစ် ကရင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်က ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် ကရင်ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ် ဦးစောစံလင်း၊ ကရင်ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမန်းကျော်ဝင်းမောင်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ကရင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် (ကရင်/မွန် တာဝန်ခံ) ဦးစောဒယ်နီရယ်ကြည်၊ ကရင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးစောစံလင်း၊

*စာမျက်နှာ ၃ ကော်လံ ၁* ❍

## မလေးရှားနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာသဘော်သားများအား ပြန်လည်ခေါ်ဆောင်ခဲ့



**နေပြည်တော် နိုဝင်ဘာ ၇**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် မလေးရှားနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာသဘော်သား ၁၇၅ ဦးအား ကွာလာလမ်ပူမြို့ရှိ မြန်မာသံရုံးနှင့် Travel Cue Management Sdn Bhd ကုမ္ပဏီတို့မှ ပူးပေါင်းစီစဉ်သည့် မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း (MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ညနေ ၅ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့်နေရာ/သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ခုနစ်ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❏


COVID-19 ကုသရေး အတွက် သက်သာသောဈေးနှုန်းဖြင့် ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

အောက်ဆီဂျင် (ဆေးရုံ / လုပ်ငန်းသုံး)ဓာတ်ငွေ့များအား သျှိသာသော ဈေးနှုန်းများဖြင့်
၂၄-နာရီ (ပိတ်ရက်မရှိ)စက်ရုံမှ တိုက်ရိုက်ဖြန့်ဖြူး ရောင်းချပေးလျက်ရှိပါသည်။







အောက်ဆီဂျင်နှင့်ဖိုးသတ်သေးရုံစက်ရုံ (မင်းဝမ္ဗ)
အမှတ်(၁-၁) မင်းဝမ္ဗလမ်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။
ဖုန်း-၀၉ ၇၆၅၅၁၉၉၄၅၊ ၀၉ ၇၆၅၅၁၉၉၄၆၊ ၀၉ ၇၆၅၅၁၉၉၅၁

ဓာတ်ငွေ့စက်ရုံ (မန္တလေး)
အကွက်(၁၃)၊ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေး။
ဖုန်း-၀၉ ၃၄၆၀ ၂၇၁၀၂၊ ၀၉ ၄၀၂၆၂၇၆၈၆၊ ၀၂ ၄၀၃၆၀၀၄

## အချုပ်အခြာအာဏာ ပြည်သူလူထုထံ၌သာ...

ယနေ့ဆိုလျှင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မဲရုံများတွင် ပြည်သူလူထုအများ မဲပေးနေကြပေရော့မည်။ ပြည်သူအားလုံး စိတ်လှုပ်ရှားစွာဖြင့် သိလိုနေသည်မှာ ပြည်သူတွေက မည်သူတို့ကို ရွေးချယ်ကြပြီလဲ ဟူသည့်အဖြေကို ဖြစ်ပါသည်။

မြန်မာပြည်သူတို့ မျှော်လင့်နေကြသည့် ၂၀၂၀ နိုဝင်ဘာ အထွေထွေ ရွေးကောက်ပွဲ။

မြန်မာလူထုသည် နိုင်ငံရေးမတည်ငြိမ်မှု၏ ဒဏ်ကို နည်းလမ်းအမျိုးမျိုးဖြင့် ခံခဲ့ကြရသူများ ဖြစ်သောကြောင့် တည်ငြိမ်သော နိုင်ငံရေးစနစ်ကို အထူးတောင့်တလိုလားသူများ ဖြစ်ကြပါသည်။ နိုင်ငံရေးမတည်ငြိမ်မှုကို အရင်းခံ၍ နှစ်ရှည်ကြာဆင်နွှဲနေသော ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများ၊ အရှုပ်အထွေးများဖြင့် လုံးထွေးကာ မဖြေရှင်းနိုင်ဖြစ်နေရသော တိုင်းရင်းသားလူမျိုးစုများကြားရှိ တန်းတူရေး၊ မျှတရေး၊ ညီညွတ်ရေး စသည့် ပြဿနာများ၊ ချွတ်ခြုံကျစီးပွားရေး ပြဿနာ၊ အဆင့်အတန်းနိမ့်ကျပြီးရင်း နိမ့်ကျရင်း ဖြစ်ရသည့် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ ယဉ်ကျေးမှု အစစသော ကဏ္ဍများ၊ နိုင်ငံတကာအလယ်တွင် မျက်နှာငယ်စွာ ရပ်တည်ခဲ့ရသော အချိန်များ စသည်ဖြင့် မနည်းလှ။

ရွေးကောက်ပွဲများက မြန်မာနိုင်ငံတစ်ခုလုံးကို နတ်ရေကန်ထဲ ပစ်ချလိုက်သကဲ့သို့ ပြောင်းလဲသစ်လွင်သွားစေမည် မဟုတ်သော်လည်း ပြောင်းလဲသစ်လွင်သွားစေမည့် လမ်းကြောင်းပေါ်သို့ တက်ရောက်နိုင်မည့် စနစ်ကို ရရှိလာစေမည်ဟု ယုံကြည်ပါသည်။ ပြည်သူလူထုက ရွေးချယ်သူများ နိုင်ငံ့အာဏာအရပ်ရပ်ကို ရရှိလာမည့် စနစ်ကို ထူထောင်နေကြခြင်းဟု နားလည်ပါသည်။

ယနေ့ မြန်မာပြည်သူလူထု ကြိုးစားထူထောင်နေသော စနစ်သည် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲစနစ်ဖြစ်၏။ အဆိုပါ ရွေးကောက်ပွဲစနစ်၏ ပဓာနအကျဆုံးသော ပန်းတိုင်မှာ ပြည်သူလူထု မဲပေးရွေးချယ်သူတို့သာ လွှတ်တော်အသီးသီး၏ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်လာရေး၊ ထိုလွှတ်တော်များက ရွေးချယ်တာဝန်ပေးသူတို့သာ အစိုးရခေါင်းဆောင်များဖြစ်လာရေးနှင့် တရားစီရင်ရေးကို စီမံခန့်ခွဲ ထိန်းချုပ်နိုင်ရေးတို့ဖြစ်၏။ တစ်နည်းအားဖြင့်ဆိုလျှင် အခြေခံဥပဒေတွင် အလေးပေးဖော်ပြထားသည့် ‘နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံး၌ တည်သည်’ ဟူသည့်မှုကို အသေအချာအကောင်အထည်ဖော်နိုင်ရန်အတွက် ရွေးကောက်ပွဲများကျင်းပခြင်း ဖြစ်၏။ နိုင်ငံသားများသည် ရွေးကောက်ပွဲတွင် မဲပေးသည့်နည်းဖြင့် ထိုမှုကို ကြိုးစားတည်ဆောက်ကြရမည် ဖြစ်ပါသည်။

နိုင်ငံရေး အုပ်ချုပ်ရေးတာဝန်၊ ဥပဒေပြုရေးတာဝန်၊ တရားစီရင်ရေးဆိုင်ရာ တာဝန်တို့ကို မည်သူ့လက်ထဲသို့ လွှဲအပ်မလဲဆိုသည်ကို ရွေးကောက်ပွဲများကတစ်ဆင့် ပြည်သူလူထု၏ အဆုံးအဖြတ်ကို ရယူသည့် စနစ်ဖြစ်ပါသည်။

ယင်းသို့သော တာဝန်များကို လက်ခံကာ အကောင်အထည်ဖော် ဆောင်ရွက်ပေးမည်ဟု ကိုယ့်ကိုယ်ကိုယ် ယုံကြည်သူ နိုင်ငံရေးပါတီများ၊ နိုင်ငံရေးခေါင်းဆောင်များက ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံကြပါသည်။ ပြည်သူလူထုကလည်း မိမိတို့၏ သဘောဆန္ဒကို အကောင်အထည်ဖော်ပေးနိုင်မည်ဟု ယုံကြည်သော နိုင်ငံရေးပါတီနှင့် နိုင်ငံရေးသမားများကို မဲပေးရွေးချယ်ကြမည် ဖြစ်ပါသည်။

ဤစနစ်၏ ဥပဒေအရ မဲဆန္ဒနယ်အသီးသီးတွင် မဲအများဆုံးရရှိသူတို့သည် ရွေးချယ်ခံ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်လာကြပါမည်။ လုံလောက်သော မဲအရေအတွက်မရရှိသူများက နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို လွှတ်တော်ပြင်ပက ဆက်လက်တာဝန်ယူကြရန် ဖြစ်ပါသည်။

မဲအနိုင်ရသူကို မဲရှုံးသူက ယဉ်ကျေးစွာ ဂုဏ်ပြုနှုတ်ဆက်သည့် လွန်စွာသိမ်မွေ့ဖွယ်ရာသည့် နိုင်ငံရေးယဉ်ကျေးမှုပင် ဖြစ်ပါသည်။

တစ်နည်းအားဖြင့်ဆိုရလျှင် ပြည်သူလူထု၏ အဆုံးအဖြတ်ကို ဝမ်းမြောက်စွာ လက်ခံခြင်းပင် ဖြစ်ပါသည်။

နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှသာ ဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံး၌ တည်ပါစေသတည်း။ ။

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ COVID-19 ရောဂါကုသရန် သွေးရည်ကြည်အလှူရှင်များဖိတ်ခေါ်ခြင်း

❖ COVID-19 ရောဂါပိုးကူးစက်ခံရပြီး ရောဂါပျောက်ကင်းသူများ၏ သွေးရည်ကြည်ထဲတွင် ကိုရိုနာဗိုင်းရပ်(စ်)ပိုး (severe acute respiratory syndrome coronavirus 2– SARS-CoV-2) ကို ခုခံကာကွယ်နိုင်သော ပဋိပစ္စည်း ( Antibody) များ ကျန်ရစ်သည့် ၎င်းတို့၏ သွေးရည်ကြည် (Convalescence Plasma) အား အသုံးပြု၍ COVID-19 ရောဂါ ပြင်းထန်သောလူနာများကို ကုသရာတွင် ရောဂါသက်သာ ပျောက်ကင်းရန် အထောက်အကူပြုကြောင်း တွေ့ရှိရပါသည်။

❖ ကိုရိုနာဗိုင်းရပ်(စ်)ပိုး (SARS-CoV-2) ကူးစက်ခံရပြီး (၂၈) ရက်တိတိ ပကတိ ပြန်လည်နေထိုင်ကောင်းလာသူများအနေနှင့် ၎င်းတို့၏ သွေးရည်ကြည်ကို လှူဒါန်းခြင်းဖြင့် ကိုဗစ်ရောဂါ ပြင်းထန်စွာ ခံစားနေသော လူနာများ၏အသက်ကို ကယ်တင်ပေးနိုင်မည်ဖြစ်သည်။

❖ သွေးရည်ကြည်အလှူရှင်ထံမှ သွေးရည်ကြည်ထုတ်ယူရာတွင် ယခုအခါ သွေးရည်ကြည်ထုတ်စက် (Apheresis machine) ကို အသုံးပြု၍ သွေးရည်ကြည် (၄၀၀) စီစီမှ (၆၀၀)စီစီအထိ ထုတ်ယူနိုင်၍ လူနာ(၂)ဦးမှ (၃)ဦးအတွက် အသုံးပြုနိုင်မည်ဖြစ်သည်။ သွေးရည်ကြည်လှူဒါန်းရာတွင် အလှူရှင်၏ သွေးနီဥများကို အလှူရှင်၏ ကိုယ်ခန္ဓာတွင်းသို့ စက်မှတစ်ဆင့် ပြန်လည်သွင်းပေးခြင်းဖြင့် သွေးရည်ကြည် အလှူရှင်မှာ သွေးအား လျော့နည်းသွားခြင်းမရှိပါ။

❖ ဤကဲ့သို့ သွေးရည်ကြည်လှူဒါန်းခြင်းကို (၂)ပတ်မှ (၄)ပတ် တစ်ကြိမ် (၃)ကြိမ်ထိ လှူဒါန်းနိုင်၍ သွေးရည်ကြည်လှူဒါန်းသူတစ်ဦးမှ တစ်ဦးထက်မကသော ကိုဗစ် လူနာအသက်များကို ကယ်တင်နိုင်မည်ဖြစ်ပါသည်။

❖ သွေးရည်ကြည်အလှူရှင်သည် ကိုရိုနာဗိုင်းရပ်(စ်)ပိုး ( SARS-CoV-2) ကူးစက်ခံရပြီး (၂၈) ရက်ထက်မနည်း နေကောင်းနေသူ ဖြစ်ရပါမည်။ အသက်(၁၈)နှစ်မှ (၆၀)နှစ် ရှိရမည်။ ကိုယ်အလေးချိန် ပေါင် ၁၂၀ (ကျား) နှင့် ပေါင် ၁၁၀ (မ) အနည်းဆုံးရှိရပါမည်။ ကျန်းမာနေကောင်းရမည်။ သာမန်သွေးလှူရှင်များ၏ ကျန်းမာရေးကို မထိခိုက်စေရန် ဆောင်ရွက်သော စည်းကမ်းများအတိုင်း ဆောင်ရွက်ပေးမည်ဖြစ်သည်။ သွေးရည်ကြည်မလှူဒါန်းမီ ကျန်းမာရေးစစ်ဆေးပေးမည်ဖြစ်သည်။

❖ အမျိုးသားသွေးဌာနမှ COVID-19 ရောဂါမှ ပြန်လည်ကောင်းမွန်သူများ၏ သွေးရည်ကြည် စုဆောင်းသည့်လုပ်ငန်းကို ဆောင်ရွက်နေပြီး ရန်ကုန်မြို့၊ ဦးဝိစာရလမ်း၊ ဇီဝကလမ်းခွဲရှိ ဆေးသုတေသနဦးစီးဌာနတွင် သွေးရည်ကြည် လှူဒါန်းနိုင်ရန် သီးသန့်အခန်း ဖွင့်လှစ်ထားပါသည်။ COVID-19 ရောဂါ ပြင်းထန်သောလူနာများ၏ အသက်ကို ကယ်တင်နိုင်ရန် စေတနာရှင် သွေးရည်ကြည်အလှူရှင်များကို ဖိတ်ခေါ်အပ်ပါသည်။

❖ သွေးရည်ကြည်လှူဒါန်းရန် အောက်ပါဖုန်းနံပါတ်နှင့် Website တို့ကို ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

- ၀၉-၅၁၃၀၄၁၈
- ၀၉-၅၄၀၂၀၉၈
- ၀၉-၉၆၅၁၃၀၄၁၈
- www.donatebloodmyanmar.org

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## ပြင်ဦးလွင်မြို့နယ် ပိန္နဲကုန်း(တောင်)ကျေးရွာသို့ နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားစတင်ဖြန့်ဖြူး

ပြင်ဦးလွင် နိုဝင်ဘာ ၇

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ပိန္နဲကျေးရွာအုပ်စု ပိန္နဲကုန်း(တောင်) ကျေးရွာသို့ နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်ဓာတ်အားစတင်ဖြန့်ဖြူးခြင်း အခမ်းအနားကို ယမန်နေ့ညနေပိုင်းက အဆိုပါကျေးရွာ ထရန်စဖော်မာအနီး၌ ကျင်းပသည်။

ဖွင့်ပွဲတွင် မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဌေး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်ခင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မင်း၊ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးနောင်ဘိုဘိုလင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် မြို့မိမြို့ဖများက လျှပ်စစ်မီးစတင်ဖြန့်ဖြူးခြင်း အထိမ်းအမှတ် ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ဂျိုင်းလော(သတင်းစဉ်)

## ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ်ရှိ Window on Korea စာကြည့်တိုက်သို့ ကိုရီးယားစာအုပ်များ ပေးအပ်လှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၇**

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် တက္ကသိုလ်ရိပ်သာလမ်း ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ်ရှိ Window on Korea စာကြည့်တိုက်သို့ ကိုရီးယားစာအုပ်များ ပေးအပ်လှူဒါန်းခြင်းကို ယမန်နေ့က ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက ကိုရီးယား - မြန်မာ သံတမန်ဆက်ဆံရေး (၄၅) နှစ်ပြည့်သည့် ယခုနှစ်တွင် နှစ်နိုင်ငံဆက်ဆံရေးသည် ကဏ္ဍပေါင်းစုံမှ ပိုမိုနက်ရှိုင်းလာခဲ့ပြီး ကိုရီးယားနိုင်ငံနှင့် ပတ်သက်၍ မြန်မာပြည်သူများ၏ စိတ်ပါဝင်စားမှုသည် တစ်နေ့ထက်တစ်နေ့ ပိုမိုတိုးပွားလာကြောင်းကို ခံစားမိပါကြောင်း၊ ရန်ကုန်အခြေစိုက် ကိုရီးယားသံရုံးမှလည်း တီထွင်ဖန်တီးမှုအမျိုးမျိုးဖြင့် ကိုရီးယားယဉ်ကျေးမှုကို အသိပေးဖြန့်ဝေပေးရင်း မြန်မာနိုင်ငံအား အထောက်အကူဖြစ်စေမည့် လှုပ်ရှားမှုများကို ဆောင်ရွက်ပေးလျက်ရှိနေသည်ကို ကျေးဇူးတင်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီဆန်းဟွာက သံတမန်ဆက်ဆံရေး (၄၅) နှစ်ပြည့်သည့် ယခုနှစ်တွင် ကိုရီးယား-မြန်မာ ဆက်ဆံရေးသည် နေ့စဉ်နှင့်အမျှ ပိုမိုခိုင်မာလာပါကြောင်း၊ ဘာသာစကားသည် ယဉ်ကျေးမှုနှီးနှောဖလှယ်ရေး အရှိန်မြှင့်တင်ရာတွင် အထောက်အကူပြုဖြစ်စေပါကြောင်း၊ ယနေ့လှူဒါန်းသည့် စာအုပ် ၂၄၃ အုပ်သည် ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ်၏ ကိုရီးယားဘာသာ သင်ကြားရေးတွင် အထောက်အကူဖြစ်စေရန် မျှော်လင့်မိပါကြောင်း ပြောကြားသည်။




ဆက်လက်၍ ပါမောက္ခချုပ် ဒေါက်တာကြည်ရွှင်က ကိုရီးယားနိုင်ငံသည် Window on Korea စာကြည့်တိုက်အား ၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် စတင်ဖွင့်လှစ်ခဲ့ပြီး နှစ်စဉ် ကိုရီးယားစာအုပ် စာပေများအား လှူဒါန်းပံ့ပိုးပေးခြင်းကို ကျေးဇူးတင်ပါကြောင်းနှင့် စာကြည့်တိုက်သည် ဒုတိယစာသင်ခန်း ဖြစ်သည်ဟုဆိုရလောက်သည့်အတွက် ကျောင်းသားများအနေဖြင့် ပထဝီအနေအထားအရ ဝေးကွာသော ကိုရီးယားနိုင်ငံကို စာအုပ်များမှတစ်ဆင့် အနီးကပ် ပိုမိုလေ့လာနိုင်မည့် အခွင့်အရေးဖြစ်သည်ဟု ပြောကြားခဲ့သည်။

ယင်းနောက် ကိုရီးယား သံအမတ်ကြီးက စာအုပ်များပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက လက်ခံရယူ၍ **(အပေါ်ပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ပြီး စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုကြောင်း သိရသည်။ **ဆန်းကျော်ဦး(ပြန် /ဆက်)**

❍ ရှေ့ဖုံးမှ

ကရင်ပြည်နယ် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ကရင်ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမန်းကျော်ဝင်းမောင်၊ နိုင်ငံရေးပါတီများ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ငြိမ်းချမ်းရေးကိုယ်စားလှယ်များက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား အလေးပြုကြပြီး ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုကြသည်။

ထို့နောက် သဘာပတိ ကရင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်က အဖွင့်အမှာစကားပြောကြားပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတထံမှ (၆၅) နှစ်မြောက် ကရင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က ဖတ်ကြားသည်။

(၆၅) နှစ်မြောက် ကရင်ပြည်နယ်နေ့အခမ်းအနားကို ကိုဗစ်-၁၉ ဖြစ်ပွားနေသည့်ကာလဖြစ်သောကြောင့် ယခင်နှစ်များကဲ့သို့ စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ခြင်းမရှိဘဲ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ အကျဉ်းချုံးသာကျင်းပခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနတို့မှ ဝန်ထမ်းများ၏သားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၇**

၂၀၂၀-၂၀၂၁ ပညာသင်နှစ်တွင် ပညာသင်ကြားလျက်ရှိသော နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနတို့မှ ဝန်ထမ်းများ၏ သားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲနှင့် ၂၀၁၉-၂၀၂၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၆ ရက် မွန်းလွဲ ၂ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန လောကနတ်ခန်းမ၌ကျင်းပရာ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် တက်ရောက်အမှာစကား ပြောကြားသည်။

အဆိုပါအခမ်းအနား၌ ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော လေးဘာသာဂုဏ်ထူးရှင်နှင့် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် ၂၀၁၉-၂၀၂၀ ပညာသင်နှစ် အခြေခံပညာမူလတန်း ကျောင်းသားကျောင်းသူများ အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲတွင် Grade-5 အတွက် တိုင်းဒေသကြီးအဆင့်၌ ပထမဆုရရှိသူတို့အား ဆုများ ချီးမြှင့်ပေးအပ်ပြီး အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်တို့က ၂၀၂၀-၂၀၂၁ ပညာသင်နှစ်တွင် အခြေခံပညာမူလတန်းအဆင့်မှ တက္ကသိုလ်အဆင့်အထိ တက်ရောက်ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများနှင့် ၂၀၁၉-၂၀၂၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်ဘာသာဂုဏ်ထူးရှင်လေးဦး၊ ရိုးရိုးအောင်မြင်သူ ငါးဦး စုစုပေါင်း ၂၁၉ ဦးအတွက် ပညာသင်ထောက်ပံ့ကြေးနှင့် သင်ထောက်ကူပစ္စည်း စုစုပေါင်းငွေကျပ် ၉၅၀၅၉၀၀ ကို ပေးအပ်ပြီး ထူးချွန်ဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သူ တစ်ဦးအား ဆုချီးမြှင့်ပေးအပ်စဉ်။

# ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ထန်းတပင်မြို့နယ်ဦးစီးမှူးရုံး အဆောက်အဦသစ်ဖွင့်လှစ်ပေး

**ရန်ကုန် နိုဝင်ဘာ ၇**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးသစ် အဆောက်အဦဖွင့်ပွဲကို နိုဝင်ဘာ ၆ ရက် မွန်းလွဲပိုင်းက အမှတ်(၂) ရပ်ကွက်ရှိ အဆိုပါရုံးသစ်အဆောက်အဦတွင် ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများက တက်ရောက်ဖွင့်လှစ်ပေးကြကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဒေါ်မိုးမိုးစုကြည်တို့က ရုံးသစ်အဆောက်အဦကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရုံးသစ်အဆောက်အဦ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့ကြကာ ကမ္ပည်းမော်ကွန်းစာကို အမှတ်တရ ဓာတ်ပုံရိုက်ကူး... 



အဆိုပါ ရုံးသစ်အဆောက်အဦကို ၂၀၂၀ ပြည့်နှစ် မတ် ၁၂ ရက်မှ စတင်၍ ပြည်ထောင်စုအစိုးရ ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၆၈၀ ဖြင့် အလျား ၄၆ ပေ၊ အနံပေ ၇၀ နှင့်အမြင့် ၁၂ ပေ RC တစ်ထပ်အဆောက်အဦကို Shwe Yadanar Myanmar Construction Co.,Ltd က တာဝန်ယူဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်းသိရပြီး ဖွင့်ပွဲသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ၊ ထန်းတပင်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

# မန္တလေးတိုင်းဒေသကြီးအတွင်း ကျင်းပမည့် ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူ ၄၉ သိန်းကျော်အတွက် မဲရုံ ၅၄၀၀ ကျော် ဖွင့်လှစ်ထားရှိ

**မန္တလေး နိုဝင်ဘာ ၇**

၂၀၂၀ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအတွင်းမှ မဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင် ၄၉၄၀၅၉၂ ဦးအတွက် မဲရုံပေါင်း ၅၄၄၇ ရုံ ဖွင့်လှစ်ထားရှိကြောင်း မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး စာရင်းများအရ သိရသည်။

**လမ်းညွှန်ချက်များနှင့်အညီပြင်ဆင်ထား**

အဆိုပါ မဲဆန္ဒရှင်ပြည်သူများအနက် မန္တလေးခရိုင်အတွင်း၌ မဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင် ၁၂၇၅၃၇၀ ရှိပြီး ၎င်းတို့အတွက် မဲရုံပေါင်း ၆၇၉ ရုံ ဖွင့်လှစ်ထားရှိကာ တိုင်းဒေသကြီးအတွင်းရှိ မဲရုံများတွင် မဲဆန္ဒရှင် ပြည်သူများ ဘေးကင်းလုံခြုံစွာ မဲပေးနိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ပြင်ဆင်ထားရှိကြောင်း သိရသည်။

"မဲပေးတဲ့နေ့မှာ မဲရုံတွေကိုလာတဲ့ မဲဆန္ဒရှင်ပြည်သူတွေ ကိုဗစ်-၁၉ ရောဂါကာကွယ်နိုင်ဖို့အတွက် ကိုဗစ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးကော်မတီက ပေးထားတဲ့ KN- 95 Mask တွေကို ဖြန့်ဝေပေးသွားမှာပါ။ မဲရုံမဝင်ခင်မှာ အပူချိန်တိုင်းတာတွေ၊ လက်သန့်ဆေးရည်နဲ့ လက်ဆေးတာတွေ၊ တစ်ဦးနဲ့တစ်ဦး Social Distancing နဲ့အညီ မဲပေးဖို့စီစဉ်ထားတယ်။ မဲရုံမှူးနဲ့ မဲရုံဝန်ထမ်းတွေအတွက်လည်း ကျန်းမာရေးနဲ့ ပတ်သက်တဲ့ ကာကွယ်ရေးပစ္စည်းတွေ အပြည့်အစုံပေးထားပါတယ်။ မဲရုံဖွင့်ချိန် နံနက် ၆ နာရီကနေ ညနေ ၄ နာရီအထိ မဲရုံဧရိယာအတွင်းမှာ သက်ဆိုင်ရာအထူးရဲတွေနဲ့ ဇုန်တွေမှာလည်း ရဲတပ်ဖွဲ့တွေချထားပြီး လုံခြုံရေးတွေဆောင်ရွက်ထားတာ ဖြစ်ပါတယ်။ ဒါကြောင့် မဲဆန္ဒရှင်ပြည်သူတွေအနေနဲ့ ယုံယုံကြည်ကြည် ရဲရဲတင်းတင်းနဲ့ လာရောက်မဲပေးကြဖို့ ပြောကြားလိုပါတယ်"ဟု မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးရှိန်ဝင်းက ပြောသည်။

**ဝင်ရောက်ယှဉ်ပြိုင်အရွေးခံကြမည်**

ယခုကျင်းပမည့်ရွေးကောက်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအတွင်း ပါတီပေါင်း ၁၉ ခုနှင့် တစ်သီးပုဂ္ဂလတို့မှ လွှတ်တော်ကိုယ်စားလှယ်လောင်း ၄၄၆ ဦး ဝင်ရောက်ယှဉ်ပြိုင်အရွေးခံကြမည်ဖြစ်ပြီး ၎င်းတို့အနက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာအတွက် ၁၃၈ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နေရာအတွက် ၄၁ ဦး၊ တိုင်းဒေသကြီး အမှတ် (၁) လွှတ်တော်ကိုယ်စားလှယ်နေရာအတွက် ၁၃၂ ဦး၊ တိုင်းဒေသကြီး အမှတ် (၂) လွှတ်တော်ကိုယ်စားလှယ်နေရာအတွက် ၁၃၁ ဦး နှင့် ရှမ်းတိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်နေရာအတွက် လေးဦးတို့ ဝင်ရောက်ယှဉ်ပြိုင်အရွေးခံကြမည် ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

❑ ရှေ့ဖုံးမှ

ဆက်လက်၍လည်း မလေးရှားနိုင်ငံရောက် အထောက်အထားမဲ့ မြန်မာနိုင်ငံသားများနှင့် အကြောင်းအမျိုးမျိုးကြောင့် မလေးရှားနိုင်ငံရှိ ထိန်းသိမ်းရေးစခန်းများတွင် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည့် မြန်မာနိုင်ငံသားများအား နိုင်ငံသားဖြစ်တည်မှု မှန်ကန်ကြောင်း အထောက်အထားများ စိစစ်လျက် မြန်မာနိုင်ငံသို့ ကယ်ဆယ်ရေးလေယာဉ်များဖြင့် ဆောလျင်စွာ ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုများနှင့်အညီ ကွာလာလမ်ပူမြို့ မြန်မာသံရုံးအနေဖြင့် မလေးရှားနိုင်ငံရှိ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် နီးကပ်စွာ ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ထူးခြားသည့် ညအပူချိန်များနှင့် မှတ်သားဖွယ်ရာမိုးရေချိန်များ

**နေပြည်တော် နိုဝင်ဘာ ၇**

ထူးခြားသည့်ညအပူချိန်များမှာ ဟားခါးမြို့တွင် ၆ ဒီဂရီစင်တီဂရိတ်၊ မိုးကုတ်မြို့တွင် ၈ ဒီဂရီစင်တီဂရိတ်နှင့် မင်းတပ်မြို့တွင် ၁၀ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ဟိုင်းကြီးကျွန်းမြို့တွင် ၀ ဒသမ ၉၁ လက်မ၊ ရွှေကျင်မြို့တွင် ၀ ဒသမ ၈၃ လက်မ၊ ညောင်တုန်းမြို့တွင် ၀ ဒသမ ၄၈ လက်မ၊ မဒေါက်မြို့တွင် ၀ ဒသမ ၃၂ လက်မနှင့် ညောင်လေးပင်မြို့နှင့် သိမ်ဇရပ်မြို့တို့တွင် ၀ ဒသမ ၂၄ လက်မစီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# ရောဝတီစင်တာ(မန္တလေး)သို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် လာရောက်ကြည့်ရှုအားပေးခဲ့ပြီး နိုဝင်ဘာ ၇ ရက်ညနေပိုင်းတွင် စတင်ဖွင့်လှစ်



**နေပြည်တော် နိုဝင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်သည် နိုဝင်ဘာ ၇ ရက်က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် တည်ဆောက်ပြီးစီးသွားသော ကိုဗစ်ကုသရေး ရောဝတီစင်တာ (မန္တလေး) သို့ လာရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ထမ်းဆောင်ကြမည့် ဆရာဝန်၊ သူနာပြုများ၊ စေတနာ့ဝန်ထမ်းများကို တွေ့ဆုံအားပေးခဲ့သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ရောဝတီစင်တာအတွင်း လိုက်လံကြည့်ရှုပြီး ရောဝတီဖောင်ဒေးရှင်း တာဝန်ရှိသူများက ဆောင်ရွက်ထားမှုများအား ရှင်းလင်းတင်ပြသည်။ ရောဝတီစင်တာ(မန္တလေး)ကို နိုဝင်ဘာ ၇ ရက်ညနေပိုင်းတွင် စတင်ဖွင့်လှစ်ခဲ့ပြီး ICU/HDU ခုတင် ၁၀၀ နှင့် Test and Care စင်တာတို့ကို မကြာမီရက်ပိုင်းအတွင်း ထပ်မံဖွင့်လှစ်သွားမည်ဖြစ်သည်။ ခုတင် ၃၀၀ ဆံ့ ကိုဗစ်ရောဂါကုသရေးဌာန (ချမ်းမြသာစည်) ရောဝတီစင်တာကို အောက်တိုဘာလကုန်ပိုင်းတွင် စတင်တည်ဆောက်ခဲ့ပြီး နိုဝင်ဘာ ၇ ရက်တွင် လူနာများ စတင်လက်ခံနိုင်ခဲ့ခြင်းဖြစ်သည်။ ရောဝတီစင်တာ (မန္တလေး) တွင် ရောဂါကုသမှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ကာ ကျန်းမာရေးဝန်ထမ်း၊ စေတနာ့ဝန်ထမ်းများနှင့် ရောဂါကုသမှုခံယူမည့် လူနာများ၏ နေ့စဉ်အစားအသောက်များကို ရောဝတီဖောင်ဒေးရှင်းက တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်သည်။

ရောဝတီ ဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားကတည်းက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှုကို ခံယူကာ ကူညီဆောင်ရွက်ပေးလျက်ရှိပြီး ရန်ကုန်မြို့တွင်လည်း ကိုဗစ်-၁၉ ရောဂါကုသရေးရောဝတီစင်တာကို တည်ဆောက် ဆောင်ရွက်ပေးလျက်ရှိကာ ရောဂါကူးစက်ခံထားရသည့်လူနာများ အပြင် အရေးပေါ်လူနာများအား ကုသပေးနိုင်မည့် ICU နှင့် HDU စင်တာများကိုလည်း ထည့်သွင်းဆောက်လုပ်ထားသည်။

**ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-ကိုမိုး**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ် အထွေထွေရွေးကောက်ပွဲအတွက် လားရှိုးမြို့၌ ကြိုတင်မဲပေး

**လားရှိုး နိုဝင်ဘာ ၇**

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်သည် ၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် လားရှိုးမြို့၌ နိုဝင်ဘာ ၇ ရက် နံနက် ၁၀နာရီ က နေထိုင်ရာ ရပ်ကွက်ဖြစ်သော ရပ်ကွက်(၁၀) ရပ်ကွက် ကျေးရွာကော်မရှင်အဖွဲ့ခွဲရုံး မဲရုံ၌ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ လာရောက်၍ ကြိုတင်ဆန္ဒမဲပေးခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်သည် ၂၀၁၅ ခုနှစ်က ၎င်း၏ မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ကာ ပြည်နယ်ဝန်ကြီးချုပ်ဖြစ်လာခဲ့သူဖြစ်ပြီး ယခု ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင်လည်း အဆိုပါ ဝန်ကြီးချုပ် နေထိုင်ရာ ရပ်ကွက်(၁၀)ရှိ မဲဆန္ဒနယ်အမှတ်(၂)မှ ပြန်လည်ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

လားရှိုးမြို့နယ်အနေဖြင့် ရပ်ကွက်(၁၂) ရပ်ကွက် ကျေးရွာ ၇၀ နှင့် မဲရုံပေါင်း ၁၄၅ ရုံဖြင့် ရွေးကောက်ပွဲကျင်းပမည်ဖြစ်ကာ မဲရုံ ငါးရုံမှာ ကျင်းပခြင်းမရှိနိုင်ကြောင်း သိရသည်။ လားရှိုးမြို့နယ်တစ်ခုလုံးအနေဖြင့် ရွေးကောက်ပွဲကော်မရှင်က တတိယအကြိမ်ကြေညာချက်များအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၂၂၀၃၉၉ ဦးရှိပြီး ပါတီကိုးခုမှ ကိုယ်စားလှယ် ၃၇ ဦး လွတ်တော်အသီးသီးမှ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ် ကြိုတင်မဲလာရောက်ထည့်သော ရပ်ကွက်(၁၀) ၌ မဲရုံလေးရုံရှိပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၈၈၉၀ ရှိကြောင်း မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲထံမှ သိရသည်။

လားရှိုးမြို့နယ် ကော်မရှင်အဖွဲ့ခွဲထံသို့လည်း နိုင်ငံရပ်ခြား၊ တပ်မတော်တပ်ရင်းတပ်ဖွဲ့တို့၏ ကြိုတင်ဆန္ဒမဲများ ၁၀၀၀၀ ခန့် ရောက်ရှိနေပြီးဖြစ်ကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးစိုင်းဇော်မင်းထံမှ သိရှိရကာ အဆိုပါကြိုတင်မဲများကို နိုဝင်ဘာ ၈ ရက် ညနေ ၄ နာရီတွင် လားရှိုးမြို့မြို့တော်ခန်းမ၌ ပါတီကိုယ်စားလှယ်များ၊ စောင့်ကြည့်လေ့လာသူများရှေ့၌ ဖွင့်ဖောက်ရေတွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဟန်ဌေး(လားရှိုး)**



၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲ အတွက် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ် ကြိုတင်ဆန္ဒမဲ ပုံးထဲသို့ ဆန္ဒမဲလက်မှတ် ထည့်သွင်းစဉ်။

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ မကာအိုဒေသရှိ မကာအို-မြန်မာ ချစ်ကြည်ရေးအသင်း၊ မကာအို-မြန်မာကုန်သည်ကြီးများအသင်းနှင့် မကာအို Wong Clansmen အသင်းတို့က မြန်မာနိုင်ငံအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးပစ္စည်းများလှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၇**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ မကာအိုဒေသရှိ မကာအို-မြန်မာ ချစ်ကြည်ရေးအသင်း၊ မကာအို-မြန်မာကုန်သည်ကြီးများအသင်းနှင့် မကာအို Wong Clansmen အသင်းတို့က မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများတွင် အသုံးပြုရန်အတွက် နှာခေါင်းစည်းများ၊ ဆေးပစ္စည်းကိရိယာများနှင့် ကိုဗစ်-၁၉ ရောဂါစစ်ဆေးသည့် Test Kits များ လှူဒါန်းခြင်းအခမ်းအနားကို နိုဝင်ဘာ ၃ ရက် မွန်းလွဲ ၃ နာရီတွင် ပေကျင်းမြို့ မြန်မာသံရုံး၌ ကျင်းပသည်။



အခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးသန့်ဖေက မြန်မာနိုင်ငံအတွက် ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်သည့် ဆေးဘက်ဆိုင်ရာပစ္စည်းများ လှူဒါန်းကြရန် စီစဉ်ခဲ့ခြင်းနှင့် မြန်မာနိုင်ငံသို့ ပေးပို့သွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားခဲ့ပြီး မကာအို-မြန်မာ ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ Mr. Huang Qiong Cheng နှင့် မကာအို-မြန်မာကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌ Mr. Huang Delai တို့က လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြန်မာသံအမတ်ကြီး ဦးမျိုးသန့်ဖေက ကျေးဇူးတင်စကား ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ မကာအိုဒေသ မကာအို - မြန်မာ ချစ်ကြည်ရေးအသင်း၊ မကာအို-မြန်မာကုန်သည်ကြီးများအသင်းနှင့် မကာအို Wong Clansmen အသင်းတို့က ပေးအပ်လှူဒါန်းသည့် နှာခေါင်းစည်းများ၊ ကိုဗစ်-၁၉ နှင့် ပတ်သက်သည့် ဆေးဘက်ဆိုင်ရာပစ္စည်းများ၊ ကိုဗစ်-၁၉ ရောဂါ စစ်ဆေးသည့် Test Kits များအား မြန်မာနိုင်ငံ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး၊ အမျိုးသားအဆင့် ဗဟိုကော်မတီသို့ ဆက်လက်ပို့ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# စတုတ္ထအကြိမ် မြစိမ်းရောင်စီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ထုတ်ချေး

**နေပြည်တော် နိုဝင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ်တွင် ကိုဗစ်-၁၉ ကာလအတွင်း ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေး အခက်အခဲများကို ကုစားပေးနိုင်ရန်အတွက် မြစိမ်းရောင်စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများကို ထုံကတင်ကျေးရွာအုပ်စု နောင်ကတ်သစ်ကျေးရွာ၌ နိုဝင်ဘာ ၆ ရက်က ထုတ်ချေးပေးခဲ့ကြောင်း ယင်းဦးစီးဌာနမှ သိရသည်။

နောင်ကတ်သစ်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၇ – ၂၀၁၈ ဘဏ္ဍာရေးနှစ်က ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ ယခု စတုတ္ထနှစ်စက်ဝန်းအဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်မည့်သူ ၄၀ အတွက် ငွေကျပ် ၁၁၈ သိန်း၊ မွေးမြူရေးလုပ်ကိုင်မည့်သူ ၇၁ ဦးအတွက် ငွေကျပ်သိန်း ၂၁၀၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်မည့်သူ နှစ်ဦးအတွက် ငွေကျပ် ၁၀ သိန်း စုစုပေါင်းအသင်းဝင် ၁၁၃ ဦးအား စီမံကိန်းရန်ပုံငွေကျပ် ၃၃၈ သိန်းကို အတိုးနှုန်းပြား ၅၀ ဖြင့် ထုတ်ချေးပေးခဲ့ကြောင်း တမူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဒေါ်နွယ်နွယ်ထွန်းထံမှ သိရသည်။

ထိုကဲ့သို့ ထုတ်ချေးပေးရာတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် လူစုလူဝေးမဖြစ်စေရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်စေကာ ပြန်လည်ထုတ်ချေးပေးနေမှုကို တမူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တာဝန်ရှိသူများနှင့်ဝန်ထမ်းများက ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**လျှံပီး(သတင်းစဉ်)**

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် ရွှေဘိုမြို့နယ် ကျေးရွာလေးရွာရှိ မဲရုံများတွင် မိဘပြည်သူများ စိတ်ချမ်းမြေ့လုံခြုံစွာ ဆန္ဒမဲပေးနိုင်ရေး ကြည့်ရှုစစ်ဆေး

ရွှေဘို နိုဝင်ဘာ ၇

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်သည် ရွှေဘိုခရိုင်/မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများနှင့်အတူ ယနေ့နံနက် ၁၀ နာရီက ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် ရွှေဘိုမြို့နယ် ဇီးဖြူကုန်းကျေးရွာ အထက်တန်းကျောင်း (ခွဲ) ရှိ မဲရုံ၊ သီးလုံးကျေးရွာ အလယ်တန်းကျောင်း(ခွဲ) မဲရုံ၊ ဇီးကုန်းကျေးရွာ အလယ်တန်းကျောင်း မဲရုံ နှင့် အုတ်ရှစ် ကန်ကျေးရွာအုပ်စု သပြေကျေးရွာ အမကကျောင်းမဲရုံ စသည့်ကျေးရွာလေးရွာရှိ မဲရုံများတွင် အသက် (၁၈) နှစ်ပြည့်ပြီးသော မဲဆန္ဒရှင်ပြည်သူများ စိတ်ချမ်းမြေ့လုံခြုံစွာ ဆန္ဒမဲပေးနိုင်ရေးတို့ ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ မဲရုံများ၌ ဆန္ဒမဲပေးရာတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က မိဘပြည်သူများအတွက် စိတ်ချမ်းမြေ့လုံခြုံစွာ ဆန္ဒမဲပေးနိုင်ရေး သက်ဆိုင်ရာဌာနများမှ တာဝန်ပေးအပ်ထားသောဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအား တွေ့ဆုံအားပေးစကားပြောကြားကာ ဆန္ဒမဲပေးရာတွင် ကိုဗစ် – ၁၉ ရောဂါ မပြန့်ပွားမကူးစက်ရေးအတွက်လည်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် မိမိတို့ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထုတ်ပြန်ထားသော အမိန့်ညွှန်ကြားချက်များနှင့်အညီ အားလုံး စနစ်တကျ ပူးပေါင်းဆောင်ရွက်ပေးကြရန်နှင့် ပြည်သူများ လွတ်လပ်စွာဆန္ဒမဲပေးနိုင်ရေးကို အထူးအလေးထားဆောင်ရွက်ပေးကြစေရေးနှင့် မဲရုံများလုံခြုံစေရေးအတွက် အထူးသတိထားဆောင်ရွက်ကြရန် ပြောကြားခဲ့ပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထွန်းကိုကို(ပြန်/ဆက်)



စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် ရွှေဘိုမြို့နယ်တွင် မဲဆန္ဒရှင်ပြည်သူများ လုံခြုံစွာမဲပေးနိုင်ရန် ပြင်ဆင်ဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးလှတင့်(မကွေးတိုင်းဒေသကြီးတာဝန်ခံ) မဲရုံများကြည့်ရှုစစ်ဆေး



မကွေး နိုဝင်ဘာ ၇

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးလှတင့် (မကွေးတိုင်းဒေသကြီးတာဝန်ခံ) သည် နိုဝင်ဘာ ၇ ရက် နံနက် ၁၀ နာရီခွဲက မကွေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ မကွေးခရိုင်နှင့် မကွေးမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့မှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များနှင့်အတူ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် မကွေးမြို့နယ်အတွင်းရှိ မဲရုံများ ခင်းကျင်းပြင်ဆင် ဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို လိုက်လံကြည့်ရှု စစ်ဆေးသည်။ (ဝဲပုံ)

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးလှတင့် (မကွေးတိုင်းဒေသကြီးတာဝန်ခံ) သည် မဲရုံတစ်ရုံချင်းအလိုက် မဲဆန္ဒရှင်ပြည်သူများအတွက် ကိုဗစ်–၁၉ ရောဂါကာကွယ်ရေးနည်းလမ်းနှင့်အညီ ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ မဲရုံသုံးပစ္စည်းများ စနစ်တကျ ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ မဲရုံပရဝဏ်အား ကိုဗစ် – ၁၉ ရောဂါ ကန့်သတ်ချက်နှင့်အညီ လိုအပ်သည့် အကျယ်အဝန်း သတ်မှတ်ထားရှိမှု အခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးလှတင့် (မကွေးတိုင်းဒေသကြီးတာဝန်ခံ) က ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအား ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်စေရေးနှင့် မဲရုံလုံခြုံရေးကို အလေးထားဆောင်ရွက်သွားကြစေရေးတို့ကို တာဝန်ရှိသူများအား မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

## မြန်မာ-အိန္ဒိယချစ်ကြည်ရေးစီမံကိန်းဖြင့် ဆောင်ရွက်ပြီးစီးသည့် လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

လဟယ် နိုဝင်ဘာ ၇

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ်အတွင်း နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် အိန္ဒိယသမ္မတနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော မြန်မာ – အိန္ဒိယချစ်ကြည်ရေး စီမံကိန်းဖြင့် အိန္ဒိယနိုင်ငံမှ (စတုတ္ထအကြိမ်) အထောက်အပံ့ငွေကျပ် ၃၀၀ ဒသမ ၀၀၀ သန်းဖြင့် ဆောင်ရွက်ခဲ့သော တံတားအရှည်ပေ ၆၀၊ အကျယ် ၁၄ ပေ တစ်လွှာတစ်ထပ် ဘေလီတံတားနှစ်စင်းဆောင်ရွက်ပြီးစီးမှုကို ခေတ္တနာဂဒေသဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးမှ ဦးစီးအရာရှိ ဦးလေမိုးနှင့်ရုံးအဖွဲ့များက ကွင်းဆင်းစစ်ဆေးရာ လုပ်ငန်းအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ တံတားသည် လဟယ်–ယမ်းကြုံး– ဂမ်းည–လုံဝသိခ် ကြားတွင် တည်ဆောက်ထားပြီး မြန်မာ–အိန္ဒိယချစ်ကြည်ရေးစီမံကိန်းဖြင့် တည်ဆောက်ခဲ့ကြောင်း သိရသည်။ ယင်းတံတား တည်ဆောက်ပေးခြင်းကြောင့် လဟယ်မြို့နယ်အတွင်းရှိ ကျေးရွာ ၁၂ ရွာမှ ဒေသခံပြည်သူတို့၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍမှာ ယခင်ထက်များစွာ အကျိုးပြုနိုင်တော့မည်ဖြစ်ကြောင်း ခေတ္တနာဂဒေသ ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးရဲမင်းထံမှ သိရသည်။

**မွေးကြူဇင်**

# သံဖြူဇရပ်မြို့နယ်၌ ငွေကျပ် ၁၇၇ သန်းကျော် အကုန်အကျခံကာ ကျေးလက်ကုန်ထုတ်လမ်း နှစ်လမ်း ဖောက်လုပ်မည်

နေပြည်တော် နိုဝင်ဘာ ၇

သံဖြူဇရပ်မြို့နယ်တွင် တောင်သူများ၏ စိုက်ပျိုးသီးနှံများ ဈေးကွက်အတွင်းသို့ လွယ်ကူစွာသယ်ယူပို့ဆောင်နိုင်ရန် ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာနှစ်၌ ကျေးလက်ကုန်ထုတ်လမ်း နှစ်လမ်းကို ငွေကျပ် ၁၇၇ သန်းကျော် အကုန်အကျခံကာ ဖောက်လုပ်သွားမည်ဖြစ်ကြောင်း မွန်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်း နှစ်လမ်းကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မူလရန်ပုံငွေဖြင့် ဖောက်လုပ်သွားမည်ဖြစ်ကာ ပင‌ကျေးရွာ ဆားကွင်းကုန်ထုတ်လမ်းကို ငွေကျပ် ၁၂၃ ဒသမ ၁၇၅ သန်းနှင့် အံခဲကျေးရွာ ကျိုက်နဲဘုရား ကုန်ထုတ်လမ်းကို ငွေကျပ် ၅၄ ဒသမ ၃ သန်း အကုန်အကျခံ ဖောက်လုပ်သွားမည်ဖြစ်၍ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လယ်ယာ၊ သားငါးနှင့် ထုတ်ကုန်ဧရိယာ ဧက ၂၈၈၀ နှင့် လူဦးရေ ၁၆၁၉၇ ဦး အကျိုးခံစားခွင့်ရမည် ဖြစ်ကြောင်း သိရသည်။

ကျေးလက် ကုန်ထုတ်လမ်း ဖောက်လုပ်မည့်နေရာများကို ပြည်နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးမောင်၊ ခရိုင်နှင့် မြို့နယ်တာဝန်ရှိသူများ ယမန်နေ့က ကွင်းဆင်းစစ်ဆေးပြီး **(ယာပုံ)** အကျိုးခံစားရမည့် ကျေးရွာသူ၊ ကျေးရွာသားများ၊ တောင်သူများနှင့် တွေ့ဆုံကာ လုပ်ငန်းဆောင်ရွက်စဉ် စောင့်ကြည့်ကြီးကြပ်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းများ အတွက် ကြိုတင်ဆွေးနွေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးကြကြောင်း သိရသည်။ **စိုးဝင်းထွန်း(သတင်းစဉ်)**



# ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်ထဲက ကျန်စစ်သားမင်းကြီးရဲ့ ရှေးဟောင်းအမွေအနှစ်တစ်ခု

ဒေါက်တာအောင်မြင့်ဦး

**ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်ဆိုတာ ရန်ကုန်တက္ကသိုလ်ဝင်းထဲကို အဓိပတိ လမ်းအတိုင်း ဝင်လာရင် ဘွဲ့နှင်းသဘင်ခန်းမ မရောက်ခင် လမ်းရဲ့ ညာဘက် သစ်ပုပ်ပင်ကြီးရဲ့ မလှမ်းမကမ်းမှာရှိတဲ့ ပညာပေါင်းစုံသိုမှီးရာ အထင်ကရနေရာတစ်ခု ဖြစ်ပါတယ်။ ရန်ကုန်တက္ကသိုလ်နဲ့ ပတ်သက်ဆက်နွှယ်ပြီး ပညာရှာမှီးသူတွေဟာ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်ကို အကြိမ်ကြိမ်အခါခါ ရောက်ရှိခဲ့ကြတာဖြစ်ပေမဲ့ ဒီအဆောက်အအုံထဲမှာ ပုဂံခေတ် ကျန်စစ်သားမင်းကြီးရဲ့ အဖိုးမဖြတ်နိုင်တဲ့ ရှေးဟောင်း အမွေအနှစ်စစ်စစ်တစ်ခုရှိတယ်ဆိုတာ သိတဲ့သူ သိပ်များများစားစား မရှိလှပါဘူး။**

### ရန်ကုန်တက္ကသိုလ်နဲ့ ကျန်စစ်သားမင်းကြီး

အခု ဒီအကြောင်းပြောမယ်ဆိုတော့ ရန်ကုန်တက္ကသိုလ်နဲ့ ကျန်စစ်သားမင်းကြီး ဘာဆိုင်လို့လဲလို့ ထင်ကောင်းထင်မိကြပါလိမ့်မယ်။ ရန်ကုန်တက္ကသိုလ် တည်ထောင်ပြီး မကြာခင်ကာလမှာပဲ ကျန်စစ်သားမင်းကြီးရဲ့ ရှေးဟောင်းအမွေအနှစ်ဟာ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်ထဲကို ရောက်ရှိလာခဲ့ပါတယ်။ ဒီအမွေအနှစ်ဟာ ကျန်စစ်သားမင်းကြီး လက်ထက် အေဒီ ၁၁ ရာစုကတည်းကဖြစ်လို့ အခုဆိုရင် နှစ်ပေါင်း တစ်ထောင်နီးပါးရှိပြီဖြစ်တဲ့ ရှေးဟောင်းအမွေအနှစ် စစ်စစ်ဖြစ်ပါတယ်။ ဒီရှေးဟောင်း အမွေအနှစ်ဟာ အခုဆိုရင် ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်ထဲမှာ ရန်ကုန်တက္ကသိုလ်ရဲ့ အဖိုးမဖြတ် နိုင်တဲ့ အမှတ်တရပစ္စည်းတစ်ခု အဖြစ်နဲ့ ခိုင်ခိုင်မာမာ တည်ရှိနေခဲ့ပါပြီ။

ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်ထဲက ကျန်စစ်သားမင်းကြီးရဲ့ အမွေအနှစ်ဟာ ဘယ်လိုအရာမျိုးလဲ၊ ဒီအရာဟာ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်ထဲကို ဘယ်လို ရောက်လာတာလဲ၊ ဒီအရာရဲ့တန်ဖိုးနဲ့ အနှစ်သာရဟာ ဘယ်လောက်ရှိသလဲ .....။ ဒါတွေကို ပြောပြဖို့ လိုမယ်ထင်ပါတယ်။


ရန်ကုန် တက္ကသိုလ်စာကြည့်တိုက်အဆောက်အအုံထဲကို ဝင်လိုက်တယ်ဆိုရင်ပဲ ဝင်ပေါက်ဝရဲ့ ညာဘက် စာငှားကောင်တာဘေးမှာ အင်္ဂတေကိုင်ပြီး စိုက်ထူထားတဲ့ ကျောက်စာတိုင်ကြီးတစ်တိုင်ကို တွေ့မြင်ကြရမှာဖြစ်ပါတယ်။ ဒီကျောက်စာတိုင်ကြီးရဲ့ အရွယ်ပမာဏကတော့ အမြင့် (၇) ပေကျော်နဲ့ အနံ (၃) ပေကျော် ရှိပါတယ်။ ဒီကျောက်စာတိုင်ကြီးဟာ မားမားမတ်မတ် တည်ရှိနေတာဖြစ်ပေမဲ့ သတိမမူဂူမမြင် ဆိုသလို ဒီကျောက်စာတိုင်ကြီးကို သတိမူမိတဲ့သူ အင်မတန်နည်းပါတယ်။

ဒီကျောက်စာတိုင်ကို သတိပြုမိပြီး သေသေချာချာကြည့်လိုက်မယ်ဆိုရင် ကျောက်စာတိုင်မှာ ချိတ်ဆွဲထားတဲ့ "THE STONE INSCRIPTION OF KING KYANSITTHA OF PAGAN (THE 11th CENTURY)" ဆိုတဲ့ ဆိုင်းဘုတ်ငယ်ကလေးကို တွေ့ရမှာဖြစ်ပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်ထောင်နီးပါးက အင်မတန်ရှေးကျတဲ့ ကျောက်စာတိုင်ကြီးဖြစ်ပေမဲ့ နေဒဏ်၊ လေဒဏ်၊ မိုးဒဏ်တွေကင်းလွတ်တဲ့ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက် အဆောက်အအုံထဲမှာ အကောင်းပကတိ တည်ရှိနေပါတယ်။

### ကျောက်စာတွင် ထွင်းထုထားသည့် စာသားများ

ဒီကျောက်စာမှာ ထွင်းထုထားတဲ့စာသားအများစုဟာ နဂိုမူလအတိုင်း ရှိနေပါသေးတယ်။ ကျောက်စာတိုင်ကြီးမှာ ထွင်းထုထားတဲ့ စာတွေဟာ ရှေးဟောင်းမြန်မာစာအက္ခရာတွေနဲ့ ခပ်ဆင်ဆင်တူပေမဲ့ အလွယ်တကူနားလည်နိုင်တဲ့ စာမျိုးတော့ မဟုတ်ပါဘူး။ ကျောက်စာတိုင်ကြီးအကြောင်းကို ဂဃနဏ မသိနိုင်တာရယ်၊ ကျောက်စာတိုင်မှာပါတဲ့စာတွေအကြောင်း ဂဃနဏ မသိနိုင်တာရယ်ကြောင့် ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်ရောက်ဖူးပေမဲ့ ဒီကျောက်စာတိုင်ကြီးကို အမှတ်တမဲ့ ဖြစ်နေခဲ့ကြတာ ဖြစ်ပါတယ်။

တကယ်တမ်းလေ့လာကြည့်တဲ့အခါ ဒီကျောက်စာတိုင်ကြီးဟာ ရှေးဟောင်းအမွေအနှစ် ပစ္စည်းစစ်စစ်ဖြစ်သလို ကျောက်စာနဲ့ပတ်သက်တဲ့အကြောင်းအရာတွေ၊ ဒီကျောက်စာတိုင်ကြီး ရန်ကုန်တက္ကသိုလ်ကို ရောက်ရှိလာခဲ့ပုံတွေဟာ အင်မတန် စိတ်ဝင်စားစရာကောင်းပါတယ်။ အခုအခါမှာ စာတန်းချိတ်ဆွဲထားလို့ ကျန်စစ်သားမင်းကြီးကျောက်စာ ဆိုတာ အလွယ်တကူသိနိုင်ပေမဲ့ ဒီကျောက်စာတိုင်ကြီး အကြောင်း ဇာစ်မြစ်ကို ခြေခြေမြစ်မြစ် မသိရသေးခင်ကတော့ ဒီကျောက်စာတိုင်ကြီးဟာ အဖြေရှာရခက်တဲ့ ပဟေဠိပုစ္ဆာတစ်ပုဒ်ဖြစ်ခဲ့ပါတယ်။



ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်အတွင်းရှိ ကျန်စစ်သားမင်းကြီး၏ ကျောက်စာတိုင်။

ကိုလိုနီခေတ်မှာ ရန်ကုန်တက္ကသိုလ်မတည်ထောင်ခင်က ဒီကျောက်စာတိုင်ကြီးဟာ ရန်ကုန်မြို့ ဖယ်ယာပြတိုက် (Phayre Museum) မှာ ရှိခဲ့ပါတယ်။ ဖယ်ယာပြတိုက်ဟာ အခု ရန်ကုန်ဆေးရုံကြီးနေရာမှာ တိရစ္ဆာန်ရုံနဲ့အတူ တွဲဖက်တည်ရှိခဲ့တာဖြစ်ပါတယ်။ ဗြိတိသျှလူမျိုးတွေဟာ ရှေးဟောင်းအမွေအနှစ်ပစ္စည်းတွေအပေါ်မှာ အလွန်စိတ်ဝင်စားတန်ဖိုးထားတဲ့လူမျိုးဖြစ်တာကြောင့် မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးချိန်မှာ နိုင်ငံတစ်ဝန်းက ရှေးဟောင်းအမွေအနှစ်ပစ္စည်းတွေကို ဖယ်ယာပြတိုက်မှာ စုဆောင်းသိမ်းဆည်းပြသထားခဲ့ပါတယ်။ ဒီကျောက်စာတိုင်ကြီးကိုလည်း မြန်မာနိုင်ငံတစ်နေရာက သယ်ဆောင်လာပြီး ဖယ်ယာပြတိုက်မှာ စိုက်ထူပြသထားခဲ့ပါတယ်။

### ကျောက်စာမင်ကူး ဓာတ်ပုံကိုကြည့်ပြီး အဓိပ္ပာယ် ပြန်ဆိုခဲ့

ဒီကျောက်စာတိုင်ကြီးမှာ ရေးထားတဲ့စာတွေဟာ ရှေးဟောင်းစာတွေဆိုတာသိပေမဲ့ ဖယ်ယာပြတိုက်ကို ရောက်လာချိန်အထိ ဘယ်သူမှမဖတ်နိုင်သေးပါဘူး။ ဒီကျောက်စာတိုင်ကြီးကို ပထမဆုံး ဖတ်ရှုခဲ့တဲ့သူကတော့ လန်ဒန်တက္ကသိုလ် (London University)၊ အရှေ့တိုင်း ပညာလေ့လာရေးကျောင်း (School of Oriental Studies) က ရှေးဟောင်းမွန်နဲ့ပျူ ပါရဂူကြီး ဒေါက်တာ ဘလက်ဒင် (Dr. Charles Otto Blagden) ဖြစ်ပါတယ်။ ဒေါက်တာဘလက်ဒင်ဆိုတာကတော့ ရန်ကုန်တက္ကသိုလ်ရဲ့ ပထမဆုံး မြန်မာလူမျိုးကျောင်းအုပ်ကြီးဖြစ်လာမဲ့ ဆရာကြီးဦးဖေမောင်တင် အင်္ဂလန်နိုင်ငံမှာ သွားရောက်ပညာသင်ယူစဉ်က မွန်နဲ့ပျူရှေးဟောင်းစာတွေကို သင်ပေးခဲ့သူဖြစ်ပါတယ်။

ဒေါက်တာဘလက်ဒင်ဟာ မြန်မာပြည်ကို မရောက်ဖူးဘဲ ကျောက်စာမင်ကူး ဓာတ်ပုံကိုကြည့်ပြီး ဖတ်ရှုအဓိပ္ပာယ် ပြန်ဆိုခဲ့တာ ဖြစ်ပါတယ်။ ဒေါက်တာ ဘလက်ဒင်က ကျောက်စာမှာ ရေးထိုးထားတဲ့စာတွေဟာ ရှေးဟောင်းမွန်ကျောက်စာတွေဖြစ်ကြောင်းနဲ့ ကျောက်စာပါအကြောင်းအရာကို ဖော်ထုတ်ခဲ့ပါတယ်။ ဒေါက်တာဘလက်ဒင်ဟာ သူ့ရဲ့ ဖတ်ရှုရေးသားချက်တွေကို ၁၉၂၀ ပြည့်နှစ်မှာ ပုံနှိပ်ထုတ်ဝေခဲ့တဲ့ Epigraphia Burmanica အတွဲ (၁)၊ အပိုင်း(၂) မှာ ကျောက်စာမင်ကူးဓာတ်ပုံနဲ့တကွ ဖော်ပြခဲ့ပါတယ်။

ဒေါက်တာဘလက်ဒင်ဟာ ဖယ်ယာပြတိုက်ထဲက ဒီကျောက်စာရဲ့ အရေးအက္ခရာနဲ့ အကြောင်းအရာတွေကို ဖော်ထုတ်ဖတ်ရှုနိုင်ခဲ့ပေမဲ့ ကျောက်စာတိုင်ကြီးရဲ့ မူလနေရာကို မသိရှိဘဲ ဖြစ်နေခဲ့ပါတယ်။ ဒါကြောင့်လဲ ဒေါက်တာဘလက်ဒင်က ဒီကျောက်စာတိုင်ကြီးရဲ့ မူလနေရာကို သူမသိပါဘူး (The Original Location of this record is unknown to me) လို့ ရေးသား ခဲ့ပါတယ်။ ဒါပေမဲ့ ကျောက်စာ (ကြောင်းရေ-၄၇) မှာပါတဲ့ "စေတီကျာက်တလင်" ဆိုတဲ့အမည်ကို ထောက်ပြီး အောက်မြန်မာနိုင်ငံ မွန်တို့ဒေသမှာရှိတဲ့ စေတီဘုရားတစ်ဆူဆူဖြစ်နိုင်ကြောင်း၊ ဘယ်ဒေသကဖြစ်တယ်ဆိုတာကိုတော့ အသေအချာ မပြောနိုင်ကြောင်း ဆက်လက်ရေးသားခဲ့ပါတယ်။

*စာမျက်နှာ ၇ သို့*




ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်။




## ဆောင်းပါးရှင် ဒေါက်တာအောင်မြင့်ဦး၏ ကိုယ်ရေးအကျဉ်း

- အမည်ရင်းမှာ အောင်မြင့်ဦးဖြစ်သည်။
- အဖ ဦးသန်းညွန့်၊ အမိ ဒေါ်လှစိန်တို့မှ ၁၉၆၀ ပြည့်နှစ် မေလ ၂၉ ရက်တွင် မွေးဖွားခဲ့သည်။
- အခြေခံပညာကို ၁၉၆၅ ခုနှစ်မှ ၁၉၇၆ ခုနှစ်အထိ အထက(၁) ဒဂုံတွင် သင်ယူခဲ့ပြီး ၁၉၇၉ ခုနှစ်တွင် အမှတ်(၁) ဒေသကောလိပ်မှ လူထုဆက်သွယ်ရေးအတတ်ပညာဒီပလိုမာ(Dip. In Mass Com.)၊ ၁၉၈၁ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ (ဂုဏ်ထူးဘွဲ့) ( BA Hons.)၊ ၁၉၈၉ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ မဟာဝိဇ္ဇာဘွဲ့(MA)၊ ၂၀၀၀ ပြည့်နှစ်တွင် ဂျာမနီနိုင်ငံ Potsdam တက္ကသိုလ်မှ လူမှုဘာသာဗေဒပညာ သွားရောက်သင်ယူမှု၊ ၁၉၉၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် မြန်မာစာပါရဂူ သင်တန်းသားအဖြစ် ရွေးချယ်ခံရပြီး ၂၀၀၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ပထမဆုံး မြန်မာစာ ပါရဂူဘွဲ့ (PhD)၊ ၂၀၀၁ ခုနှစ်တွင် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ပညာရေးစီမံခန့်ခွဲမှု ဒီပလိုမာ (DEM) တို့ကို ရရှိခဲ့သည်။
- ၁၉၈၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၌ လက်ထောက်စာစဉ်နည်းပြအဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၉၃ ခုနှစ်တွင် ပဲခူးဒီဂရီကောလိပ်တွင် လက်ထောက်ကထိကအဖြစ် တာဝန်ထမ်းဆောင်သည်။
- ၂၀၀၅ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ မိတ္ထီလာတက္ကသိုလ် မြန်မာစာဌာနတွင် ပါမောက္ခ၊ ၂၀၀၇ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ ဒဂုံတက္ကသိုလ်၊ မြန်မာစာဌာနတွင် ပါမောက္ခ ၊ ၂၀၀၉ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနတွင် ပါမောက္ခ၊ ၂၀၁၂ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်မင်ဇုတက္ကသိုလ်၌ ဧည့်ပါမောက္ခ၊ ၂၀၁၃ ခုနှစ် ဧပြီလတွင် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနတွင် ပါမောက္ခဌာနမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလတွင် အငြိမ်းစားယူခဲ့သည်။
- ဒေါက်တာအောင်မြင့်ဦး၊ အောင်မြင့်ဦး (ပညာတန်ဆောင်) ကလောင်အမည်များဖြင့် စာပေများရေးသားလျက်ရှိပြီး ၂၀၁၁ ခုနှစ်တွင် " ဘာသာစကားသုတေသန" စာအုပ်ဖြင့် ၂၀၁၀ ပြည့်နှစ်အတွက် အမျိုးသားစာပေဆု(သုတဝိဇ္ဇာ) ရရှိခဲ့သည်။

*စာမျက်နှာ ၆ မှ*

၁၉၃၀ ပြည့်နှစ်ဝန်းကျင်မှာ ယခုရန်ကုန်ဆေးရုံကြီးနေရာမှာရှိတဲ့ တိရစ္ဆာန်ရုံကို ယခု ရန်ကုန်တိရစ္ဆာန်ဥယျာဉ်နေရာကို ပြောင်းရွှေ့လိုက်တဲ့အခါမှာ တိရစ္ဆာန်ရုံနဲ့ တွဲဖက်ထားတဲ့ ဖယ်ယာပြတိုက်ကို ဖျက်သိမ်းလိုက်ပါတယ်။ အဲဒီနေရာမှာ ရှိနေတဲ့ကျောက်စာတိုင်ကြီးကို ရန်ကုန်မြို့အတွင်းဝန်များရုံးမှာ ခေတ္တထားရှိခဲ့ပါတယ်။ ၁၉၃၃ ခုနှစ်လောက်မှာ ရန်ကုန်တက္ကသိုလ်အာဏာပိုင်တွေက ဒီကျောက်စာတိုင်ကြီးကို ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်ထဲကို ရန်ကုန်တက္ကသိုလ်က စရိတ်ခံပြီး သယ်ဆောင်ထားရှိခဲ့ပါတယ်။ အဲဒီအချိန်အထိ ကျောက်စာ တိုင်ကြီးရဲ့ မူလနေရာကိုမသိရှိတဲ့အတွက် မူလနေရာမသိပါ (Place of Origin Unknown) လို့သာ တံဆိပ်တပ်ခဲ့ရပါတယ်။

ရန်ကုန်တက္ကသိုလ်ကိုရောက်ရှိလာတဲ့ မူလနေရာမသိ ဒီကျောက်စာတိုင်ကြီးရဲ့ သဲလွန်စကို ရှာဖွေဖော်ထုတ်နိုင်ခဲ့တဲ့သူကတော့ ရန်ကုန်တက္ကသိုလ်ရဲ့ ကျောင်းအုပ်ကြီး၊ မြန်မာစာဌာနရဲ့ ဖခင်ကြီး ဆရာကြီး ဦးဖေမောင်တင် (၁၈၈၈–၁၉၇၃) ပဲ ဖြစ်ပါတယ်။ ဆရာကြီးဦးဖေမောင်တင်ဟာ ၁၉၃၆ ခုနှစ်၊ ဧပြီလ အားလပ်ရက်မှာ သုဝဏ္ဏဘူမိသထုံမြို့ ဟောင်းတည်ရှိရာလို့ ယူဆရတဲ့ ကေလာသတောင်တစ်ဝိုက်ကို လေ့လာရေးခရီးထွက်ခဲ့ရာက အရက်သည်မ (ရက်ကန်းသည်မ) ရွာ ကိုရောက်ရှိခဲ့ပြီး ရွာရှိလူကြီးသူမတွေနဲ့ စကားလက်ဆုံကျခဲ့ပါတယ်။



ကျန်စစ်သားမင်းကြီးကျောက်စာ။

### ရေးသားဖော်ပြ

ရွာခံလူကြီးတွေကို မေးမြန်းရာက လွန်ခဲ့တဲ့ နှစ်ပေါင်း ၅၀ (၁၈၈၆ ဝန်းကျင်) လောက်က အင်္ဂလိပ်အစိုးရအာဏာပိုင်တွေဟာ ရွာအနီး ကေလာသတောင်ခြေမှာရှိတဲ့ ကျိုက်တလန်းဘုရား (ယခုအခေါ် မြသိန်းတန်ဘုရား) က ရှေးမွန်ဘာသာနဲ့ရေးထိုးထားတဲ့ ကျောက်စာတိုင်ကြီးတစ်ချပ် တူးဖော်ရရှိခဲ့ကြောင်း၊ အဲ့ဒီကျောက်စာတိုင်ကြီးကို ဖောင်ပေါ်တင်ပြီး သင်္ဘောနဲ့ ဆွဲယူသွားကြောင်း၊ ရွာသားတစ်ဦး ရန်ကုန်မြို့ကို ရောက်ရှိတဲ့အခါ အဲဒီကျောက်စာ တိုင်ကြီးကို တိရစ္ဆာန်ရုံမှာတွေ့ခဲ့ကြောင်း ပြောပြကြပါတယ်။ ဒီအကြောင်းကို ဆရာကြီးဦးဖေမောင်တင်က ၁၉၃၈ နှစ်ထုတ် မြန်မာနိုင်ငံသုတေသနအသင်းဂျာနယ် (Journal of the Burma Research Society – JBRS) အတွဲ (၂၈)၊ အပိုင်း(၁) မှာ "အရက်သည်မကုန်းပေါ်မှ ကျန်စစ်သားမင်းကြီး၏ မွန်ကျောက်စာ"(A Mon Inscription by Kyanzittha ) ဆောင်းပါးမှာ ရေးသားဖော်ပြခဲ့ပါတယ်။



ကျိုက်တလန်းစေတီ။

### ကျောက်စာရဲ့ ကွင်းဆက်ကို ရှာဖွေဖော်ထုတ်

ဆရာကြီး ဦးဖေမောင်တင်ဟာ ကျောက်စာရဲ့ ကွင်းဆက်ကို ဆက်လက်ရှာဖွေ ဖော်ထုတ်ခဲ့ရာမှာ ၁၈၉၁ ခုနှစ်၊ ဒီဇင်ဘာလထုတ် "အိန္ဒိယရှေးဟောင်းသုတေသနမှတ်တမ်း" (Indian Antiquary) ပါ ကျောက်စာဝန်ဟောင်းတော်စိန်ခိုရဲ့ "ရာမညဒေသရှေးဟောင်းသုတေသနခရီး" (Archaeological Tour Through Ramannadesa) မှတ်တမ်းဖော်ပြချက်ကို ရည်ညွှန်းနိုင်ခဲ့ပါတယ်။ ဒီမှတ်တမ်းစာမျက်နှာ ၇ မှာ လွန်ခဲ့တဲ့ ၈ နှစ်ခန့်က အရက်သည်မရွာအနီးက ရှေးဟောင်းမွန်ကျောက်စာတစ်တိုင်ကို ရန်ကုန်မြို့ ဖယ်ယာပြတိုက်ကို ယူဆောင်ခဲ့ကြောင်း ဖော်ပြထားပါတယ်။ ဆရာကြီးဦးဖေမောင်တင်ဟာ အရက်သည်မရွာသားတွေရဲ့ပြောကြားချက်နဲ့ ကျောက်စာဝန်ဟောင်းတော်စိန်ခိုရဲ့ မှတ်တမ်းကွင်းဆက်တွေအရ ဖယ်ယာပြတိုက်ကတစ်ဆင့် ရန်ကုန်တက္ကသိုလ်ကို ရောက်ရှိလာတဲ့ ကျောက်စာတိုင်ကြီးဟာ မွန်တို့ဒေသ၊ ကေလာသတောင်ခြေ၊ အရက်သည်မရွာအနီးရှိ ကျိုက်တလန်းဘုရားက ကျောက်စာတိုင်ကြီးဖြစ်ကြောင်း ခိုင်မာတိကျစွာ ဖော်ထုတ်နိုင်ခဲ့ပါတယ်။

ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်ထဲကို ရောက်ရှိနေတဲ့ ရှေးဟောင်းကျောက်စာ တိုင်ကြီးရဲ့ မူလတွေ့ရှိရာနေရာ အရက်သည်မ(ရက်ကန်းသည်မ) ရွာဟာ မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်းကျေးရွာအုပ်စု၊ ကေလာသတောင်ခြေမှာ တည်ရှိပါတယ်။ ကျောက်စာထဲမှာဖော်ပြထားတဲ့ ကျိုက်တလန်းဘုရားကတော့ အရက်သည်မရွာရဲ့ အနောက်ဘက်၊ ဝေပုလ္လတောင်ကုန်းပေါ်မှာ တည်ရှိပါတယ်။ ဒီတောင်ကုန်းဟာ ကေလာသတောင် ဆင်ခြေလျှောက ဆက်လာတဲ့ တောင်ကုန်းဖြစ်ပါတယ်။ ဒီတောင်ကုန်းပေါ်မှာတော့ ပုဂံခေတ်ကတည်းက ကျန်စစ်သားမင်း ပြုပြင်ခဲ့ပြီး ယနေ့တိုင် ခေတ်အဆက်ဆက် ပြုပြင်ထိန်းသိမ်းခဲ့တဲ့ ကျိုက်တလန်းဘုရား (ယခုအခေါ် မြသိန်းတန်ဘုရား) ကို ဖူးတွေ့ရမှာ ဖြစ်ပါတယ်။

ပုဂံပြည့်ရှင် ကျန်စစ်သားမင်းကြီးဟာ မြန်မာသက္ကရာဇ် ၄၄၆ ခုနှစ် (အေဒီ ၁၀၈၄) မှာ ပုဂံထီးနန်းကို ဆက်ခံပြီးတဲ့နောက်မှာ မြန်မာနိုင်ငံတော်ကြီးကို စုစည်းတည်ထောင်ဖို့အတွက် အနယ်နယ်အရပ်ရပ်ကို လှည့်လည်ခဲ့ပါတယ်။ ရာမညဒေသ ကေလာသတစ်ဝိုက်ကို ရောက်ရှိခဲ့တဲ့အခါ ပျက်စီးယိုယွင်းနေတဲ့ ကျိုက်တလန်းစေတီကို တွေ့ရှိခဲ့တဲ့ အတွက် ပြန်လည်ပြုပြင်ခဲ့ပါတယ်။ ဒီစေတီဟာ ကျန်စစ်သားမင်းတွေ့တဲ့အချိန်မှာ ပျက်စီးယိုယွင်းနေပြီဆိုတော့ အလွန်ရှေးကျတဲ့ စေတီတစ်ဆူဆိုတာ မှန်းဆလို့ရနိုင်ပါ တယ်။ ကျန်စစ်သားမင်းကြီးဟာ ဒီစေတီကို ပြုပြင်မွမ်းမံပြီးတဲ့နောက် သူ့ရဲ့ကောင်းမှုကို မွန်ဘာသာနဲ့ ကျောက်စာရေးထိုး မှတ်တမ်းတင်ခဲ့တာ ဖြစ်ပါတယ်။

ကျောက်စာရေးထိုးချိန်ဟာ မြန်မာသက္ကရာဇ် ၄၆၀ ခုနှစ် ဝိသာခ(ကဆုန်) လဆန်း တစ်ဆယ့်သုံးရက် သောကြာနေ့ဖြစ်တယ်လို့ ကျောက်စာမှာ အတိအကျ ဖော်ပြထားပါ တယ်။ ခရစ်နှစ်အားဖြင့် အေဒီ ၁၀၉၈ ခုနှစ် ဧပြီလ ၁၆ ရက် သောကြာနေ့ဖြစ်ပါတယ်။ အခုဆိုရင် ကျောက်စာတိုင်ကြီးရဲ့သက်တမ်းဟာ နှစ်ပေါင်း ၉၂၂ နှစ်ကျော်လာပြီ ဖြစ်ပါတယ်။ ဒီကျောက်စာတိုင်မှာ ရေးထိုးတဲ့ခုနှစ်သက္ကရာဇ်ကို အတိအကျ ဖော်ပြထားတဲ့အတွက် စာပေလေ့လာမှုနဲ့ ယဉ်ကျေးမှုသမိုင်းကြောင်း အတွက် များစွာအထောက်အကူ ပြုလျက်ရှိပါတယ်။ ဒီကျောက်စာတိုင်ကြီးဟာ ၂၀၂၀ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှာ နှစ်ပေါင်း ၁၀၀ ပြည့်တော့မဲ့ ရန်ကုန်တက္ကသိုလ်နဲ့ နှိုင်းယှဉ်မယ်ဆိုရင် နှစ်ပေါင်း ၈၂၀ ကျော် စောတဲ့ ရှေးဟောင်းအမွေအနှစ် တစ်ခုဖြစ်ပါတယ်။

ကျန်စစ်သားမင်းကြီးဟာ သူစိုးစံစဉ်ကာလမှာ ပြည်ထောင်စုကြီးကျယ်ပြန့်ခိုင်မာရေး၊ တိုင်းရင်းသားသွေးစည်းချစ်ကြည်ရေးနဲ့ တိုင်းပြုပြည်ပြုလုပ်ငန်းတွေကို အစွမ်းကုန် ဆောင်ရွက်ခဲ့တဲ့ မင်းကောင်းမင်းမြတ်တစ်ပါး ဖြစ်ပါတယ်။

မြန်မာနိုင်ငံတစ်ဝန်း ကြွချီပြီး တိုင်းပြုပြည်ပြုလုပ်ငန်းတွေကို ဆောင်ရွက်ပြီးတဲ့နောက် မိမိရဲ့ လုပ်ဆောင်ချက်တွေကို မွန်ဘာသာနဲ့ ကျောက်စာရေးထိုး မှတ်တမ်းတင်ခဲ့ပါတယ်။ ပုဂံမှာ မြကန်နဲ့ အလံပုဂံကန်တွေကို တူးဖော်ပြီးတဲ့နောက် မြကန်မွန်ကျောက်စာနဲ့ အလံပုဂံ မွန်ကျောက်စာ၊ သထုံ ကျိုက်တလန်းဘုရားကို ပြုပြင်ပြီးတဲ့နောက် ကျိုက်တလန်း မွန်ကျောက်စာ၊ ကျိုက်တလန်းဘုရားနဲ့ ခရီးမကွာဝေးလှတဲ့ သထုံအလူးကျေးရွာမှာရှိတဲ့ ကျိုက်တဲဘုရားကို ပြုပြင်ပြီးတဲ့နောက် ကျောက်တဲမွန်ကျောက်စာ စတဲ့ ကျောက်စာတွေကို ရေးထိုးစိုက်ထူခဲ့ပါတယ်။ ရွှေစည်းခုံမွန်ကျောက်စာ၊ ပြည်ရွှေဆံတော်မွန်ကျောက်စာ တွေကတော့ တိုင်းသူပြည်သားတွေရဲ့ လိုအင်ကို ဖြည့်ဆည်းပေးမဲ့ ကျန်စစ်သားမင်းကြီး အကြောင်းရေးထားတဲ့ ကျောက်စာတွေ အဖြစ်နဲ့ ထင်ရှားပါတယ်။

*စာမျက်နှာ ၈ သို့*


မအူပင်တက္ကသိုလ် မြန်မာစာဌာနမှကျောင်းသူကျောင်းသားများ ကျောက်စာတိုင်ကြီးကို လာရောက်လေ့လာစဉ်။

**နိုင်ငံတစ်နိုင်ငံ လူမျိုးတစ်မျိုးရဲ့ စာပေလေ့လာမှု၊ ယဉ်ကျေးမှုအစဉ်အလာနဲ့ သမိုင်းကြောင်းလေ့လာမှုတွေအတွက် လွန်ခဲ့တဲ့နှစ်ပေါင်း တစ်ထောင်လောက်က မူလ အထောက်အထား ရဖို့ဆိုတာ သိပ်လွယ်ကူတဲ့အရာ မဟုတ်၊ ဒါပေမဲ့ ဒီအခွင့်အရေးကို ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်ထဲမှာ အလွယ်တကူရရှိနိုင်၊ နိုင်ငံရပ်ခြားတက္ကသိုလ်တွေက ပညာရှင်တွေရောက်ရှိလာတဲ့အခါ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်ကို ပြသဖို့ ခေါ်ဆောင်ရင်း စာကြည့်တိုက်ဝင်ဝင်ချင်းမှာ မားမားမတ်မတ်ရှိနေတဲ့ ကျောက်စာတိုင်ကြီးကိုပြပြီး ဒါတို့နိုင်ငံက လွန်ခဲ့တဲ့နှစ်ပေါင်းတစ်ထောင်လောက်က ရှေးဟောင်းကျောက်စာတိုင်ကြီးနဲ့ ရှေးဟောင်းစာအရေးအသားတွေပါလို့ ရှင်းပြတဲ့အခါ သူတို့ပါးစပ်အဟောင်းသားနဲ့ တအံ့တသြငေးမော ကြည့်ရှုကြရ”**


ရန်ကုန်တက္ကသိုလ်ရှိ သစ်ပုပ်ပင်။

# ရှမ်းပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်းကို ဆက်သွယ်သော ရွှေညောင် - ရပ်စောက် - အင်တော - ကျောက်ဂူ - နောင်ချိုကားလမ်း အဆင့်မြှင့်တင်



**တောင်ကြီး နိုဝင်ဘာ ၇**

ရွှေညောင် – ရပ်စောက် – အင်တော – ကျောက်ဂူ – နောင်ချိုလမ်းသည် ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ရှမ်းပြည်နယ်မြောက်ပိုင်း ဆက်သွယ်သောလမ်းဖြစ်ပြီး ရှမ်းပြည်နယ်တောင်ပိုင်း ရွှေညောင် – ရပ်စောက် – အင်တော –ကျောက်ဂူမှ နောင်ချိုအထိ လမ်းအရှည် ၁၄၅/၀ မိုင်ရှိသည်။

ရှမ်းပြည်နယ်တောင်ပိုင်း လမ်းအပိုင်း တိုးတက်ပြုပြင်ခြင်းကို ပြည်နယ်တောင်ပိုင်း လမ်းဦးစီးဌာနက ဦးဆောင်ပြီး တောင်ကြီးခရိုင်နှင့် လမ်းအထူးအဖွဲ့ (၄) တံတားအထူးအဖွဲ့များက ဆောင်ရွက်ကြသည်။ ရှမ်းပြည်နယ်မြောက်ပိုင်း လမ်းအပိုင်းပြုပြင်ခြင်းလုပ်ငန်းများကို ပြည်နယ်မြောက်ပိုင်း လမ်းဦးစီးဌာနက ဦးဆောင်ပြီး ကျောက်မဲခရိုင် နောင်ချိုမြို့နယ် လမ်းအထူးအဖွဲ့က ဆောင်ရွက်သည်။

ရွှေညောင် – ရပ်စောက် – အင်တော – ကျောက်ဂူ–နောင်ချိုလမ်းသည် ရှမ်းပြည်နယ်တောင်ပိုင်း ရွှေညောင်မြို့နှင့် ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့သို့ ဆက်သွယ်ရာ အရေးပါသောလမ်းကြောင်းဖြစ်သည်။

ယခုအခါ တောင်ကြီးမြို့မှ ရွှေညောင် – ရပ်စောက်–အင်တော – ကျောက်ဂူလမ်းနှင့် ကျောက်ဂူ – နောင်ပိုး–နမ့်လန်လမ်းအတိုင်းသွား၍ လားရှိုးမြို့သို့ ဆက်သွယ်သွားလာနိုင်ပြီ ဖြစ်ပါသည်။

အဆိုပါ လမ်းတစ်လျှောက် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာမှုကြောင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားရေးဘဝများ တိုးတက်မြင့်မားလာတော့မည် ဖြစ်ကြောင်း သိရသည်။

**ခရမ်းစိုးမြင့်**

# ကိုဗစ်–၁၉ ထိန်းချုပ်ရေးကာလ ရန်ကုန်(ဝါးတန်း)–ဒလ ကားကူးဇက်ယာဉ်လမ်း၌ ကုန်စည်နှင့် မော်တော်ယာဉ်များကို ဇက်ရေယာဉ် တစ်စင်းဖြင့် ပြေးဆွဲပေး

**ရန်ကုန် နိုဝင်ဘာ ၇**

ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး (မြစ်ဝကျွန်းပေါ်ဌာနခွဲ)မှ ရန်ကုန် (ဝါးတန်း)–ဒလ ကားကူးဇက်ယာဉ်လမ်း၌ ကိုဗစ်–၁၉ ထိန်းချုပ်ရေး ကာလအတွင်းနှင့် လက်ရှိအချိန်အထိ ကားကူးဇက်ရေယာဉ်တစ်စင်းဖြင့်သာ ကုန်စည်နှင့် မော်တော်ယာဉ်များ အဆင်ပြေစေရေးအတွက် သယ်ယူပို့ဆောင်ပေးလျက်ရှိရာ နိုဝင်ဘာ ၈ ရက် နံနက် ၆ နာရီခွဲမှ ညနေ ၃ နာရီအထိနှင့် နိုဝင်ဘာ ၉ ရက်တွင် မွန်းတည့် ၁၂ နာရီမှ ည ၇ နာရီအထိ ပြေးဆွဲပေးသွားမည်ဖြစ်ပြီး နောက်ပိုင်းကာလတွင် ကုန်စည်နှင့် မော်တော်ယာဉ်များ များပြားလာပါက ကားကူးဇက်ရေယာဉ်နှစ်စင်းဖြင့် ပုံမှန်အချိန်အတိုင်း ပြေးဆွဲပို့ဆောင်ပေးသွားမည် ဖြစ်ကြောင်း မြစ်ဝကျွန်းပေါ်ဌာနခွဲရုံးမှ သိရသည်။

အဆိုပါကားကူးဇက်ယာဉ်လမ်း၌ ကိုဗစ်–၁၉ ရောဂါထိန်းချုပ်ရေးကာလအတွင်း မော်တော်ယာဉ်များ အသွားအလာ ပိတ်ထားမှုကြောင့် ကားကူးဇက်ယာဉ် တစ်စင်းဖြင့်သာ တစ်ရက်လျှင် ခြောက်ခေါက်မှ ကိုးခေါက်အထိ ပြေးဆွဲခဲ့ရကြောင်း၊ ယခုအခါ နေ့စဉ် နံနက် ၆ နာရီခွဲမှ ည ၇ နာရီအထိ အသွားကိုးခေါက်၊ အပြန် ကိုးခေါက်နှုန်းဖြင့် ပြေးဆွဲပေးရာ မော်တော်ယာဉ် အစီးရေ ၂၅၀ ကျော်ခန့် ပို့ဆောင်ပေးခဲ့ကြောင်း၊ မော်တော်ယာဉ်သွားလာမှု များပြားလာပါက ယခင်ပုံမှန်ပြေးဆွဲနေသော ကားကူးဇက်ယာဉ် နှစ်စင်းဖြင့် ပြန်လည်ပြေးဆွဲပေးသွားမည် ဖြစ်ကြောင်း မြစ်ဝကျွန်းပေါ်ဌာနခွဲရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**အသိပေးနှိုးဆော်**

နိုဝင်ဘာ ၈ ရက်တွင် အထွေထွေ ရွေးကောက်ပွဲ ကျင်းပမည်ဖြစ်ရာ ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်အတွင်းရှိ သတ်မှတ်မဲရုံနေရာများမှ ဆန္ဒမဲလက်မှတ်နှင့် မဲရုံသုံး ဆက်စပ်ပစ္စည်းများ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးသို့ သယ်ယူပို့ဆောင်ရာ၌ ကမ်းနားလမ်း (ကွန်ကရစ်လမ်းမကြီး)အား ဖြတ်သန်း အသုံးပြုမည်ဖြစ်သဖြင့် နိုဝင်ဘာ ၈ ရက် ညနေ ၃ နာရီမှ နိုဝင်ဘာ ၉ ရက် မွန်းတည့် ၁၂ နာရီအထိ ကမ်းနားလမ်း (ကွန်ကရစ်လမ်းမကြီး)အား အနောက်ဘက် ကမ်းနား ကွန်ကရစ်လမ်းနှင့် ကြည့်မြင်တိုင် ကမ်းနားလမ်းဆုံမှ အရှေ့ဘက် ပန်းဆိုးတန်းလမ်းဆုံကြားတွင် လမ်းခေတ္တပိတ်ထားမည်ဖြစ်ကြောင်း၊ ယာဉ်မောင်းနှင်နေသူများအနေဖြင့် ခေတ္တလမ်းပိတ်ထားစဉ်ကာလအတွင်း အခြားသင့်လျော်သော လမ်းများမှ မောင်းနှင်သွားလာကြရန် ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှ အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**

# အင်းစိန်မြို့နယ် ကမ်းနားအနောက်ရပ်ကွက်တွင် မဲဆန္ဒရှင်များ အောင်မြင်စွာမဲပေးနိုင်ရေး မဲရုံများပြင်ဆင်ဆောင်ရွက်

**ရန်ကုန် နိုဝင်ဘာ ၇**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်တွင် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် မဲဆန္ဒရှင်ပြည်သူများ အေးချမ်းလုံခြုံဘေးကင်းစွာ ဆန္ဒမဲပေးနိုင်ရေးအတွက် မြို့နယ်တာဝန်ရှိသူများသည် မြို့နယ်အတွင်းရှိ မဲရုံများကို စစ်ဆေးဆောင်ရွက်လျက်ရှိကြရာ နိုဝင်ဘာ ၇ ရက်က အင်းစိန်မြို့နယ် ကမ်းနားအနောက်ရပ်ကွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ တာဝန်ရှိသူများသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ် – ၁၉ ရောဂါ ကြိုတင်ကာကွယ်တားဆီးရေး လုပ်ငန်းလမ်းညွှန်ချက်များနှင့်အညီ ရပ်ကွက်အတွင်းရှိ မဲရုံ ငါးရုံကို စနစ်တကျ ပြင်ဆင်ဆောင်ရွက်လျက်ရှိပြီး မဲရုံအမှတ် (၂) နှင့် အမှတ်(၄) တို့အား အောင်ဇေယျတံတားအောက်၌ ဆောင်ရွက်ထားရှိရာ တာဝန်ရှိသူများက လာရောက်စစ်ဆေးကြကြောင်း ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးဇေယျထွန်းထံမှ သိရသည်။

အင်းစိန်မြို့နယ် ကမ်းနားအနောက်ရပ်ကွက် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၆၂၅၉ ဦးရှိပြီး အင်းစိန်တစ်မြို့နယ်လုံး အနေဖြင့် မဲရုံ ၁၉၆ ရုံနှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၂၃၀၀၀၀ ကျော် ရှိကြောင်း သိရသည်။

**မြင့်ဦး (အင်းစိန်)**




# မလှိုင်၌ ရွေးကောက်ပွဲတွင် သဘာဝဘေးနှင့် မီးဘေးအန္တရာယ်ကာကွယ်ရေး အသင့်စီစဉ်ထား

**မလှိုင် နိုဝင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့တွင် ၂၀၂၀ ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲကျင်းပမည့် နိုဝင်ဘာလ ၈ ရက်တွင် သဘာဝဘေး နှင့် မီးဘေးများ ဖြစ်ပေါ်လာပါက မီးသတ်ဦးစီးဌာနဘက်မှ အသင့်အခြေအနေပြင်ဆင်ဆောင်ရွက်ထားကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

“ရွေးကောက်ပွဲအတွက် နိုဝင်ဘာ ၁ ရက်ကစပြီး မဲရုံတွေနဲ့ မဲရုံအနီးတစ်ဝိုက် အိမ်များကို မီးဘေးအန္တရာယ်မဖြစ်စေဖို့ တစ်အိမ် တက်ဆင်းလိုက်လံစစ်ဆေးထားပါတယ်။ မဲရုံလုံခြုံရေးအတွက်သန္နေမီးသတ် ၁၂ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ ၄၂၀ အသင့်တာဝန်ချထားပါတယ်။ မဲရုံ ၂၁၀ အတွက် တစ်ရုံလျှင်အရန် မီးသတ်နှစ်ဦး စီစဉ်ပေးထားပြီး မဲရုံများအတွက် သဘာဝဘေး၊ မီးဘေးအန္တရာယ်ဖြစ်ပွားလာပါက ချက်ချင်းထွက်ခွာ ဆောင်ရွက်နိုင်ရန် အသင့် အနေအထားစီစဉ်ထားတယ်” ဟု မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇေယျာအောင်က ပြောသည်။ **ဘိုဘို(မလှိုင်)**

*စာမျက်နှာ ၇ မှ*

ကျန်စစ်သားမင်းကြီး မွန်ကျောက်စာတွေ ရေးထိုးခဲ့တဲ့အချိန်မှာ မြန်မာစာအရေး အသား ကျယ်ကျယ်ပြန့်ပြန့် မထွန်းကားသေးပါဘူး။ မြကန်မွန်ကျောက်စာမှာပါတဲ့ “လက်ဆုယ်ခိရိယ်” (လက်ဆွဲချီရေ) ဆိုတဲ့ စာသားကလေးကို အစောဆုံးမြန်မာစာအဖြစ် အမှတ်အသားပြုခဲ့ကြပါတယ်။ ကျန်စစ်သားမင်းကြီးရေးထိုးခဲ့တဲ့ မွန်ကျောက်စာတွေဟာ မြန်မာစာအရေးအသား ဖြစ်ထွန်းမှုအတွက် အရင်းခံအကခ္ခရာတွေ၊ အရင်းခံအရေးအသားတွေဖြစ်တယ်လို့ ဆိုရင်မှားမယ် မထင်ပါဘူး။ ဒါ့အပြင် ကျန်စစ်သားမင်းကြီးရဲ့ မွန်ကျောက်စာတွေဟာ ကျန်စစ်သားမင်းကြီးရဲ့ မွန်–ဗမာ ချစ်ကြည်ရင်းနှီးမှုအတွက် ကြိုးပမ်းဆောင်ရွက်ချက်တွေလည်း ဖြစ်ပါတယ်။ မြန်မာစာအရေးအသားသမိုင်းကြောင်းကို လေ့လာသူတွေဟာ ကျန်စစ်သားမင်းကြီးရဲ့ မွန်ကျောက်စာတွေကို မလေ့လာလို့ မရသလို မြန်မာ့ယဉ်ကျေးမှုနဲ့ မြန်မာ့သမိုင်းကြောင်းကို လေ့လာသူတွေဟာလည်း ဒီကျောက်စာတွေကို ပစ်ပယ်ထားလို့ မရနိုင်ပါဘူး။

ကိုလိုနီခေတ်မှာ ဖယ်ယာပြတိုက်ထဲထားရှိခဲ့တဲ့ ကျန်စစ်သားမင်းကြီးရဲ့ ကျိုက်တလန်း မွန်ကျောက်စာတိုင်ကြီးကို ဖယ်ယာပြတိုက် ဖျက်သိမ်းတဲ့အချိန်မှာ ရန်ကုန်တက္ကသိုလ်အာဏာပိုင်တွေက အမြော်အမြင်ကြီးမားစွာနဲ့ ရန်ကုန်တက္ကသိုလ်ထဲကို ကိုယ့်စရိတ်နဲ့ကိုယ် သယ်ဆောင်လာခဲ့တာ ဖြစ်ပါတယ်။ ရန်ကုန်တက္ကသိုလ်ထဲရောက်လာတော့လည်း စာပေအမွေအနှစ်၊ ယဉ်ကျေးမှုအမွေအနှစ်ဖြစ်ရုံသာမက တိုင်းရင်းသားချစ်ကြည် ရင်းနှီးမှုပြယုဂ်ဖြစ်တဲ့ ဒီကျောက်စာတိုင်ကြီးကို သူ့နဲ့အလိုက်ဖက်ဆုံးဖြစ်တဲ့ ပညာရတနာ ပေါင်းဆုံရာ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်အဆောက်အအုံထဲမှာ ထားရှိခဲ့တာဖြစ်ပါတယ်။ ရှေးဟောင်းအမွေအနှစ်တွေဖြစ်တဲ့ တခြား ရှေးဟောင်းကျောက်စာတိုင်တွေဟာ ကောင်းစွာ ထိန်းသိမ်းထားနိုင်ခြင်း မရှိသေးတဲ့အချိန်မှာ စစ်ဘေးစစ်ဒဏ်တွေ၊ မိုးဒဏ်လေဒဏ်တွေကြောင့် ပျက်စီးဆုံးရှုံးခဲ့ကြရပေမဲ့ ဒီကျောက်စာတိုင်ကြီးကတော့ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်ထဲမှာ မပျက်မစီးဘဲ နဂိုမူလ ထိန်းသိမ်းထားစဉ်ကအတိုင်း မားမားမတ်မတ် တည်ရှိနိုင်ခဲ့တာ ဖြစ်ပါတယ်။

ပညာရပ်နယ်ပယ်မှာ မူလအထောက်အထားဆိုတာ လွန်စွာမှ အရေးကြီးလှပါတယ်။ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးရဲ့ စာပေလေ့လာမှု၊ ယဉ်ကျေးမှုအစဉ်အလာနဲ့ သမိုင်းကြောင်း လေ့လာမှုတွေအတွက် လွန်ခဲ့တဲ့နှစ်ပေါင်း တစ်ထောင်လောက်က မူလအထောက်အထားရဖို့ဆိုတာ သိပ်လွယ်ကူတဲ့အရာ မဟုတ်ပါဘူး။ ဒါပေမယ့် ဒီအခွင့်အရေးကို ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်ထဲမှာ အလွယ်တကူ ရရှိနိုင်ပါတယ်။ နိုင်ငံရပ်ခြား တက္ကသိုလ်တွေက ပညာရှင်တွေရောက်ရှိလာတဲ့အခါ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်ကိုပြသဖို့ ခေါ်ဆောင်ရင်း စာကြည့်တိုက်ဝင်ဝင်ချင်းမှာ မားမားမတ်မတ်ရှိနေတဲ့ ကျောက်စာတိုင်ကြီးကိုပြပြီး ဒါတို့နိုင်ငံက လွန်ခဲ့တဲ့နှစ်ပေါင်းတစ်ထောင်လောက်က ရှေးဟောင်းကျောက်စာတိုင်ကြီးနဲ့ ရှေးဟောင်းစာအရေး အသားတွေပါလို့ ရှင်းပြတဲ့အခါ သူတို့ပါးစပ်အဟောင်းသားနဲ့ တအံ့တသြ ငေးမောကြည့်ရှုကြရပါတယ်။

ဒီလို အလွန်စိတ်ဝင်စားစရာကောင်းပြီး အဖိုးမဖြတ်နိုင်တဲ့ ရှေးဟောင်းအမွေအနှစ်တစ်ရပ် ရန်ကုန်တက္ကသိုလ်ထဲမှာရှိနေတာဟာ ရန်ကုန်တက္ကသိုလ်က ဆရာဆရာမတွေ၊ ကျောင်းသူကျောင်းသားတွေ၊ ဝန်ထမ်းတွေနဲ့ ရန်ကုန်တက္ကသိုလ်နဲ့ မကင်းနိုင်သူတွေအားလုံးအတွက် ဂုဏ်ယူစရာဖြစ်ပါတယ်။ ရန်ကုန်တက္ကသိုလ်မှာ ပညာဆည်းပူးခဲ့ကြသူတွေ၊ ဆည်းပူးနေကြသူတွေ၊ ရန်ကုန်တက္ကသိုလ်ကို ရောက်ဖူးခဲ့ကြသူတွေဟာ ဒီကျောက်စာတိုင်ကြီးအကြောင်း ကောင်းကောင်းမသိဘူးဆိုရင်၊ ဒီကျောက်စာတိုင်ကြီးကို ကောင်းကောင်းမကြည့်ဖူးဘူးဆိုရင် အင်မတန်နှမြောစရာကောင်းလှပါတယ်။ ဒါကြောင့် မကြာခင် ကျရောက်တော့မယ့် ရန်ကုန်တက္ကသိုလ်ရဲ့ ရာပြည့်အခါသမယကို အကြောင်းပြုပြီး ရန်ကုန်တက္ကသိုလ်ထဲကို တစ်ခါတစ်ခေါက်အလည်ရောက်မယ်ဆိုရင်ဖြင့် ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်ထဲက နှစ်ပေါင်းတစ်ထောင်နီးပါးရှိပြီဖြစ်တဲ့ ကျန်စစ်သားမင်းကြီးရဲ့ အမွေအနှစ် ရှေးဟောင်းကျောက်စာတိုင်ကြီးကို လာရောက်ကြည့်ရှုလှည့်ကြပါလို့ ဖိတ်ခေါ်လိုက်ရပါတယ်။ ။

❂ *ကျောဖုံးမှ*

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) | (၈၂၇) ခု | (၅၇) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) | (၃၄၆) ခု | (၁) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၂၆) ခု | (၃၉) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၀၅) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် Gene Xpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၈၆) ခု | (၅၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇၈၆) ခု | (၂၅၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၉,၉၇၃) ခု | (၄၂၂) ဦး |
| **စုစုပေါင်း** | **(၁၅,၁၇၃) ခု** | **(၁,၀၇၁) ဦး** |

- Rapid Antigen Diagnostic Test Kit များဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီးများနှင့် မြို့နယ်များတွင် ဆက်လက်စစ်ဆေးလျက်ရှိပြီး အဆိုပါစစ်ဆေးမှုများတွင် အနံ့မရရှိသူများလည်း ပါဝင်ပါသည်။

**မြန်မာနိုင်ငံတွင် COVID-19 လူနာဖြစ်ပွား၊ သေဆုံးမှုအခြေအနေ**

**(၇-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁၅,၁၇၃) ဦး | (၇၈၀,၅၇၂) ဦး |
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၁,၀၇၁) ဦး | (၆၀,၃၄၈) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၁,၃၈၉) ဦး | (၄၄,၆၆၆) ဦး |
| သေဆုံးလူနာ | (၂၀) ဦး | (၁,၃၉၆) ဦး |

- ယနေ့ သေဆုံးသူ (၂၀) ဦးအနက် ရောဂါအခံရှိသူ (၁၇) ဦးပါဝင်ပါသည်။
- တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID-19 ရောဂါ ကုသရေးဌာနများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၁,၃၈၉) ဦးတွင်-
    - o ပြည်သူ့ဆေးရုံများ - (၃၅၀) ဦး
    - o COVID-19 ရောဂါ ကုသရေးဌာနများ (ရန်ကုန်မြို့) - (၁,၀၃၉) ဦးပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း အသွားအလာကန့်သတ်ထားရှိရာ နေရာများမှ ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက် Negative အဖြေထွက်ရှိခဲ့ပြီး နေအိမ်များတွင် အသွားအလာကန့်သတ်ထားရှိသူ စုစုပေါင်း (၁,၁၃၆)ဦးတွင်-
    - o Hotel Quarantine - (၂၀၀) ဦး
    - o Facility Quarantine - (၁၂၅) ဦး
    - o Community Based Facility Quarantine - (၇၈၂) ဦး
    - o Anosmia Center - (၂၉) ဦး

  ပါဝင်ပြီး ၎င်းတို့အား နေအိမ်များတွင် အသွားအလာ ဆက်လက်ကန့်သတ်ထားရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## ၇-၁၁-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၁၀၀၆၄၆၈၄ | ၆၃၉၂၃၃၀ | ၂၄၂၂၆၁ |
| ၂။ | အိန္ဒိယ | ၈၄၆၄၀၃၂ | ၇၈၁၉၈၈၆ | ၁၂၅၆၃၀ |
| ၃။ | ဘရာဇီး | ၅၆၃၂၅၀၅ | ၅၀၆၄၃၄၄ | ၁၆၂၀၃၅ |
| ၄။ | ရုရှား | ၁၇၅၃၈၃၅ | ၁၃၁၂၉၂၇ | ၃၀၂၅၁ |
| ၅။ | ပြင်သစ် | ၁၆၆၁၈၅၃ | ၁၂၆၃၂၉ | ၃၉၈၆၅ |
| ၆။ | စပိန် | ၁၃၈၈၄၁၁ | စိစစ်ဆဲ | ၃၈၈၃၃ |
| ၇။ | အာဂျင်တီးနား | ၁၂၂၈၈၁၄ | ၁၀၄၂၂၃၇ | ၃၃၁၃၆ |
| ၈။ | ဗြိတိန် | ၁၁၄၆၄၈၄ | စိစစ်ဆဲ | ၄၈၄၇၅ |
| ၉။ | ကိုလံဘီယာ | ၁၁၂၇၇၃၃ | ၁၀၂၀၂၆၃ | ၃၂၄၀၅ |
| ၁၀။ | မက္ကဆီကို | ၉၅၅၁၂၈ | ၇၀၆၂၆၇ | ၉၄၃၂၃ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၇- ၁၁ - ၂၀၂၀

| | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၃၃၈၃၆ | ၃၆၄၄၁၇ | ၁၄၅၄၀ |
| ဖိလစ်ပိုင် | ၃၉၃၉၆၁ | ၃၅၀၂၁၆ | ၄၇၈၅ |
| မြန်မာ | ၆၀၃၄၈ | ၄၄၆၆၆ | ၁၃၉၆ |
| စင်ကာပူ | ၅၈၀၄၅ | ၅၇၉၅၉ | ၂၈ |
| မလေးရှား | ၃၉၃၅၇ | ၂၇၄၀၉ | ၂၈၂ |
| ထိုင်း | ၃၈၃၀ | ၃၆၄၄ | ၆၀ |
| ဗီယက်နမ် | ၁၂၁၂ | ၁၀၇၀ | ၃၅ |
| ကမ္ဘောဒီးယား | ၂၉၄ | ၂၈၈ | ၀ |
| ဘရူနိုင်း | ၁၄၈ | ၁၄၄ | ၃ |
| လာအို | ၂၄ | ၂၃ | ၀ |

## ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းရှိ ရဲမှုထမ်းဟောင်းများအား ရိက္ခာလေးမျိုး ထောက်ပံ့


ရန်ကုန် နိုဝင်ဘာ ၇

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကာလအတွင်း ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်းရှိ ရဲမှုထမ်းဟောင်းများ စားသောက်ရေး အခက်အခဲမရှိစေရန်အတွက် ဆန်၊ ဆီ၊ ဆား၊ပဲ ရိက္ခာလေးမျိုးထောက်ပံ့ပေးအပ်ခြင်းကို ယမန်နေ့က ကမာရွတ်မြို့နယ် မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ်ပြတိုက်ရှိ အုပ်ချုပ်မှုအစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ရှေးဦးစွာ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်ခိုင်က ရဲမှုထမ်းဟောင်းများသို့ ထောက်ပံ့ပေးအပ်ရခြင်းအား ရှင်းလင်းပြောကြားပြီး ရဲမှုထမ်းဟောင်း ၂၃၀ အတွက် ဆန်၊ဆီ၊ဆား၊ပဲ ရိက္ခာလေးမျိုးထောက်ပံ့ပေးအပ်ရာ ရဲမှုထမ်းဟောင်းများကိုယ်စား ရဲတပ်ကြပ်ကြီး သက်မှူး (အငြိမ်းစား)က လက်ခံယူပြီး ရဲမှုထမ်းဟောင်းများကိုယ်စား ရဲအရာခံသန်းထွန်း (အငြိမ်းစား)က ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။ **ရဲပြန်ကြား**

## အမုန်းစကားမပြောရ။

တစ်ပါးသူ၏ လူမျိုး၊ နိုင်ငံ၊ ဘာသာရေး၊ ဒေသ၊ ကျား/မ လိင်ကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာ ခံယူမှု၊ မသန်စွမ်းသူများနှင့် နာတာရှည်ရောဂါဖြင့် ကျန်းမာရေးချို့တဲ့နေသူများကို အကြောင်းမဲ့ဖြစ်စေ၊ ထိခိုက်နာကျင်စေလိုသောကြောင့်ဖြစ်စေ တိုက်ရိုက်တိုက်ခိုက်သော အမုန်းစကားများကို Facebook မှ ပယ်ဖျက်ပါသည်။



◆ *ကျောဖုံးမှ*

မူဆယ်မြို့၌ ကိုဗစ်-၁၉ရောဂါကြိုတင်ကာကွယ်ရေးအတွက် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှစတင်၍ နိုဝင်ဘာလအထိ ၁၁ လကြာမြင့်သည်အထိ ဌာနဆိုင်ရာများ၊ ပရဟိတအသင်းအဖွဲ့များနှင့် ပြည်သူလူထုများဝိုင်းဝန်းပူးပေါင်း၍ အရှိန်အဟုန်မပျက်ဆောင်ရွက်လျက်ရှိကာ ဈေးဆိုင်များနှင့် မြို့နေရာတချို့တွင် မိမိတတ်နိုင်သမျှ နှာခေါင်းစည်းများကို (အခမဲ့)ပေးဝေခြင်း၊ ပြည်သူလူထုများအနေဖြင့်လည်းအပြင်သို့ သွားလာပါက နှာခေါင်းစည်းမဖြစ်မနေတပ်ဆင်သွားလာခြင်းနှင့် ကိုဗစ်-၁၉ရောဂါကူးစက်ပြန့်ပွားခြင်းတို့ကို မိမိကအစ ထိထိ မိမိ ကာကွယ်တားဆီးထိန်းချုပ်နိုင်ရန် စွမ်းစွမ်းတမံလိုက်နာဆောင်ရွက်လျက်ရှိသည်။

မူဆယ်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် တရုတ်နိုင်ငံဘက်မှ ကြိုတင်ကာကွယ်ရေး ပစ္စည်းများ ပေးအပ်လှူဒါန်းခြင်း၊ နေရပ်ပြန်များကို ရောဂါကူးစက်မှု ရှိ မရှိစစ်ဆေးခြင်း၊ ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များအား ကိုဗစ်- ၁၉ ရောဂါစစ်ဆေးခြင်းများ စနစ်တကျပြုလုပ်ပြီး ရောဂါပိုးတွေ့ရှိပါက စနစ်တကျပြန်လည်ကုသပေးခြင်းနှင့် ရောဂါထိန်းချုပ်ကုသရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

**ဆလိုင်းဇန်ရိုးထန်(ပြန်/ဆက်)**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၇-၁၁-၂၀၂၀) ရက်နေ့၊ ညနေ (၄:၀၀)နာရီ

၁။ (၆-၁၁-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ (၁,၃၄၂) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြု လူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | ကမာရွတ် | ၈၉ |
| | | သဃ်န်းကျွန်း | ၆၃ |
| | | သာကေတ | ၆၂ |
| | | အင်းစိန် | ၆၂ |
| | | မြောက်ဥက္ကလာပ | ၅၉ |
| | | မရမ်းကုန်း | ၅၉ |
| | | ရွှေပြည်သာ | ၅၇ |
| | | မင်္ဂလာဒုံ | ၅၅ |
| | | လှည်းကူး | ၄၀ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၃၆ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၃၄ |
| | | တောင်ဥက္ကလာပ | ၃၄ |
| | | ကျောက်တန်း | ၃၀ |
| | | သန်လျင် | ၂၈ |
| | | တာမွေ | ၂၅ |
| | | လမ်းမတော် | ၂၅ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၂၄ |
| | | စမ်းချောင်း | ၂၄ |
| | | လှိုင် | ၂၂ |
| | | ဗဟန်း | ၂၂ |
| | | လှိုင်သာယာ | ၂၀ |
| | | ဒေါပုံ | ၁၈ |
| | | ဒဂုံမြို့သစ် (ဆိပ်ကမ်း) | ၁၇ |
| | | ကြည့်မြင်တိုင် | ၁၆ |
| | | မင်္ဂလာတောင်ညွန့် | ၁၅ |
| | | မှော်ဘီ | ၁၅ |
| | | ရန်ကင်း* | ၁၂ |
| | | အလုံ | ၁၁ |
| | | လသာ | ၉ |
| | | ဒလ | ၉ |
| | | ဒဂုံ | ၆ |
| | | ထန်းတပင် | ၆ |
| | | တွံတေး | ၆ |
| | | ဗိုလ်တထောင် | ၄ |
| | | ကော့မှူး | ၄ |
| | | ပန်းဘဲတန်း | ၄ |
| | | ပုဇွန်တောင် | ၄ |
| | | သုံးခွ | ၃ |
| | | ခရမ်း | ၃ |
| | | တိုက်ကြီး | ၃ |
| | | စုစုပေါင်း | ၁၀၃၅ |
| ၂။ | မန္တလေးတိုင်းဒေသကြီး | ချမ်းအေးသာစံ | ၃၁ |
| | | မဟာအောင်မြေ | ၁၅ |
| | | အောင်မြေသာစံ | ၁၃ |
| | | ပုသိမ်ကြီး | ၆ |
| | | ပြည်ကြီးတံခွန် | ၆ |
| | | အမရပူရ | ၄ |
| | | မြင်းခြံ | ၃ |
| | | ချမ်းမြသာစည် | ၂ |
| | | မလှိုင် | ၂ |
| | | စဉ့်ကိုင် | ၂ |
| | | ကျောက်ပန်းတောင်း | ၁ |
| | | မိတ္ထီလာ | ၁ |
| | | နွားထိုးကြီး | ၁ |
| | | ပြည်ကြီးတံခွန် | ၁ |
| | | တောင်သာ | ၁ |
| | | စုစုပေါင်း | ၈၉ |
| ၃။ | ပဲခူးတိုင်းဒေသကြီး | ပဲခူး | ၃၀ |
| | | ကဝ | ၉ |
| | | ပြည် | ၆ |
| | | သဲကုန်း | ၆ |
| | | နတ္တလင်း | ၅ |
| | | သာယာဝတီ | ၄ |
| | | ဒိုက်ဦး | ၄ |
| | | မိုးညို | ၃ |
| | | ပေါက်ခေါင်း | ၃ |
| | | သနပ်ပင် | ၃ |
| | | ဝေါ | ၃ |
| | | အုတ်တွင်း | ၁ |
| | | တောင်ငူ | ၁ |
| | | ဖြူး | ၁ |
| | | စုစုပေါင်း | ၇၉ |
| ၄။ | ဧရာဝတီတိုင်းဒေသကြီး | မော်လမြိုင်ကျွန်း | ၂၁ |
| | | ရေကြည် | ၁၂ |
| | | ဖျာပုံ | ၄ |
| | | ဒေးဒရဲ | ၄ |
| | | ညောင်တုန်း | ၄ |
| | | မြောင်းမြ | ၃ |
| | | ဓနုဖြူ | ၂ |
| | | ဟင်္သာတ | ၂ |
| | | ကျုံပျော် | ၂ |
| | | အိမ်မဲ | ၁ |
| | | အင်္ဂပူ | ၁ |
| | | ကျိုက်လတ် | ၁ |
| | | ကြံခင်း | ၁ |
| | | ကျောင်းကုန်း | ၁ |
| | | လပွတ္တာ | ၁ |
| | | မအူပင် | ၁ |
| | | ငပုတော | ၁ |
| | | ပန်းတနော် | ၁ |
| | | ဇလွန် | ၁ |
| | | စုစုပေါင်း | ၆၄ |
| ၅။ | စစ်ကိုင်းတိုင်းဒေသကြီး | ကနီ | ၅ |
| | | မုံရွာ | ၄ |
| | | ရေဦး | ၂ |
| | | ကလေး | ၂ |
| | | ကသာ | ၁ |
| | | မင်းကင်း | ၁ |
| | | တမူး | ၁ |
| | | စုစုပေါင်း | ၁၆ |
| ၆။ | မွန်ပြည်နယ် | သထုံ | ၆ |
| | | ပေါင် | ၂ |
| | | မော်လမြိုင် | ၂ |
| | | ကျိုက်ထို | ၁ |
| | | စုစုပေါင်း | ၁၁ |
| ၇။ | ရခိုင်ပြည်နယ် | မြောက်ဦး | ၅ |
| | | မောင်တော | ၂ |
| | | မင်းပြား | ၁ |
| | | စစ်တွေ | ၁ |
| | | သံတွဲ | ၁ |
| | | စုစုပေါင်း | ၁၀ |
| ၈။ | ရှမ်းပြည်နယ် | ရှာင် | ၆ |
| | | တောင်ကြီး | ၃ |
| | | လားရှိုး | ၁ |
| | | စုစုပေါင်း | ၁၀ |
| ၉။ | ကရင်ပြည်နယ် | မြဝတီ | ၆ |
| | | ဘားအံ | ၂ |
| | | စုစုပေါင်း | ၈ |
| ၁၀။ | တနင်္သာရီတိုင်းဒေသကြီး | မြိတ် | ၈ |
| | | စုစုပေါင်း | ၈ |
| ၁၁။ | မကွေးတိုင်းဒေသကြီး | မကွေး | ၁ |
| | | မင်းဘူး | ၁ |
| | | နတ်မောက် | ၁ |
| | | ဆိပ်ဖြူ | ၁ |
| | | ရေနံချောင်း | ၁ |
| | | စုစုပေါင်း | ၅ |
| ၁၂။ | နေပြည်တော် | တပ်ကုန်း | ၂ |
| | | ဇမ္ဗူသီရိ | ၁ |
| | | စုစုပေါင်း | ၃ |
| ၁၃။ | ကယားပြည်နယ် | လွိုင်ကော် | ၃ |
| | | စုစုပေါင်း | ၃ |
| ၁၄။ | ချင်းပြည်နယ် | ဟားခါး | ၁ |
| | | စုစုပေါင်း | ၁ |
| | (၆-၁၁-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | (၁,၃၄၂) ဦး |

* ပြည်ပမှပြန်လည်ရောက်ရှိလာသူတစ်ဦးအား ရန်ကင်းမြို့နယ်၌ အသွားအလာ ကန့်သတ်ထားခြင်း ဖြစ်ပါသည်။

မှတ်ချက်။ (၆-၁၁-၂၀၂၀)ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ ၁,၃၄၂ ဦးတွင် အနံ့မရရှိသူ ၃၃၀ ဦး ပါရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ပြန်လည်စည်ကားလာသော ရန်ကုန်ရွှေပိတောက်ငါးဈေးကြီးတွင် ရေထွက်ကုန်ပစ္စည်းများ အရောင်းအဝယ်ဖြစ်

**ရန်ကုန် နိုဝင်ဘာ ၇**

ကိုဗစ်- ၁၉ ကြောင့် ရန်ကုန်မြို့တွင် စီးပွားရေးလုပ်ငန်းများ အခက်အခဲရှိသော်လည်း ရေချို၊ ရေငန်ရေထွက်ပစ္စည်းများ နေ့စဉ်ငါးဈေးများသို့ ဝင်ရောက်လျက်ရှိရာ ရန်ကုန်မြို့ ရွှေပိတောက်ငါးဈေးကြီးတွင် ထုတ်လုပ်သူနှင့် ရောင်းချသူများ အရောင်းအဝယ် အဆင်ပြေလျက်ရှိသည်။

ထို့အပြင် နိုဝင်ဘာလတွင် ရေထွက်ကုန်စည်စီးဆင်းမှု အဆင်ပြေကာစားသုံးသူတို့အတွက် ကုန်ပစ္စည်းပြတ်လပ်မှုနှင့် ဈေးနှုန်းကြီးမြင့်မှုမရှိကြောင်း သိရသည်။

တရုတ်ပြည်သို့ ရေထွက်ပစ္စည်းဝင်ရောက်မှုအား နိုဝင်ဘာလမှစ၍ ပိတ်ထားရာ ရေချိုလုပ်ငန်းရှင်များနှင့် ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်တို့ ပြည်တွင်းဈေးကွက်သို့ ဖြန့်ဖြူးရာ၌ ကိုဗစ်- ၁၉ ကာလတွင် စီးပွားရေးကျဆင်းချိန်၌ အထိုက်အလျောက် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ကိုဗစ်-၁၉ရောဂါစတင်ကြုံတွေ့ချိန်ကစပြီး ရွှေပိတောက်ငါးဈေးကြီး ပြန်လည်စည်ကားလာချိန်မှာ ငါးဈေးကွက် ပျက်တယ်ဆိုတာ မရှိသေးဘူး။ ပြည်ပကို ငါးပို့လို့မရပေမယ့်ပြည်တွင်းစားသုံးမှုကို ဖြန့်ဖြူးနေတာကြောင့် ကုန်စည်စီးဆင်းမှု အဆင်ပြေနေတာကို တွေ့ရပါတယ်။ အရင်ဈေးမှာ လူမရှိတော့ ရွှေပိတောက်ငါးဈေးကို မသိကြဘူး။ ဈေးပဲရှိတယ် လူမရှိဘူး။ ကိုဗစ်- ၁၉ ကြောင့် ကြည့်မြင်တိုင် စံပြငါးဈေးက ပျံကျဈေးသည်တွေ ဒီဈေးကိုရောက်လာပြီး မူလငါးဒိုင်တွေ ပြန်ရောင်းချကြတာကြောင့် ကျယ်ဝန်းတဲ့ ငါးဈေးကြီးပြန်လည်စည်ကားလာတာကိုအားလုံးဝမ်းသာနေကြတာပါ။ အထူးသဖြင့် ဒီကာလမှ အရောင်းအဝယ်အဆင်ပြေကြလို့ ပီတိဖြစ်နေကြပါတယ်" ဟု ရွှေပိတောက်ငါးဈေးမှ ဈေးသာယာရေး အဖွဲ့ဥက္ကဋ္ဌ ဦးကျင်စောက ပြောသည်။

သီရိမင်္ဂလာ ကုန်စိမ်းဈေးနှင့် ကပ်လျက်ရှိသော ရွှေပိတောက်ငါးဈေးမှာ မြေရှစ်ဧကကျော် ကျယ်ဝန်းပြီးဈေးရုံပေါင်း ရှစ်ရုံတွင် ၁၁ ပေ၊ ၁၈ ပေ ကျယ်သော ဆိုင်ခန်းပေါင်း ၄၀၀ ကျော်ရှိသည်။ ရွှေပိတောက်ငါးဈေးသို့တစ်ရက်လျှင် ရေထွက်ပစ္စည်းတန်ချိန်တစ်သိန်း ခွဲပုံမှန်ဝင်ရောက်လျက်ရှိပြီး ယခုရက်ပိုင်းအတွင်းရေချို၊ ရေငန်ကုန်ပစ္စည်းတစ်ရက်လျှင် ကုန်ချိန် နှစ်သိန်းခန့်တိုးမြင့် ဝင်ရောက်လျက်ရှိရာ ဝယ်လိုအားကောင်းသောကြောင့် ထုတ်ကုန်ပစ္စည်းများ နေ့စဉ်စီးဆင်းလျက်ရှိသည်။

ရွှေပိတောက်ငါးဈေးကြီးတွင် ယာဉ်ရပ်နားရန် နေရာ၊ A မှ H အထိ ဈေးရုံများနှင့် ယာယီပျံကျဆိုင်ခန်းများကို ဖွင့်လှစ်ရောင်းချလျက်ရှိကြောင်း၊ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် လက်ဆေးကန်များ ထားရှိခြင်း၊ အပတ်စဉ်ညပိုင်း၌ ရေကားနှင့် သန့်ရှင်းရေဆောင်ရွက်ခြင်း၊ နှာခေါင်းစည်းများတပ်ဆင်၍ ဈေးရောင်း၊ ဈေးဝယ် ပြုလုပ်လျက်ရှိပြီး နံနက် ၄ နာရီမှ ည ၇ နာရီအထိ ရောင်းချလျက်ရှိကြောင်း သိရသည်။

**သန်းထိုက်**

## ကန့်ဘလူခရိုင် ရဲမှုထမ်းဟောင်းများအား ဒုတိယအကြိမ် ရိက္ခာလေးမျိုးထောက်ပံ့

**ကန့်ဘလူ နိုဝင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမတွင် နိုဝင်ဘာ ၇ ရက်က နယ်မြေခံတပ်မှ ဗိုလ်မှူး ရန်လင်းထွန်း ဦးစီးသောအဖွဲ့က ကန့်ဘလူခရိုင်ရှိ ရဲဝန်ထမ်းဟောင်း ၃၂ ဦးအား ဆန်၊ ဆီ၊ ဆား ကုလားပဲ တစ်ဦးလျှင် ငွေကျပ် ၉၀၀၀ ဖိုးနှုန်းဖြင့် စုစုပေါင်းငွေကျပ် ၂၈၈၀၀၀ ဖိုး ထောက်ပံ့ပေးသည်။

အခမ်းအနားတွင် ခရိုင်ရဲတပ်ဖွဲ့မှ ဒုခရိုင်မှူးရဲမှူး ခင်မောင်သိန်းက အမှာစကားပြောကြားပြီး ဗိုလ်မှူး ရန်လင်းထွန်းက ထောက်ပံ့ပေးရသည့် ရည်ရွယ်ချက် ရှင်းလင်းပြောကြားကြောင်း သိရသည်။

**လူအောင်(ကသာ)**



## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် နိုဝင်ဘာ ၇** – မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်တွင် ညအပူချိန်များ လျော့နည်းနိုင်သည်။ နေပြည်တော်နှင့် အနီး တစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။

**မိုး/ဇလ**

## စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်တွင် ငွေကျပ် ၂ ဒသမ ၅၃ ဘီလီယံတန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ



ပုန်းဆွမ်းဒါလ်၊ ကမ်းစွန်းခွါလ် တို့အား ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့် အတူတွေ့ရစဉ်။

**နေပြည်တော် နိုဝင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်၌ ယမန်နေ့က ငွေကျပ် ၂ ဒသမ ၅၃ ဘီလီယံ တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းထုတ်ပြန်ချက်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သတင်းအရ နိုဝင်ဘာ ၆ ရက် နံနက် ၄ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် နတ်ထိပ်ကျေးရွာအနီး ပုလဲ-ဂန့်ဂေါကားလမ်းတွင် မန္တလေးမြို့မှ တမူးမြို့သို့ ရှေ့ပြေးယာဉ်အဖြစ် ကမ်းစွန်းခွါလ် မောင်းနှင်လာသည့် စူပါကယ်ရီယာဉ်နှင့် ပုန်းဆွမ်းဒါလ် မောင်းနှင်လာသည့် ဒေါင်ဖန်းမြေသယ်ယာဉ်တို့ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ပုန်းဆွမ်းဒါလ် မောင်းနှင်လာသည့် မြေသယ်ယာဉ်၏ ကိုယ်ထည်ကြမ်းခင်း အံ့ဝှက်အတွင်းမှ စုစုပေါင်း ငွေကျပ် ၂ ဒသမ ၅၃ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူ ၁၅ ဒသမ ၂၉ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၃၅၆၀၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ပုန်းဆွမ်းဒါလ်နှင့် ကမ်းစွန်းခွါလ် တို့ကို အမှုဖွင့်အရေးယူထားပြီး ကွင်းဆက်တရားခံများ ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ယမန်နေ့က ငွေကျပ် ၁ ဒသမ ၅ ဘီလီယံ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းထုတ်ပြန်ချက်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သတင်းအရ နိုဝင်ဘာ ၆ ရက် နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ကင်းကျေးရွာအနီး ရှောင်-ဟန်မြင့်မိုရ် ကားလမ်းတွင် သန်းဇော် မောင်းနှင်ပြီး နန်းဇင်မာထွန်း လိုက်ပါလာသည့် ယာဉ်ကို စစ်ဆေးရှာဖွေရာ ငွေကျပ် ၁ ဒသမ ၅ ဘီလီယံ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၀၀ နှင့် မြန်မာငွေကျပ် ၁၅၀၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း။

ကွင်းဆက်အရ ည ၈ နာရီခန့်တွင် ဖမ်းဆီးရမိ စိတ်ကြွရူးသွပ်ဆေးပြားများ လက်ခံရယူမည့်သူများဖြစ်သည့် ဇော်ဝင်း (ခ) ကိုရဲ (ခ) အကိုကြီး (ခ) ပီအိုက်လုံ မောင်းနှင်လာပြီး စိုင်းဇော်မင်းဦး(ခ)ကိုစိုင်း လိုက်ပါလာသည့် Crown ယာဉ်ကို ရန်ကုန်မြို့အဝင် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် (၀/၀)အနီးတွင် တပ်ဖွဲ့ဝင်များက ဖမ်းဆီးစဉ် စိုင်းဇော်မင်းဦး(ခ)ကိုစိုင်းကို ဖမ်းဆီးရမိခဲ့ပြီး ဇော်ဝင်း(ခ)ကိုရဲ(ခ)အကိုကြီး (ခ) ပီအိုက်လုံအား လိုက်လံဖမ်းဆီးရာ လည်းကူးမြို့နယ် ဖခမဲကျေးရွာအုပ်စု ဖရုံစုကျေးရွာအနီးတွင် ယာဉ်ကို ရပ်တန့်ထားရှိပြီး တိမ်းရှောင်ထွက်ပြေးသဖြင့် သန်းဇော်၊ နန်းဇင်မာထွန်း၊ စိုင်းဇော်မင်းဦး(ခ) ကိုစိုင်းတို့ကို အမှုဖွင့်အရေးယူထားပြီး ကွင်းဆက်တရားခံများဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ရှာငံ၊ ကွတ်ခိုင်၊ မူဆယ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၇**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၆ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ရှာငံမြို့နယ် ရှာငံ-ကျောက်ဆည် သွားကားလမ်း ကျောက်ဂူပြင်ကျေးရွာအနီးတွင် နိုင်အောင် မောင်းနှင်ပြီး မအေး လိုက်ပါလာသည့်ယာဉ်ကို စစ်ဆေးရှာဖွေရာ ဘိန်းစိမ်း ကိုးကီလို၊ ဘိန်းဆီခဲ ခုနစ်ကီလိုကို လည်းကောင်း။

အလားတူ ယင်းနေ့ မွန်းလွဲ ၂နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကွတ်ခိုင်မြို့နယ် ကွတ်ခိုင်-လားရှိုးသွားကားလမ်း၊ လွိုင်ဆမ်ဆစ် ဂေါက်ကွင်းအနီးတွင် နန်ဆိုင်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၀ ဒသမ ၄၄ ကီလို၊ ကွင်းဆက်အရ တာမိုးညဲမြို့ အမှတ်(၆)ရပ်ကွက်နေ ချောင်ကျုံးဟွေ၏ နေအိမ်သို့ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူ ၀ ဒသမ ၀၂ ကီလိုကို လည်းကောင်း။

ထို့အတူ ယင်းနေ့ နံနက်ပိုင်းက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မူဆယ်မြို့ ကောင်းမူးတုံ ရပ်ကွက် ဆင်ဖြူဈေးအနီးရှိ ဇော်ထူး၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## ပန်နန်းဒင်မြို့ရှိ ဒဖုံဒမ်းကျေးရွာတွင် ကျောင်းဆရာတစ်ဦး ချောင်းအတွင်းမျောပါ

**နောင်မွန် နိုဝင်ဘာ ၇**

ကချင်ပြည်နယ် နောင်မွန်မြို့နယ် ပန်နန်းဒင်မြို့ရှိ ဒဖုံဒမ်းကျေးရွာတွင် လူတစ်ဦး ချောင်းအတွင်းမျောပါခဲ့ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

နောင်မွန်မြို့နယ် ပန်နန်းဒင်မြို့မှ ၄၈ မိုင်ခန့်အကွာ ဒဖုံဒမ်းကျေးရွာအုပ်စုရှိ မဲရုံအမှတ် (၂၂) တွင် တာဝန်ကျသော မဲရုံအဖွဲ့ဝင် (မဲစာရင်းစစ်ဆေးသူ) တဆူထု ကျေးရွာ အခြေခံအလယ်တန်းကျောင်း၌ တာဝန်ကျသူ မိုးညှင်းမြို့နယ်နေ ဦးရဲထွေးအောင် (၂၅ နှစ်) သည် နိုဝင်ဘာ ၆ ရက် ညနေ ၅ နာရီခန့်တွင် ဒဖုံဒမ်းကျေးရွာနှင့် တဆူထုကျေးရွာကြားရှိ ချောင်းတွင် ရေဆင်းချိုးရာမှ ခြေချော်ကျ၍ ချောင်းရေနက်ပိုင်းအတွင်း မျောပါသွားကြောင်း သိရသည်။

အတူပါလာသူများက လိုက်လံရှာဖွေသော်လည်း မတွေ့ရှိရကြောင်းနှင့် ချောင်းအတွင်းမျောပါသွားသော ဆရာ ဦးရဲထွေးအောင်ကို ရှာဖွေတွေ့ရှိနိုင်ရေးအတွက် ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့နှင့် ဒေသခံများက ကြိုးစားနေကြောင်း သိရသည်။

**မြနန်း(ပြန်/ဆက်)**

## ပရီမီယာလိဂ် ပွဲစဉ်(၈) မန်ယူတို့ အဝေးကွင်းတွင် အဲဗာတန်ကို အနိုင်ယူ

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၈)မှ နိုဝင်ဘာ ၇ ရက် အစောဆုံးပွဲစဉ်အဖြစ် အဲဗာတန်နှင့် မန်ယူတို့ ယှဉ်ပြိုင်ကစားခဲ့ရာ သုံးဂိုး-တစ်ဂိုးဖြင့် မန်ယူအသင်း အဝေးကွင်း နိုင်ပွဲရရှိခဲ့သည်။

ယင်းပွဲတွင် အိမ်ရှင် အဲဗာတန်သည် ၄-၃-၃ ကစားကွက်ဖြင့် တိုက်စစ်တွင် ဂျိမ်းစ်ရိုဒရီဂွက်ဇ်၊ လီဝင်နှင့် ဘားနတ်တို့ ပွဲထွက်ခဲ့ပြီး ဧည့်သည် မန်ယူအသင်းသည် ၄-၂-၃-၁ ပုံစံဖြင့် မာရှယ်လ်ကို အထောင်ထားပြီး ပွဲထွက်လာသည်။ ပထမပိုင်း ပွဲချိန် ၁၉မိနစ်တွင် ဘားနတ်က အဲဗာတန်အတွက် ဦးဆောင်ဂိုး သွင်းယူပေးခဲ့ပြီး ၂၅ မိနစ်တွင် ဘရူနိုဖာနန်ဒက်စ်က မန်ယူအတွက် ချေပဂိုးကို ခေါင်းတိုက်သွင်းယူပေးခဲ့သည်။ ပွဲချိန် ၃၂ မိနစ်တွင် ဘရူနိုဖာနန်ဒက်စ်က မန်ယူအတွက် ဦးဆောင်ဂိုး ထပ်မံသွင်းယူပေးခဲ့ပြီး ဒုတိယပိုင်း သာမန်ပွဲကစားချိန် မိနစ် ၉၀ ပြည့်ပြီး နာကျင်အချိန်ပို ငါးမိနစ်တွင် ကာဗာနီက မန်ယူအတွက် တတိယမြောက်ဂိုးကို သွင်းယူပေးခဲ့သည်။ ပရီမီယာလိဂ်ရာသီအစတွင် ဖိအားများဖြင့် ရင်ဆိုင်နေရသည့် နည်းပြဆိုးလ်ရှားနှင့် မန်ယူအသင်းသည် ယနေ့ပွဲအဝေးကွင်း နိုင်ပွဲရရှိခဲ့သည်။ ယင်းပွဲတွင် အိမ်ရှင် အဲဗာတန်က ဘောလုံးပိုင်ဆိုင်မှု အနည်းငယ် အသာစီးရရှိခဲ့ပြီး ဂိုးကန်သွင်းခွင့် ခုနစ်ကြိမ်ရရှိခဲ့ကာ တစ်ကြိမ်သာ ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။ ဧည့်သည် မန်ယူအသင်းသည် ဂိုးကန်သွင်းခွင့် ၁၃ ကြိမ်အထိရရှိကာ ငါးကြိမ်း ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့ သည်။ မန်ယူသည် ယနေ့ပွဲ အနိုင်ရရှိသည့်အတွက် ရမှတ် ၁၀ မှတ်ရရှိခဲ့ပြီး အဲဗာတန်က ၁၃ မှတ် ရရှိထားသည်။

ပရီမီယာလိဂ် ပွဲစဉ်(၈)မှ ပဲလေ့စ်နှင့် လိဒ်ပွဲတွင် လေးဂိုး-တစ်ဂိုးဖြင့် ပဲလေ့စ်အသင်း ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး စနေနေ့နံနက်တွင် ယှဉ်ပြိုင်ခဲ့သည့် ဘရိုက်တန် နှင့် ဘန်လေပွဲတွင် ဂိုးမရှိ သရေကျခဲ့ပြီး ဆောက်သမ်တန်က အိမ်ကွင်းတွင် နယူးကာဆယ်ကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ **သီဟ**

○ *ကျောဖုံးမှ*

အနိုင်ရရှိလျှင် အမှတ်ပေးဇယားကို ဦးဆောင်ခွင့်ပြန်လည်ရရှိမှာဖြစ်သည့်အတွက် အမှားခံမည်မဟုတ်ပေ။ ထိုနည်းတူ မန်စီးတီးအသင်းကလည်း အမှတ်ပေးဇယားအထက်ပိုင်းသို့ တက်လှမ်းနိုင်မည့် အခွင့်အရေးကို လက်လွှတ်ခံမည်မဟုတ်ပေ။

လီဗာပူးအသင်းသည် နောက်ဆုံးသုံးပွဲတွင် ရဂိုး ကိုးဂိုးအထိရှိထားပြီး ပေးဂိုးက ဝက်စ်ဟမ်းအသင်းကို တစ်ဂိုးသာလျှင် ခွင့်ပြုပေးထားခဲ့ရသည်။ သို့သော်လည်း ကာလရှည်ဒဏ်ရာကြောင့် ဗန်ဒိုက်မပါနိုင်သည့် လီဗာပူးခံစစ်က မန်စီးတီးတိုက်စစ်ကို ဟန့်တားနိုင်မလား စိတ်ဝင်စားဖွယ်ရာပင်။ မန်စီးတီးအသင်းက နောက်ဆုံးသုံးပွဲတွင် ခုနစ်ဂိုးအထိရရှိအောင် စွမ်းဆောင်ထားနိုင်သလို အဆိုပါသုံးပွဲစလုံး ပေးဂိုးမရှိအောင်လည်း စွမ်းဆောင်ထားနိုင်သည့် အသင်းဖြစ်သည်။ လီဗာပူးအသင်း ယခုမန်စီးတီးအသင်းနှင့်ပွဲစဉ်ကို ဂျိုတာ၊ ဖာဘင်ဟို၊ ဆာနေးနှင့် ဆာလာတို့ကို တွဲဖက်ကာ ပွဲထွက်လာဖွယ်ရှိနေသည်။ မန်စီးတီးအသင်းသည် ယခုပွဲစဉ်တွင် အသင်း၏ စံချိန်တင်ဂိုးသွင်းရှင် ဆာဂျီယို အဂူရိုပါဝင်လာဖွယ် မရှိချေ။ ထို့အပြင် ဖာနန်ဒင်ဟိုနှင့် ဘင်ဂျမင်မန်ဒီတို့သည်လည်း ယခုပွဲစဉ်ကို ပါဝင်လာနိုင်ဖွယ်မရှိကြောင်း သိရသည်။ လီဗာပူးအသင်းကလည်း သီယာဂို အယ်ကန်တာယာပါဝင်နိုင်ဖွယ်မရှိချေ။ ထို့အပြင် ဖာဘင်ဟို၊ ချန်ဘာလိန်တို့သည်လည်း ယခုပွဲစဉ်ကို ပါဝင်လာနိုင်ဖွယ်မရှိချေ။

ယနေ့ညအတွက် မန်စီးတီးအသင်း၏ ဖြစ်နိုင်ဖွယ်ရာ လူစာရင်းတွင် အီဒါဆင်၊ ဝေါကာ၊ ဒီယက်စ်၊ လာပေါ်တေး၊ ကန်ဆယ်လို၊ ဒီဘရိုင်း၊ ရိုဒရီ၊ ဂန်ဒိုဂန်၊ မာရက်ဇ်၊ ဂျီးဆပ်စ်နှင့် စတားလင်းတို့ကို အသုံးပြုကာ လီဗာပူးအသင်းကို ရင်ဆိုင်လာဖွယ်ရှိနေသည်။ လီဗာပူးအသင်းကလည်း အလစ်ဆန်၊ အလက်ဇန္ဒြားအားနီး၊ မာတစ်၊ ဂိုမက်ဇ်၊ ရော်ဘတ်ဆန်၊ ဟန်ဒါဆန်၊ ဝီဂျနေဒန်၊ ဆာလာ၊ ဖာဘင်ဟို၊ မာနေး၊ ဂျိုတာတို့ကို အသုံးပြုကာ မန်စီးတီးအသင်းကို ရင်ဆိုင်လာဖွယ်ရှိနေသည်။

**အောင်ဇော်**

## နိုင်ငံတကာပြိုင်ပွဲများအပေါ်မူတည်၍ မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်း ပြင်ဆင်မည်

**ရန်ကုန် နိုဝင်ဘာ ၇**

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် လာမည့်နှစ်တွင် ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများအပေါ်မူတည်၍ စခန်းဝင်လေ့ကျင့် ပြင်ဆင်သွားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် လာမည့်နှစ်တွင် အာဆီယံဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲနှင့် ဗီယက်နမ် ဆီးဂိမ်းပြိုင်ပွဲတို့ ဝင်ရောက်ယှဉ်ပြိုင်ရန်ရှိနေပြီး ပြိုင်ပွဲကျင်းပမည့်ကာလအပေါ်မူတည်၍ ပြင်ဆင်သွားမည်ဖြစ်သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် လာမည့်နှစ်တွင် ပြုလုပ်မည့် အာဆီယံဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲ ကျင်းပမည့်ကာလ ထုတ်ပြန်ခြင်းမရှိသေးဘဲ ဆီးဂိမ်းပြိုင်ပွဲကိုမူ နိုဝင်ဘာတတိယပတ်တွင် စတင်ကျင်းပရန် ဗီယက်နမ်အိုလံပစ်ကော်မတီက ထုတ်ပြန်ထားသည်။

ထို့ကြောင့် မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းအနေဖြင့် အာဆီယံဖူဆယ်ပြိုင်ပွဲကျင်းပမည့် ကာလအပေါ်မူတည်၍ စခန်းဝင်လေ့ကျင့်မည်ဖြစ်ပြီး အနည်းဆုံးတစ်လ ပြင်ဆင်ချိန်ရယူဖွယ်ရှိနေသည်။ ထို့ပြင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင် ဖူဆယ်အမျိုးသားအသင်းကို နိုင်ငံခြားသားနည်းပြခန့်အပ်ရန် စီစဉ်ထားပြီး နယ်သာလန်နိုင်ငံသား ဗစ်တာဟာမန်စ်နှင့် သဘောတူညီမှု ရရှိထားသည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ၎င်းအား ယခုနှစ်လယ်ပိုင်းကတည်းက ခန့်အပ်ရန်စီစဉ်ထားသော်လည်း ကပ်ရောဂါအခြေအနေကြောင့်ကြန့်ကြာနေခြင်းဖြစ်ပြီး လက်ရှိအနေအထားအရ နှစ်ကုန်ပိုင်းမှသာ ခန့်အပ်နိုင်ဖွယ်ရှိနေသည်။ မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းမှာလည်း ကိုဗစ်-၁၉ ရောဂါကြောင့် ယခုနှစ်အတွင်း နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ရခြင်းမရှိသေးဘဲ လာမည့်နှစ်မှသာ ပြန်လည်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ဘောလုံးကော်မတီသည် လာမည့်နှစ်တွင် ပြည်တွင်းပြိုင်ပွဲများ တိုးမြှင့်ကျင်းပနိုင်ရန် ဆောင်ရွက်လျက်ရှိပြီး နည်းပြသစ် ဗစ်တာဟာမန်အနေဖြင့် ပြည်တွင်းပွဲများကြည့်ရှုပြီး ကစားသမားများ ရွေးချယ်နိုင်ရန် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ညီမြတ်သော်တာ**

## ၂၀၂၁ ခုနှစ်အတွင်း အဓိကနိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ရမည့် မြန်မာ ယူ-၂၂ အသင်း

**ရန်ကုန် နိုဝင်ဘာ ၇**

မြန်မာ ယူ-၂၂ အသင်းသည် ယခုနှစ်အတွင်း နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ရခြင်းမရှိသော်လည်း ၂၀၂၁ ခုနှစ်အတွင်း အဓိကနိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင် ရမည်ဖြစ်သည်။

မြန်မာ ယူ-၂၂ အသင်းသည် ဆီးဂိမ်းပြိုင်ပွဲအပါအဝင် နိုင်ငံတကာပြိုင်ပွဲနှစ်ခု ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အာဆီယံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် အာဆီယံ ယူ-၂၂ ပြိုင်ပွဲကျင်းပဖြစ်ပါက ပြိုင်ပွဲသုံးခုအထိ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် ယခုနှစ်အတွင်း စခန်းဝင်လေ့ကျင့်နိုင်ခြင်းမရှိဘဲ လာမည့်နှစ်ဆန်းပိုင်းမှသာ အစောဆုံးလေ့ကျင့်နိုင်မည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းယှဉ်ပြိုင်မည့် အာရှ ယူ-၂၃ ခြေစစ်ပွဲနှင့် ၂၀၂၁ ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲကို အောက်တိုဘာ နောက်ပိုင်းမှသာ ယှဉ်ပြိုင်ရမည်ဖြစ်သောကြောင့် အာဆီယံ ယူ-၂၂ ပြိုင်ပွဲသာ မကျင်းပဖြစ်ပါက ပြင်ဆင်ချိန်ရရှိမည်ဖြစ်သည်။ အာဆီယံ ဘောလုံးအဖွဲ့ချုပ်သည် ဆီးဂိမ်းပြိုင်ပွဲကျင်းပသည့်နှစ်များတွင် အာဆီယံ ယူ-၂၂ ပြိုင်ပွဲကို ကျင်းပခြင်းဖြစ်ပြီး လာမည့်နှစ်တွင် ကျင်းပရမည့်နှစ်ဖြစ်သော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါအပေါ်မူတည်၍ အတည်ပြုဖွယ်ရှိနေသည်။ မြန်မာအသင်း ယှဉ်ပြိုင်မည့် အာရှ ယူ-၂၃ ခြေစစ်ပွဲကို အောက်တိုဘာ ၂၃ ရက်မှ ၃၁ ရက်အထိ၊ ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲကို နိုဝင်ဘာ ၂၁ ရက်မှ ဒီဇင်ဘာ ၂ ရက်အထိ ကျင်းပမည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ ယူ-၂၂ အသင်းနည်းပြချုပ်အဖြစ် ဘူဂေးရီးယားနိုင်ငံသား ပိုပေါ့ဗ်ကို ဆက်လက်တာဝန်ပေးမည်ဖြစ်ပြီး ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲတွင် ကြေးတံဆိပ်ရခဲ့သည့်အသင်းမှ အသက်မီသည့်ကစားသမားများ MNL နှင့် လူငယ်လိဂ်များမှ လူငယ်ကစားသမားများဖြင့် ဖွဲ့စည်းမည်ဖြစ်သည်။ နည်းပြချုပ်ပိုပေါ့ဗ်သည် မြန်မာ ယူ-၂၂ အသင်းကို ၂၀၁၉ နှစ်ဆန်းပိုင်းတွင် စတင်ကိုင်တွယ်ခဲ့ပြီး ၂၀၁၉ ခုနှစ်၌ကျင်းပသည့် အာဆီယံ ယူ-၂၂ ပြိုင်ပွဲတွင် အုပ်စုအဆင့်မှထွက်ခဲ့ရကာ အာရှ ယူ-၂၃ ခြေစစ်ပွဲ မအောင်မြင်သော်လည်း ဖိလစ်ပိုင်ဆီးဂိမ်းပြိုင်ပွဲတွင် ကြေးတံဆိပ်ရရှိအောင် စွမ်းဆောင်ပေးခဲ့သည်။

**ညီမြတ်သော်တာ**

# အမေရိကန် အောက်လွှတ်တော် ဥက္ကဋ္ဌနေရာအတွက် ပြန်လည်ရွေးချယ်ခံရရန် နန်စီပယ်လိုစီ ကြိုးစားမည်

**ဝါရှင်တန် နိုဝင်ဘာ ၇**

အမေရိကန်အောက်လွှတ်တော်ဥက္ကဋ္ဌ နန်စီပယ်လိုစီက လာမည့် အစိုးရလက်ထက်တွင် အမေရိကန် အောက်လွှတ်တော်ဥက္ကဋ္ဌနေရာ၌ ပြန်လည်ရွေးချယ်ခံရရေးအတွက် ကြိုးစားယှဉ်ပြိုင်မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

နိုဝင်ဘာ ၆ ရက် နံနက်ပိုင်းက ၎င်း၏လုပ်ဖော်ကိုင်ဖက်များထံသို့ ပို့ခဲ့သည့် ပေးစာတစ်စောင်တွင် နန်စီပယ်လိုစီက အမေရိကန်အောက်လွှတ်တော်နေရာတွင် မိမိပြန်လည်ရွေးချယ်ခံရရန် သင်တို့၏ အားပေးထောက်ခံမှုကို စာရေး၍ တောင်းဆိုရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

အသက် ၈၀ နှစ်ရှိပြီဖြစ်သည့် နန်စီပယ်လိုစီသည် ယခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ကယ်လီဖိုးနီးယားပြည်နယ်၏ (၁၂) ကြိမ်မြောက် ကွန်ဂရက် ခရိုင်ရှိ အောက်လွှတ်တော်၌ ပြန်လည်ရွေးချယ်ခံခဲ့ရသည်။ ဒီမိုကရက်များက အောက်လွှတ်တော်ကို ဆက်လက်ထိန်းထားနိုင်မည်ဟု မျှော်လင့်ရသော်လည်း ၎င်းတို့အနက် အများစုအတွက် နေရာကျဉ်းမြောင်းလာနိုင်သည်ဟု ခန့်မှန်းထားသည်။

အမတ်နေရာ ၁၀၀ ရှိသည့် အထက်လွှတ်တော်ကို မည်သည့်ပါတီက ထိန်းချုပ်နိုင်မည်ကို မသိနိုင်သေးကြောင်း ရီပတ်ဘလစ်ကန်ခေါင်းဆောင်များက နိုဝင်ဘာ ၆ ရက်တွင် ပြောကြားခဲ့သည်။

**ဆင်ဟွာ**



အမေရိကန်အောက်လွှတ်တော်ဥက္ကဋ္ဌ နန်စီပယ်လိုစီ

## ဗြိတိန်တွင် တစ်နေ့တည်း ကိုဗစ်-၁၉ ထပ်မံကူးစက်သူ အရေအတွက် ၂၃၂၈၇ ဦးစံချိန်တင်ရောက်ရှိ


**လန်ဒန် နိုဝင်ဘာ ၇**

ဗြိတိန်တွင် နိုဝင်ဘာ ၆ ရက်က နောက်ထပ် ကိုဗစ်- ၁၉ အတည်ပြုကူးစက်သူ အရေအတွက် ၂၃၂၈၇ ဦးရှိလာကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ အတည်ပြုလူနာအရေအတွက် ၁၁၄၆၄၈၄ ဦး ရှိကြောင်း နိုဝင်ဘာ ၆ ရက်က ထုတ်ပြန်လိုက်သော တရားဝင်အချက်အလက်များအရ သိရသည်။

ဗြိတိန်တွင် ကိုဗစ်-၁၉ နှင့် ဆက်စပ်သေဆုံးသူ အရေအတွက်သည် နောက်ထပ် ၃၅၅ ဦး တိုးလာမှုနှင့် အတူ စုစုပေါင်း ၄၈၄၇၅ ဦး အထိ ရှိလာကြောင်း အချက်အလက်များက ဖော်ပြသည်။

ဗြိတိန်တွင် ကိုဗစ်-၁၉ ကူးစက်နှုန်း ယခင် သီတင်းပတ်ရောဂါကူးစက်နှုန်းနှင့် အတူတူပင်ဖြစ်သည်။ လတ်တလော ဗြိတိန်တွင် ကိုဗစ်-၁၉ ကူးစက်မှုနှုန်း တိုးလာကြောင်း သိရသည်။

နိုဝင်ဘာ ၇ ရက်က လီဗာပူးတွင် အသစ်ဖွင့်လှစ်လိုက်သော ကိုဗစ်-၁၉ စစ်ဆေးရေးဌာနများတွင် ကိုဗစ်-၁၉ စစ်ဆေးရန် တန်းစီနေသူများ ပြည့်လျှံနေသည်။



နိုဝင်ဘာ ၆ ရက်က လီဗာပူးတွင် ကိုဗစ်-၁၉ စစ်ဆေးရန် အာခေါင်တို့ဖတ် နမူနာ ကိုယ်တိုင်ယူနေသူတစ်ဦးကို တွေ့ရစဉ်။

ဗြိတိန်တွင် တစ်လကြာ ကိုဗစ်-၁၉ အသွားအလာကန့်သတ်ပိတ်ဆို့မှုကာလထဲသို့ ဝင်ရောက်လာပြီဖြစ်သည်။ တစ်နိုင်ငံလုံး အသွားအလာကန့်သတ် ပိတ်ဆို့မှုကာလသည် ဒီဇင်ဘာ ၂ ရက်တွင် ပြီးဆုံးမည်ဖြစ်သည်။ ဂျွန်ဆင်က ခရစ်စမတ်ကာလတွင် ပုံမှန်အတိုင်းပြန်လည်ရောက်ရှိရန် မျှော်လင့်ထားသည်။

လူနေမှုဘဝ ပုံမှန်ပြန်လည်ရောက်ရှိရန် ဗြိတိန်၊ တရုတ်၊ ရုရှားနှင့် အမေရိကန်ပြည်ထောင်စု တို့သည် ကိုဗစ်-၁၉ ကာကွယ်ဆေးများ အပြိုင်အဆိုင် ထုတ်လုပ်နိုင်ရန် ကြိုးစားလျက်ရှိသည်။ **ဆင်ဟွာ**

## ယူဘားကုမ္ပဏီက ယခုနှစ်၏ ပထမသုံးလပတ်တွင် အမေရိကန်ဒေါ်လာ ၅ ဒသမ ၈ ဘီလီယံ အရှုံးပြ

**ကယ်လီဖိုးနီးယား နိုဝင်ဘာ ၇**

ကိုဗစ်-၁၉ ရောဂါ ကျရောက်မှုကြောင့် ဖြစ်ပွားသည့် နောက်ဆက်တွဲ ထိခိုက်မှုများကြောင့် ယူဘား(Uber) ကုမ္ပဏီက ဆက်တိုက်အရှုံးပေါ်လျက်ရှိကြောင်း ယခုနှစ်၏တတိယသုံးလပတ် အစီရင်ခံစာတွင် ဖော်ပြထားသည်။ သို့ရာတွင် ယူဘားအနေဖြင့် ၂၀၂၁ ခုနှစ်တွင် အမြတ်ငွေ ပြန်လည်ရှာဖွေနိုင်ရန် ရည်မှန်းထားကြောင်း သိရသည်။

ယခုနှစ်၏ လေးလပတ်အတွက် ကုမ္ပဏီ၏ အမြတ်ငွေ အမေရိကန် ဒေါ်လာ ၃ ဒသမ ၁ ဘီလီယံရှိခဲ့ပြီး ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်လျက် ၁၈ ရာခိုင်နှုန်း ကျဆင်းကြောင်း သိရသည်။ ယခင်နှစ်ကနှင့် ယှဉ်လျှင် ကုမ္ပဏီ၏ မော်တော်ယာဉ်ငှားရမ်းသည့် ဝန်ဆောင်မှုမှ ဝင်ငွေရရှိမှု ၅၃ ရာခိုင် နှုန်းကျဆင်းခဲ့ပြီး အစားအသောက် ပို့ဆောင်သည့် ဝန်ဆောင်မှုမှ ဝင်ငွေ ၁၂၅ ရာခိုင်နှုန်း တိုးလာကြောင်း ဖော်ပြထားသည်။




ယူဘား၏ ဝင်ငွေရရှိမှုဖော်ပြချက်တွင် ကုမ္ပဏီ၏ ဘဏ္ဍာရေးအရာရှိချုပ် နယ်လ်ဆန်ချိုင်က ကုမ္ပဏီအနေဖြင့် လာမည့်နှစ် မကုန်မီ အမြတ်ငွေ ပြန်လည်ရရှိအောင် စွမ်းဆောင်နိုင်မှုနှင့်ပတ်သက်၍ ယုံကြည်ချက်ရှိနေဆဲဖြစ်ကြောင်း ပြောကြားခဲ့သည်။ ယူဘားကုမ္ပဏီသည် ၂၀၁၉ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၈ ဒသမ ၅ ဘီလီယံအထိ ဝင်ငွေဆုံးရှုံးခဲ့ကာ ယခုနှစ်ဝင်ငွေဆုံးရှုံးမှုမှာ ၅ ဒသမ ၆ ဘီလီယံဖြစ်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

## အမေရိကန်တွင် အလုပ်လက်မဲ့နှုန်းမှာ အောက်တိုဘာလအတွင်း ၆ဒသမ၉ ရာခိုင်နှုန်း ကျဆင်း

**ဝါရှင်တန် နိုဝင်ဘာ ၇**

အမေရိကန်နိုင်ငံတွင် အလုပ်လက်မဲ့နှုန်းမှာ အောက်တိုဘာလအထိ ခြောက်လဆက်တိုက် ကျဆင်းလာသော်လည်း နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှာ စံချိန်တင်တိုးလာသည့်အတွက် မသေချာမှုများ ဆက်လက်ရှိနေဆဲဖြစ်သည်။

**၁ ရာခိုင်နှုန်း ကျဆင်း**

အောက်တိုဘာလအတွင်း အလုပ်လက်မဲ့နှုန်းမှာ ၆ ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းသွားပြီး စက်တင်ဘာလနှင့် နှိုင်းယှဉ်လျှင် ၁ ရာခိုင်နှုန်းကျဆင်းသွားခြင်းဖြစ်သည်ဟု အလုပ်သမားဌာနက ပြောသည်။ သို့သော်လည်း ကပ်ရောဂါကူးစက်မှု မပြင်းထန်မီ ဖေဖော်ဝါရီလနှင့် နှိုင်းယှဉ်လျှင် ၃ ဒသမ ၅ ရာခိုင်နှုန်း ဆက်လက်တိုးလာဆဲဖြစ်သည်။ ပြီးခဲ့သည့်လအတွင်း ကုန်ပစ္စည်းထုတ်လုပ်ရေးနှင့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် အလုပ်နေရာပေါင်း ၆၃၈၀၀၀ တိုးလာပြီး ဈေးကွက်ခန့်မှန်းချက်ထက်ပင် ပိုများလာသည်ဟု သိရသည်။

**ဧပြီလအတွင်း အမြင့်ဆုံးဖြစ်**

ဧပြီလအတွင်း အလုပ်လက်မဲ့ပမာဏ နှုန်းမှာ ၁၄ ဒသမ ၇ ရာခိုင်နှုန်းအထိ အမြင့်ဆုံးဖြစ်ခဲ့သည်။ စားသောက်ဆိုင်၊ ဟိုတယ်နှင့် အခြားသောဖျော်ဖြေရေးလုပ်ငန်းများမှာ ကိုဗစ်-၁၉ ကာလအတွင်း အလုပ်သမားများ ပြန်လည်ငှားရမ်းမှုမျိုး ရှိလာနိုင်သည်ဟု အချို့သော သုတေသီများက သုံးသပ်ကြသည်။ အသေးစားကုမ္ပဏီများ ဆက်လက်ရပ်တည်နိုင်ရေးအတွက် သက်သာချောင်ချိရေးအပိုရန်ပုံငွေ ထူထောင်နိုင်ရေးအတွက် ရီပတ်ဘလစ်ကန်အမတ်များနှင့် ဒီမိုကရက်တစ် အမတ်များအကြား သဘောတူညီမှု မရသေးပေ။

**အင်န်အိတ်ချ်ကေ**

## ကိုလံဘီယာ၌ ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၉၇၅၆ ဦး စစ်ဆေးတွေ့ရှိ

**ဘိုဂိုတာ နိုဝင်ဘာ ၇**

ကိုလံဘီယာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၉၇၅၆ ဦး ထပ်မံတွေ့ရှိခဲ့ရာ တစ်နိုင်ငံလုံး ရောဂါကူးစက်ခံရသူအရေအတွက် စုစုပေါင်း ၁၁၂၇၇၃၃ ဦးအထိ ရှိလာပြီဖြစ်ကြောင်း ကိုလံဘီယာ ကျန်းမာရေးအာဏာပိုင်များက နိုဝင်ဘာ ၆ ရက်တွင် ပြောကြားခဲ့သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၉၆ ဦး ထွက်ပေါ်လာပြီးနောက် တစ်နိုင်ငံလုံးသေဆုံးသူအရေအတွက်စုစုပေါင်း ၃၂၄၀၅ ဦး ရှိလာပြီဖြစ်ကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။ ရောဂါပျောက်ကင်းသွားသူအရေအတွက်မှာ မကြာသေးမီက ၁၀၂၀၂၆၃ ဦးအထိ ရှိခဲ့ကြောင်း သိရသည်။ ဘိုဂိုတာမြို့တော်ဝန် ကလော်ဒီယာ လိုပက်ဇ်က လာမည့်နှစ်တွင် လူကိုယ်တိုင်တက်ရောက်သင်ကြားသည့် ပညာရေးစနစ်ကို ကျန်းမာရေးဆိုင်ရာလမ်းညွှန်ချက်များနှင့်အတူ ပြန်လည်ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မြို့တော်ဘိုဂိုတာ၌ ကလေးငယ်များ၊ လူငယ်များနှင့် ဆရာ၊ ဆရာမများကို အကောင်းဆုံး ကျန်းမာရေးစောင့်ရှောက်မှုစနစ် ပေးအပ်ရန် ပြင်ဆင်ထားသည်ဖြစ်ရာ လာမည့်နှစ် ဇန်နဝါရီလတွင် ကျောင်းသားများ ကျောင်းသို့ ပြန်လည်တက်ရောက်နိုင်တော့မည်ဖြစ်ကြောင်း မြို့တော်ဝန်က ပြောကြားသည်။ ကိုလံဘီယာအစိုးရက ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကို တားဆီးရန် အသွားအလာကန့်သတ်မှုကို လာမည့် ဒီဇင်ဘာ ၁ ရက်အထိ အချိန်ထပ်တိုးထားကြောင်း သိရသည်။

**ဆင်ဟွာ**

# ဒီမိုကရက်တစ်သမ္မတလောင်း ဘိုင်ဒင် ရွေးကောက်ပွဲနိုင်ပြီး ၄၆ ယောက်မြောက်အမေရိကန်သမ္မတ ဖြစ်လာ

**ဝါရှင်တန် နိုဝင်ဘာ ၇**

ကမ္ဘာတစ်ဝန်း စိတ်ဝင်စားနေသော အမေရိကန်သမ္မတ ရွေးကောက်ပွဲအောင်မြင်မှု နောက်ဆုံးရလဒ်ထွက်ပေါ်လာပြီဖြစ်သည်။ အဆိုပါ ရွေးကောက်ပွဲအောင်မြင်မှု နောက်ဆုံးရလဒ်ကြေညာချက်အရ ဒီမိုကရက်တစ် သမ္မတလောင်း ဂျိုးဘိုင်ဒင်သည် အမေရိကန်၏ ၄၆ ယောက်မြောက်သမ္မတ ဖြစ်လာပြီ ဖြစ်သည်။ ရိုးဖြောင့်ပြီး နှိမ့်ချတတ်သူဖြစ်သည့် အသက် ၇၇ နှစ်ရှိ ဘိုင်ဒင်သည် အမေရိကန်သမိုင်းတွင် အသက်အကြီးဆုံးသမ္မတတစ်ဦး ဖြစ်လာမည်ဖြစ်သည်။

မစ္စတာ ဘိုင်ဒင်သည် ယခုညတွင် အမေရိကန် ပြည်ထောင်စုသို့ မိန့်ခွန်းပြောကြားမည်ဖြစ်သည်။

မစ္စတာ ဘိုင်ဒင်က မမျှော်မှန်းနိုင်သော အခက်အခဲများကို ရင်ဆိုင်ရာတွင် အမေရိကန်ပြည်သူများက တစ်ခဲနက်မဲပေးခဲ့ကြကြောင်းနှင့် တစ်ခါသက်သေပြရုံနှင့် ဒီမိုကရေစီရင်ခုန်သံသည် အမေရိက၏ နှလုံးအိမ်တွင် အဆက်မပြတ်ရိုက်ခတ်နေကြောင်း ပြောကြားလိုက်သည်။

ယခုအချိန်သည် စိတ်ဆိုးဒေါသထွက်မှုများကို နောက်ချန်ထားပြီး နိုင်ငံတစ်နိုင်ငံအနေဖြင့် အတူတကွ စည်းလုံးရမည့်အချိန်ဖြစ်ကြောင်း၊ အမေရိကကို ပြန်လည်ပေါင်းစည်းရမည့်အချိန်ဖြစ်သလို ကုစားရမည့်အချိန် ဖြစ်ကြောင်း မစ္စတာ ဘိုင်ဒင်က ဆက်လက်ပြောကြားလိုက်သည်။

အမေရိကန်ရွေးကောက်ပွဲ နောက်ဆုံးရလဒ်များအရ ဒီမိုကရက်တစ်သမ္မတလောင်း ဂျိုးဘိုင်ဒင်သည် ပင်ဆယ်ဗေးနီးယားပြည်နယ်နှင့် ဂျော်ဂျီယာပြည်နယ်များတွင် လက်ရှိသမ္မတဒေါ်နယ်ထရမ့်ကို ဦးဆောင်လျက်ရှိကြောင်း သိရသည်။

ဂျိုးဘိုင်ဒင်သည် ပင်ဆယ်ဗေးနီးယားပြည်နယ်တွင် လက်ရှိသမ္မတ ဒေါ်နယ်ထရမ့်ကို ထောက်ခံမဲ ၂၈၀၀၀ ကျော်ဖြင့် ဦးဆောင်လျက်ရှိသည်။ ပင်ဆယ်ဗေးနီးယား အောင်မြင်မှုက မစ္စတာ ဘိုင်ဒင်ကို သမ္မတဖြစ်ရန်လိုအပ်သော သမ္မတရွေးချယ်ရေးအဖွဲ့မဲကို ရရှိစေခြင်းဖြစ်သည်။




ထို့အပြင် ဘိုင်ဒင်သည် နီဗားဒါးနှင့် ဂျော်ဂျီယာ ပြည်နယ်တို့တွင်လည်း ထပ်မံဦးဆောင်လျက်ရှိကြောင်း သိရသည်။ အမေရိကန်ရွေးကောက်ပွဲ မဲရေတွက်မှု တတိယနေ့ ရောက်ချိန်တွင် အမေရိကန် ဒုသမ္မတဟောင်း ဘိုင်ဒင်က သမ္မတရွေးချယ်ရေးအဖွဲ့မဲ ၂၇၃ မဲရရှိထားပြီ ဖြစ်ပြီး လက်ရှိသမ္မတဒေါ်နယ်ထရမ့်က ၂၁၄ မဲ ရရှိထားသည်။

ရွေးကောက်ပွဲအောင်မြင်ပြီး အမေရိကန်သမ္မတအဖြစ် ကြေညာရန် သမ္မတရွေးချယ်ရေးအဖွဲ့မဲ ၂၇၀ သတ်မှတ်ထားရာ ဘိုင်ဒင်သည် အဆိုပါအရေအတွက်သို့ရောက်ရှိ ကျော်လွန်သွားပြီး ၄၆ ယောက်မြောက် အမေရိကန်သမ္မတ ဖြစ်လာမည်ဖြစ်သည်။

မစ္စတာ ဘိုင်ဒင်၏ အောင်မြင်မှုသည် မဲရေတွက်ပြီးစီးသွားသော ပြည်နယ်များ၏ ရလဒ်များကိုသာ အခြေခံထားခြင်းဖြစ်ပြီး ဝစ္စကွန်ဆင်ပြည်နယ်တွင် မဲများကို ဆက်လက်ရေတွက်နေဆဲဖြစ်ကြောင်း သိရသည်။

၁၉၀၀ ပြည့်နှစ်ကတည်းကစကာ ယခုကျင်းပပြုလုပ်သော အမေရိကန်သမ္မတရွေးကောက်ပွဲသည် အကြီးမားဆုံး အပြောင်းအလဲကြီးတစ်ခုဖြစ်သည်။ မစ္စတာ ဘိုင်ဒင်သည် ယခုအချိန်အထိ ထောက်ခံမဲ ၇၃ သန်းကျော် ရရှိထားပြီး မစ္စတာထရမ့်သည် ထောက်ခံမဲ သန်း ၇၀ နီးပါးရရှိခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် မဲရေတွက်မပြီးခင်အချိန်တွင် သူ့ကိုယ်သူ ရွေးကောက်ပွဲအောင်နိုင်သူ အဖြစ် မှားယွင်းစွာကြေညာခဲ့သည်။ ရွေးကောက်ပွဲ မှုမမှန်မှုများရှိကြောင်း ကြေညာလိုက်သော်လည်း မည်သည့်သက်သေမှ မပြနိုင်ခဲ့ပေ။

ပြည်နယ်စုစုပေါင်းလေးခုတွင် သမ္မတကိုယ်စားလှယ်လောင်းနှစ်ဦးကြား ခြားနားမှုမှာ သိသိသာသာကွဲပြားသွားပြီဖြစ်သည်။ အဲဒီမတိုင်မီက "သင်တို့၏မဲများကို ရေတွက်နေကြောင်း၊ ပြည်သူတွေကြားရတော့မည်ဖြစ်ကြောင်း" ဘိုင်ဒင်က ၎င်း၏မွေးရပ်ဇာတိမြေမှ ပြောကြားသည်။


လက်ရှိအမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကလည်း သူ့အနေဖြင့် ဥပဒေကြောင်းအရ အရေးယူမှုများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။ "အခုအချိန်မှစပြီး တရားစွဲဆိုမှုများ စတင်ပြီဖြစ်ကြောင်း" တွစ်တာပေါ်တွင် ပြောကြားသည်။

သို့သော်လည်း ယခုအချိန်တွင် အမေရိကန်သမ္မတ မည်သူမည်ဝါဖြစ်သွားပြီဆိုသည်မှာ အဖြူအမည်းကွဲပြားသွားပြီဖြစ်သည်။ ရွေးကောက်ပွဲအောင်မြင်ခဲ့ပါက အချိန်ဆွဲမနေတော့ဘဲ ကိုဗစ်-၁၉ ကိုတိုက်ဖျက်သွားမည်ဟု ကတိပေးခဲ့သော မစ္စတာဘိုင်ဒင်သည်လည်း သူ၏ ကတိအတိုင်း အကောင်အထည်ဖော်တော့မည် ဖြစ်သည်။

ဘိုင်ဒင်က သူသမ္မတဖြစ်လာမည့် ပထမရက်တွင် အမေရိကန်ပြည်ထောင်စု ရင်ဆိုင်နေရသော ကိုဗစ်-၁၉ ကပ်ရောဂါ၊ စီးပွားရေး၊ ရာသီဥတုပြောင်းလဲရေးနှင့် လူမျိုးရေးဝါဒ စသည့်ပြဿနာများကို ကာမလာဟားရစ်နှင့်အတူ ကိုင်တွယ်ဖြေရှင်းသွားမည်ဖြစ်ကြောင်း ပြောကြားထားသည်။

ကာမလာဟားရစ်သည်လည်း အမေရိကန်နိုင်ငံ၏ ပထမဦးဆုံး လူမည်းနှင့် တောင်အာရှဖွား ဒုတိယသမ္မတ ဖြစ်လာမည်ဖြစ်ပြီး ဒုတိယသမ္မတတာဝန်ထမ်းဆောင်မည့် ပထမဆုံးအမျိုးသမီးတစ်ဦး ဖြစ်လာပြီ ဖြစ်သည်။

**ဆင်ဟွာ၊ အင်န်အိတ်ချ်ကေ၊ အေအက်ဖ်ပီ**



ကမ္ဘောဒီးယားဘုရင့်မယ်တော်နှင့် တရုတ်နိုင်ငံသမ္မတ ရှီကျင့်ဖျင်တို့ကို တွေ့ရစဉ်။

# တရုတ်သမ္မတ ရှီကျင့်ဖျင်က ကမ္ဘောဒီးယားနိုင်ငံ ဘုရင့်မယ်တော်ကို ချစ်ကြည်ရေးတံဆိပ်ပေးအပ်

**ပေကျင်း နိုဝင်ဘာ ၇**

တရုတ်နိုင်ငံ သမ္မတရှီကျင့်ဖျင်သည် ကမ္ဘောဒီးယားနိုင်ငံ၏ဘုရင့်မယ်တော် နိုရိုဒွန် မိုနီနက် သီဟာနုကို နိုဝင် ဘာ ၆ ရက်က တရုတ်ပြည်သူ့သမ္မတ နိုင်ငံ၏ ချစ်ကြည်ရေးတံဆိပ်ပေးအပ်ခဲ့သည်။

အဆိုပါ ဆုတံဆိပ်ပေးအပ်ပွဲ အခမ်းအနားကို ပေကျင်းမြို့ရှိပြည်သူ့ ခန်းမဦ ကျင်းပခဲ့ပြီး တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီနိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်၊ တရုတ်ကွန်မြူနစ် ဗဟိုကော်မတီအထွေထွေ အတွင်းရေးမှူးရုံးအဖွဲ့ဝင် ဝမ်ဟူနင်း တက်ရောက်ခဲ့သည်။

ဆုတံဆိပ်ပေးအပ်ပွဲ အခမ်းအနားတွင် တရုတ်သမ္မတ ရှီကျင့်ဖျင်က ကမ္ဘောဒီးယား ဘုရင့်မယ်တော်သည် တရုတ်-ကမ္ဘောဒီးယား ချစ်ကြည်ရေး၏ အရေးပါသော သက်သေဖြစ်ရုံမက နှစ်နိုင်ငံဆက်ဆံရေးကို မြှင့်တင်ပေးသူဖြစ်ကြောင်း၊ တရုတ်နိုင်ငံသို့ ပထမဆုံးအကြိမ် အဖြစ် ၁၉၅၈ ခုနှစ်က ထိုစဉ်က မင်းသားဖြစ်သော နိုင်ရိုဒွန် သီဟာနုနှင့်အတူ လိုက်ပါလာစဉ်ကတည်းက တရုတ်နိုင်ငံနှင့် ချစ်ကြည်ရေးကို ခိုင်မာရန် ကြိုးပမ်းခဲ့ကြောင်း ပြောကြားသည်။

ထို့အပြင် ဘုရင့်မယ်တော်သည် လွန်ခဲ့သည့်နှစ်ပေါင်း ၆၀ ကျော် အတွင်း တရုတ်နိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုဖြစ်ပေါ်စေရန် ၎င်းကိုယ်တိုင် တက်ကြွစွာမြှုပ်နှံထားပြီး ခေတ်သစ် တရုတ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး၏ သက်သေအဖြစ်လည်း တည်ရှိခဲ့ကြောင်း ရှီက ဆက်လက်ပြောကြားသည်။ တရုတ်နိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် လွန်ခဲ့သော ၆၂ နှစ်က သံတမန်ဆက်ဆံရေး ထူထောင်ခဲ့စဉ်ကတည်းက တစ်နိုင်ငံနှင့်တစ်နိုင်ငံ အမြဲတစေ ထောက်ခံအကူအညီ ပေးခဲ့သည်။

ဘုရင့်မယ်တော်က မိမိအနေဖြင့် အလွန်ပျော်ရွှင်ပြီး လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ကြောင်းနှင့် ဘုရင့်ခမည်းတော် နိုရိုဒွန်သီဟာနုနှင့် တရုတ်နိုင်ငံ၏ ယခင်ခေါင်းဆောင်ကြီးများက ကြိုးပမ်းတည်ဆောက်ခဲ့သည့် ကမ္ဘောဒီးယားနိုင်ငံနှင့် တရုတ်နိုင်ငံအကြား အစဉ်အလာရှိသည့် ချစ်ကြည်ရင်းနှီးမှုကို အမြဲတစေ အမှတ်ရနေမှာ ဖြစ်ကြောင်းနှင့် နှစ်နိုင်ငံချစ်ကြည်ရေး အဓွန့်ရှည် တည်တံ့ပါစေကြောင်း ပြောကြားလိုက်သည်။

**ဆင်ဟွာ**

# တရုတ်နိုင်ငံက ဒုံးပျံတစ်စင်းတည်းဖြင့် ဂြိုဟ်တု ၁၃ စင်းကို ဂြိုဟ်ပတ်လမ်းကြောင်းအတွင်းသို့ လွှတ်တင်

**ထိုက်ယွမ် နိုဝင်ဘာ ၇**

တရုတ်နိုင်ငံသည် နိုင်ငံမြောက်ပိုင်း ဆန်းရှီးပြည်နယ် ထိုက်ယွမ်ဂြိုဟ်တု လွှတ်တင်ရေးစင်တာမှ ဂြိုဟ်တု ၁၃ စင်းကို ဂြိုဟ်ပတ်လမ်းကြောင်း အတွင်းသို့ နိုဝင်ဘာ ၆ ရက်က အောင်မြင်စွာလွှတ်တင်လိုက်သည်။

အဆိုပါ ဂြိုဟ်တုများတွင် အာဂျင်တီးနားကုမ္ပဏီ ဆက်တယ်လောဂျစ်ကထုတ်လုပ်ထားသောစီးပွားဖြစ်သုံး အဝေးထိန်းအာရုံခံစနစ် ပါဝင်သော ဂြိုဟ်တု ၁၀ စင်းပါဝင်သည်။

## လွှတ်တင်ခဲ့

၎င်းတို့ကို ပေကျင်းစံတော်ချိန် နံနက် ၁၁ နာရီ ၁၉ မိနစ်တွင် လောင်းမာ့ချ်-၆ သယ်ဆောင်ရေး ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

အလေးချိန် အားဖြင့် ဂြိုဟ်တု တစ်စင်းလျှင် ၄၂ ကီလိုဂရမ်စီရှိပြီး သက်တမ်းသုံးနှစ်ရှိသော ယင်း ဂြိုဟ်တု ၁၀ စင်းကို ၎င်းတို့၏ ဘက်စုံလျှပ်စစ်သံလိုက် ရောင်စဉ်လှိုင်းနှင့် ရောင်စဉ်လှိုင်းအသုံးပြု အာကာသပုံရိပ်ဖမ်းကိရိယာများဖြင့် စီးပွားဖြစ် အဝေးထိန်းအာရုံခံစနစ် ဝန်ဆောင်မှုများထောက်ပံ့ရန် အသုံးပြုမည်ဖြစ်သည်။

## တီထွင် ထုတ်လုပ်ထား

လောင်းမာ့ချ်-၆ သယ်ဆောင်ရေးဒုံးပျံဖြင့် အတူလွှတ်တင်ခဲ့သော ကျန်ရှိသည့် ဂြိုဟ်တုသုံးစင်းကို တရုတ် အဆင့်မြင့်နည်းပညာကုမ္ပဏီများ၊ သုတေသနအဖွဲ့အစည်းများက အဝေး ထိန်းအာရုံခံစနစ်လေ့လာခြင်း၊ သိပ္ပံပညာလက်တွေ့ သုတေသနများ နှင့် သိပ္ပံပညာရပ်များကို အများပြည်သူ သဘောပေါက်စေရန်အတွက် တီထွင် ထုတ်လုပ်ထားခြင်းဖြစ်သည်။

တရုတ်ကလွှတ်တင်လိုက်သော ဂြိုဟ်တုသုံးလုံးအနက် အလေးချိန် ၇၀ ကီလိုဂရမ်လေးသော ၆ ဂျီ စမ်းသပ်သည့် ဂြိုဟ်တုတစ်လုံးလည်း ပါဝင်သည်။

## အသုံးပြုသွားမည်

အဆိုပါဂြိုဟ်တုကို စမတ်စီးတီး တည်ဆောက်ရေး၊ သဘာဝဘေး အန္တရာယ်ကာကွယ်ရေးနှင့် လျော့ပါးစေရေး၊ မြေယာစီမံခန့်ခွဲခြင်း၊ သဘာဝပတ်ဝန်းကျင် ကာကွယ်ခြင်းနှင့် အခြေခံအဆောက်အအုံ တည်ဆောက်မှုများ စောင့်ကြည့်ရန် အတွက် အသုံးပြုမည်ဖြစ် သည်။

နိုဝင်ဘာ ၆ ရက်က လွှတ်တင်မှုသည် လောင်းမာ့ချ် ဒုံးပျံ၏ (၃၅၁) ကြိမ်မြောက် လွှတ်တင်ခြင်းဖြစ်သည်။

**ဆင်ဟွာ**



တရုတ်နိုင်ငံမြောက်ပိုင်း ဆန်းရှီးပြည်နယ် ထိုက်ယွမ်ဂြိုဟ်တုလွှတ်တင်ရေးစင်တာမှ ဂြိုဟ်တု ၁၃ စင်းကို သယ်ဆောင်သွားသော လောင်းမာ့ချ်-၆ သယ်ဆောင်ရေး ဒုံးပျံကို နိုဝင်ဘာ ၆ ရက်က လွှတ်တင်နေစဉ်။

## နိုင်ငံတကာ သတင်းတိုထွာ

### အီလီနွိုက်ပြည်နယ်အုပ်ချုပ်ရေးမှူး ကိုဗစ်အဖြေစောင့်နေစဉ် သီးသန့်ခွဲခြားနေထိုင်လျက်ရှိ

**အီလီနွိုက် နိုဝင်ဘာ ၇**

ယခုသီတင်းပတ်အစောပိုင်းတွင် အစည်းအဝေးတစ်ခု၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်နိုင်သည်ဟု သံသယရှိပြီးနောက် စမ်းသပ်စစ်ဆေးမှု ပြုလုပ်ထားစဉ် အမေရိကန်ပြည်ထောင်စု အီလီနွိုက်ပြည်နယ် အုပ်ချုပ်ရေးမှူး ဂျေဘီ ပရစ်ဇ်ကာသည် သီးသန့်ခွဲခြားနေထိုင်လျက်ရှိကြောင်း ၎င်း၏ ရုံးက နိုဝင်ဘာ ၆ ရက်တွင် သတင်းထုတ်ပြန်လိုက်သည်။

အုပ်ချုပ်ရေးမှူးသည် အီလီနွိုက် စားသောက်ဆိုင် အသင်းအဖွဲ့ဝင်များနှင့် တနင်္လာနေ့ မွန်းလွဲပိုင်းက အစည်းအဝေး ပြုလုပ်ခဲ့ပြီးနောက် ၎င်းတို့ထဲမှ တစ်ဦး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံထားရကြောင်း စစ်ဆေးတွေ့ရှိသဖြင့် ယခုလို သီးသန့်ခွဲခြားနေထိုင်ခြင်းဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကို နှေးကွေးစေရန် ဒေသခံများအနေဖြင့် စွမ်းနိုင်သမျှ အစွမ်းကုန်ဆောင်ရွက်ကြရန် အုပ်ချုပ်ရေးမှူးက တိုက်တွန်းပြောကြားလိုက်သည်။

မိမိတို့သည် တကယ့်ဆိုးရွားသော အခြေအနေများနှင့် ရင်ဆိုင်နေရကြောင်း၊ လာမည့်သီတင်းပတ်အတွင်း မိမိအနေဖြင့် တစ်ခုခု လုပ်ကိုင်ဆောင်ရွက်မည်ဖြစ်ကြောင်း ဒေသတွင်းမီဒီယာများက အုပ်ချုပ်ရေးမှူး၏ ပြောစကားကို ကိုးကားဖော်ပြပေးထားသည်။

အီလီနွိုက်ပြည်နယ် အရာရှိများက နိုဝင်ဘာ ၆ ရက်တွင် ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၁၀၃၇၆ ဦးရှိလာကာ သေဆုံးသူ ၄၉ ဦးအထိ တိုးလာကြောင်း ဖော်ပြပြီး ယခုလို သတင်းထွက်ပေါ်လာခြင်း ဖြစ်သည်။ ပြည်နယ်တစ်ဝန်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုသည် ၁၀၀၇၉ ဦး အထိ ရောက်ရှိလာကြောင်း အီလီနွိုက်ပြည်နယ် ပြည်သူ့ကျန်းမာရေးဌာနက ပြောကြားသည်။ **ဆင်ဟွာ**

### ဘရာဇီးနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားသူပေါင်း ငါးသန်းကျော်ရှိ

**ရီယိုဒီဂျနေးရိုး နိုဝင်ဘာ ၇**

ဘရာဇီးနိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်သူ ၁၈၈၆၂ ဦး ရှိလာပြီး နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူ စုစုပေါင်း ၅၆၃၁၁၈၀ ဦး ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက နိုဝင်ဘာ ၆ ရက်တွင် ဖော်ပြလိုက်သည်။

အဆိုပါကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ ၂၇၉ ဦး ရှိလာမှုနှင့်အတူ စုစုပေါင်း သေဆုံးသူ ၁၆၂၀၁၅ ဦး ရှိလာခဲ့သည်။ ကျန်းမာရေးဝန်ကြီးဌာနက နောက်ဆုံးအချက်အလက်များသည် နည်းပညာချွတ်ယွင်းမှုကြောင့် ပြည့်စုံမှု မရှိသေးကြောင်း ထို့ကြောင့် နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအများဆုံး ပြည်နယ်ဖြစ်သော ဆောဝ်ပိုလို၊ ဆန်တာကာတာရီနာ၊ အမေဇုန်နက်စ်၊ တိုကန်တင်နှင့် အမာပါတို့၏ နောက်ဆုံး အချက်အလက်များ မရရှိကြောင်းပြောကြားလိုက်သည်။ ဘရာဇီးနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်သေဆုံးမှုတွင် ကမ္ဘာ့ဒုတိယအများဆုံးနိုင်ငံဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုတွင် ကမ္ဘာ့တတိယအများဆုံးနိုင်ငံဖြစ်သည်။ **ဆင်ဟွာ**

# ရွေးကောက်ပွဲဆိုင်ရာ မသမာမှုကြောင့် ဥရောပသမဂ္ဂက ဘီလာရုစ်သမ္မတကို ဒဏ်ခတ်ပိတ်ဆို့မှုနှင့်အတူ အမည်ပျက်စာရင်းထည့်သွင်း

## ကလျာမိုးမြင့်

**ဘီလာရုစ်သမ္မတ အလက်ဇန်းဒါးလူကာရှန်ကိုနဲ့ ၎င်းရဲ့သားဖြစ်သူ ဗစ်တာတို့ကို ဥရောပသမဂ္ဂအဖွဲ့က ဒဏ်ခတ်ပိတ်ဆို့မှုတွေ လုပ်ဆောင်လိုက်ပြီဖြစ်တယ်လို့ သိရပါတယ်။ ဥရောပသမဂ္ဂက အမည်ပျက် စာရင်းသွင်းလိုက်တဲ့ ဘီလာရုစ် ထိပ်တန်းအာဏာပိုင်တွေ အရေအတွက်ဟာ အခုဆိုရင် ၅၉ ဦးအထိ ရှိသွားပြီ ဖြစ်ပါတယ်။**



ဘီလာရုစ်နိုင်ငံ မြို့တော်မင့်စ်၌ သမ္မတ လူကာရှန်ကို နုတ်ထွက်ရေးတောင်းဆိုနေကြသည့် ဆန္ဒပြလူအုပ်ကြီးကို တွေ့ရစဉ်။

### အင်အားသုံး ဖိနှိပ်ခဲ့

နိုဝင်ဘာ ၆ ရက်မှာ ဒဏ်ခတ်ပိတ်ဆို့မှု စာရင်းထဲ ထပ်မံ ထည့်သွင်းလိုက်တဲ့သူ ၁၅ ဦးထဲမှာ KGB လျှို့ဝှက်ထောက်လှမ်းရေးရဲချုပ် အိုင်ဗန်တာတယ်လ်နဲ့ သမ္မတ လူကာရှန်ကိုရဲ့ ရုံးအဖွဲ့အကြီးအကဲ အီဂေါ် ဆာဂျန်ကိုတို့လည်း ပါဝင်တယ်လို့ သိရပါတယ်။ ဥရောပသမဂ္ဂအဖွဲ့ကြီးဟာ ဩဂုတ် ၉ ရက်မှာ မစ္စတာလူကာရှန်ကို ဘီလာရုစ်သမ္မတအဖြစ် ပြန်လည်အနိုင်ရရှိခဲ့မှုကို လက်မခံခဲ့သလို ၎င်းကို ဆန့်ကျင်တဲ့ ဆန္ဒပြသူတွေအပေါ် အင်အားသုံးပြီး ဖိနှိပ်ခဲ့တာကို ဝမ်းနည်းကြောင်း ဖော်ပြခဲ့တဲ့ အဖွဲ့အစည်းကြီးတစ်ခု ဖြစ်ပါတယ်။

### လုပ်ပွဲတစ်ခုအဖြစ် ရှုမြင်ခံရ

သမ္မတ လူကာရှန်ကိုရဲ့ သားဖြစ်သူ ဗစ်တာဟာ အသက် ၄၄ နှစ် ရှိပြီဖြစ်တဲ့ အမျိုးသားလုံခြုံရေး အကြံပေးဖြစ်ပါတယ်။ နိုင်ငံကို နှစ်ရှည်လများ အုပ်ချုပ်ခဲ့တဲ့ သမ္မတကပဲ ရွေးကောက်ပွဲမှာ သမ္မတနေရာကို ပြန်လည်အနိုင်ရလိုက်ခြင်းက ရွေးကောက်ပွဲကို ကြိုတင်ကြံစည်ထားတဲ့ လုပ်ပွဲတစ်ခုအဖြစ် ဘီလာရုစ်ပြည်သူတွေကို ထင်မြင်စေခဲ့ပြီး အဲဒီ ရွေးကောက်ပွဲရလဒ်ကြောင့်ပဲ တစ်နိုင်ငံလုံးအနှံ့ ဆန္ဒပြပွဲတွေ ကြောက်ခမန်းလိလိ ပေါ်ထွက်လာစေခဲ့တာပါ။

အဓိက အတိုက်အခံခေါင်းဆောင်ဖြစ်တဲ့ နေ့ဗ်စကာယာက ၎င်းဟာ ရွေးကောက်ပွဲအတွင်းမှာ ဆန္ဒမဲအားလုံးရဲ့ ၆၀ ကနေ ၇၀ ရာခိုင်နှုန်းအတွင်း ရရှိထားခဲ့ပေမယ့် ရွေးကောက်ပွဲပြီးတာနဲ့ တစ်ပြိုင်နက် အိမ်နီးချင်း လစ်သူယေးနီးယားကို အတင်းအကျပ် နှင်ထုတ်ခံခဲ့ရတယ်လို့ ထုတ်ဖော် ပြောကြားခဲ့ပါတယ်။

### လူ့အခွင့်အရေး ချိုးဖောက်မှုတွေရှိ

ရွေးကောက်ပွဲဆိုင်ရာ စောင့်ကြည့်အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ OSCE က ရွေးကောက်ပွဲစတင်ချိန်ကတည်းက လူ့အခွင့်အရေး ချိုးဖောက်မှုတွေ အများအပြားရှိနေတာကို တွေ့ခဲ့ရတဲ့အပြင် ရွေးကောက်ပွဲဖြစ်စဉ် အဆင့်ဆင့်တွေမှာ မသမာမှုတွေ ရှိခဲ့တဲ့အတွက် မစ္စတာလူကာရှန်ကိုအား အနိုင်ပေးထားတဲ့ရလဒ်ကို ပယ်ဖျက်ဖို့ တောင်းဆိုခဲ့ပါတယ်။

ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဒိုမိနစ်ရက်ဘ်က ရွေးကောက်ပွဲစောင့်ကြည့်အဖွဲ့ရဲ့ အစီရင်ခံစာအရ ဘီလာရုစ်သမ္မတ ရွေးကောက်ပွဲရဲ့ ဗဟိုချက်မတစ်ခုလုံးမှာ ရှိနေတဲ့ လိမ်လည်မှုကို ဖော်ထုတ်နိုင်ခဲ့ကြောင်းနဲ့ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲ အသစ်ပြန်လည် ကျင်းပဖို့တိုက်တွန်းကြောင်း ပြောကြားခဲ့ပါတယ်။

### ဘယ်လိုဒဏ်ခတ်ပိတ်ဆို့မှုမျိုးလဲ

ဥရောပသမဂ္ဂအဖွဲ့ကြီးက ယခုလုပ်ဆောင်လိုက်တဲ့ ဒဏ်ခတ်ပိတ်ဆို့မှုအရ အမည်ပျက်စာရင်းသွင်းခံရတဲ့ အာဏာပိုင်တွေအနေနဲ့ ခရီးသွားဗီဇာ ပိတ်ပင်ခံလိုက်ရပြီဖြစ်သလို ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံတွေအတွင်း ၎င်းတို့ခံစားခွင့်ရှိတဲ့ ဘယ်လို ပိုင်ဆိုင်မှုကိုမဆို ရပ်ဆိုင်းထားလိုက်ပြီ ဖြစ်ပါတယ်။ ဒါ့အပြင် ဥရောပနိုင်ငံသားတွေနဲ့ ကုမ္ပဏီတွေဟာဆိုရင်လည်း အမည်ပျက်စာရင်း သွင်းခံထားရတဲ့ ဒီလူတွေကို ချေးငှားခွင့် မရှိတော့ပါဘူး။

ဘီလာရုစ် ရဲချုပ်ကိုလည်း အစိုးရဆန့်ကျင်ဆန္ဒပြသူတွေကို အင်အားသုံး နှိပ်ကွပ်မှု၊ ငြိမ်းချမ်းစွာ ဆန္ဒပြသူတွေကို ထင်သလိုဖမ်းဆီးမှု၊ အနိုင်ကျင့်နှိပ်စက်မှု၊ သတင်းသမားတွေအပေါ် ခြိမ်းခြောက်မှုနဲ့ အကြမ်းဖက်လုပ်ရပ်တွေကို ဦးဆောင်ခဲ့တယ်ဆိုပြီး တရားစွဲဆိုထားတယ်လို့ သိရပါတယ်။ သမ္မတ အလက်ဇန်းဒါး လူကာရှန်ကိုနဲ့ ၎င်းရဲ့သားကို ဒဏ်ခတ်ပိတ်ဆို့မှု စာရင်းထဲ ထည့်သွင်းဖို့ ဥရောပသမဂ္ဂ နိုင်ငံခြားရေးဝန်ကြီးတွေက အောက်တိုဘာ ၁၂ ရက်မှာ ဆုံးဖြတ်ခဲ့တယ်လို့ သိရပါတယ်။

### သမ္မတပူတင်ထောက်ခံလျက်ရှိ

ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်း မစ္စတာ လူကာရှန်ကို၊ ၎င်းရဲ့သားနဲ့ တခြား ဘီလာရုစ် ထိပ်တန်းအာဏာပိုင်အချို့ကို ဗြိတိန်ရဲ့ လူ့အခွင့်အရေးဆိုင်ရာ အရေးယူပိတ်ဆို့မှု ဥပဒေအရ ဒဏ်ခတ်ပိတ်ဆို့မှုတွေ ချမှတ်ခဲ့ပါတယ်။

ဘီလာရုစ်ရဲ့ ခေါင်းဆောင်တစ်ဦးအနေနဲ့ သမ္မတလူကာရှန်ကို လုပ်ဆောင်ခဲ့တဲ့ လုပ်ရပ်တွေဟာ စက်ဆုပ်စရာ အထင်သေးစရာ ကောင်းလှတယ်လို့ ဗြိတိန်နိုင်ငံခြားရေး ဝန်ကြီးက မှတ်ချက်ချခဲ့ပါတယ်။ ဒါပေမယ့်လည်းပဲ ရုရှားသမ္မတ ဗလာဒီမာပူတင်ကတော့ မစ္စတာ လူကာရှန်ကို ကို ထောက်ခံအားပေးခဲ့ပြီး ဟိုးယခင် ဆယ်စုနှစ်တွေတုန်းကလို မဟာမိတ်တွေဖြစ်လာဖို့ ပြန်လည်ကြိုးပမ်းနေပါတယ်။

### အပတ်စဉ်ဆန္ဒပြ

ဘီလာရုစ် အတိုက်အခံအဖွဲ့ဟာ ရွေးကောက်ပွဲပြီးခဲ့တဲ့ အချိန်ကစပြီး အပတ်စဉ် တနင်္ဂနွေနေ့ရောက်တိုင်း ဆန္ဒပြပွဲတွေ အကြီးအကျယ်ပြုလုပ်ဖို့ စီစဉ်ခဲ့ပြီး မြို့တော်မင့်စ်မှာ ပြည်သူတစ်သိန်းကျော်လောက်အထိ လူထုစုဝေးချီတက်မှုတွေ ပြုလုပ်ခဲ့ကြပါတယ်။ ဥရောပသမဂ္ဂအဖွဲ့နဲ့ အမေရိကန်အစိုးရအဖွဲ့ဟာ ဘီလာရုစ်ရဲ့ ဩဂုတ်လ ရွေးကောက်ပွဲဟာ လိမ်ဆင်တစ်ခုဖြစ်တယ် ဆိုတာကို သဘောတူလက်ခံထားသလို မစ္စတာ လူကာရှန်ကိုကို ဆန့်ကျင်တဲ့ သူတွေအပေါ်မှာလည်း ကြမ်းတမ်းရက်စက်စွာ အင်အားသုံးနှိပ်ကွပ်ခဲ့တယ်ဆိုတာဟာလည်း အမှန်ပဲလို့ လက်ခံယုံကြည်ထားကြပါတယ်။

သမ္မတလူကာရှန်ကို ကို အယုံအကြည်မရှိတဲ့ ဥရောပသမဂ္ဂက ဘီလာရုစ် အာဏာပိုင်တွေအနေနဲ့ ရဲတပ်ဖွဲ့က ပြည်သူတွေအပေါ် အကြမ်းဖက်နေတာ တွေကို ရပ်တန့်အောင်လုပ်ဖို့ တိုက်တွန်းထားပြီး ရက်သတ္တပတ် များစွာကြာအောင် ဖြစ်ပွားခဲ့တဲ့ ဆန္ဒပြပွဲတွေအတွင်း ဖမ်းဆီးထိန်းသိမ်းထားတဲ့ သူတွေနဲ့ နိုင်ငံရေးအကျဉ်းသားတွေကို မြန်မြန်လွှတ်ပေးဖို့ တောင်းဆိုထားပါတယ်။

အမည်ပျက်စာရင်းသွင်းပြီး ဒဏ်ခတ်ပိတ်ဆို့ခံလိုက်ရပြီဖြစ်တဲ့ သမ္မတ လူကာရှန်ကိုကတော့ နိုင်ငံအတွင်းမှာ ရဲတွေရဲ့ ကြမ်းတမ်းရက်စက်တဲ့လုပ်ရပ်တွေကို အဆုံးသတ်ဖို့၊ ဖမ်းဆီးထားတဲ့ နိုင်ငံရေးသမားတွေကို ပြန်လွှတ်ပေးဖို့၊ ညှိနှိုင်းဆွေးနွေးမှုတွေ ပြန်စဖို့နဲ့ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲတွေ ပြန်လည်ကျင်းပဖို့ အတိုက်အခံဘက်က အကြိမ်ကြိမ် တောင်းဆိုထားသမျှကို အခုအချိန်အထိ ဂရုမစိုက်သလို ဘာတုံ့ပြန်မှုမှလည်းမရှိသေးဘူးလို့ သိရပါတယ်။ ။

**ကိုးကား- အေအက်ဖ်ပီ၊ ဘီဘီစီ**

> **“ဥရောပသမဂ္ဂအဖွဲ့ကြီးက ယခု လုပ်ဆောင်လိုက်တဲ့ ဒဏ်ခတ်ပိတ်ဆို့မှုအရ အမည်ပျက်စာရင်းသွင်းခံရတဲ့ အာဏာပိုင်တွေအနေနဲ့ ခရီးသွားဗီဇာ ပိတ်ပင်ခံလိုက်ရပြီဖြစ်သလို ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံတွေအတွင်း ၎င်းတို့ခံစားခွင့်ရှိတဲ့ ဘယ်လိုပိုင်ဆိုင်မှုကိုမဆို ရပ်ဆိုင်းထားလိုက်ပြီဖြစ်ပါတယ်။ ဒါ့အပြင် ဥရောပနိုင်ငံသားတွေနဲ့ ကုမ္ပဏီတွေဟာဆိုရင် လည်း အမည်ပျက်စာရင်း သွင်းခံထားရတဲ့ ဒီလူတွေကို ချေးငှားခွင့် မရှိတော့ပါဘူး”**

## မဲဆန္ဒရှင်ပြည်သူများသို့ အသိပေးကြေညာချက်

(၇-၁၁-၂၀၂၀)

၁။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် ဆန္ဒပြုပြီးသော ကြိုတင်ဆန္ဒမဲလက်မှတ်များပါရှိသည့် ချိပ်ပိတ်ထားသော မဲပုံးအသီးသီးကို ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် သက်ဆိုင်ရာမဲရုံများသို့ သယ်ဆောင်သွားပြီး မဲရုံမဖွင့်မီ မဲရုံမှူးထံ အပ်နှံရမည် ဖြစ်ပါသည်။

၂။ ရွေးကောက်ပွဲနေ့ မဲရုံပိတ်ချိန်တွင် မဲရုံမှူးသည် မဲရုံတွင်ပင် မဲရုံအဖွဲ့ဝင်များ၊ အသိသက်သေများ၊ အများပြည်သူများ၊ မဲရုံကိုယ်စားလှယ်များရှေ့မှောက်၌ ကြိုတင်ဆန္ဒမဲပုံးမှ ကြိုတင်ဆန္ဒမဲများကို ဦးစွာရေတွက်မည်ဖြစ်ပြီး ကြိုတင်မဲများရေတွက်ပြီးပါက မဲရုံတွင် ဆန္ဒပြုထားသော ဆန္ဒမဲလက်မှတ်များကို ဆက်လက်ရေတွက်မည် ဖြစ်ပါသည်။ ဆန္ဒမဲလက်မှတ်အားလုံးရေတွက်ပြီးပါက မဲရုံမှူးသည် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်းစီ ရရှိသည့် ဆန္ဒမဲလက်မှတ်များနှင့် ကြိုတင်ဆန္ဒမဲလက်မှတ်များ၊ ပယ်မဲများ၊ မသုံးဘဲကျန်နေသော ဆန္ဒမဲလက်မှတ်များ၊ လက်ခံဖြတ်ပိုင်းများနှင့် ပုံစံ(၁၆-၁)၊ မဲရုံတွင် အသုံးပြုသော မဲစာရင်းများ၊ ကြိုတင်ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများ၊ ပယ်မဲပုံစံ (၁၇) များကို သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ အိတ်များတွင်ထည့်၍ ချိပ်ပိတ်ခြင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ ရရှိသော ဆန္ဒမဲစာရင်းပုံစံများတွင် ဖြည့်သွင်းခြင်းများကို ဆောင်ရွက်၍ ယင်းဆန္ဒမဲစာရင်းပုံစံများနှင့် ချိပ်ပိတ်ထားသော အိတ်များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရမည် ဖြစ်ပါသည်။

၃။ ထိုကဲ့သို့ ပေးပို့ခြင်းများဆောင်ရွက်ရာတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားနေမှုအခြေအနေအရ ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများတွင် သတ်မှတ်ပြဋ္ဌာန်းထားသော သက်ဆိုင်ရာ တာဝန်ရှိသူများသာ လိုက်ပါဆောင်ရွက်ကြရန်ဖြစ်ပြီး မသက်ဆိုင်သူများအနေဖြင့် လိုက်ပါခြင်းမပြုကြပါရန် အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## လွှတ်တော်ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူထားကြောင်း အသိပေးကြေညာခြင်း

( ၇ - ၁၁ - ၂၀၂၀ )

၁။ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ရေတာရှည်မြို့နယ်၊ ရေနီမြို့၊ အမှတ်(၂)ရပ်ကွက် မဲရုံတွင် ၄-၁၁-၂၀၂၀ ရက်နေ့၌ အသက် (၆၀) နှစ်နှင့်အထက် မဲဆန္ဒရှင်များအား ကြိုတင်ဆန္ဒမဲ လှည့်လည်ကောက်ယူချိန်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ မဲရုံကိုယ်စားလှယ် ဦးအောင်ဆန်းထံမှ UEC အမှတ်အသားမပါသည့် ဆန္ဒပြုတံဆိပ်တုံးကို စစ်ဆေးတွေ့ရှိခဲ့ပါသည်။

၂။ ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ဓနုဖြူမြို့နယ်၊ အမှတ်(၁၀)ရပ်ကွက်တွင်နေထိုင်သူ ဒေါ်ပြုံးကြည်သည် အသက်(၆၀) နှစ်နှင့်အထက် ကြိုတင်ဆန္ဒမဲပေးရာတွင် ၂၉-၁၀-၂၀၂၀ ရက်နေ့၌ အမှတ်(၁၀)ရပ်ကွက်တွင် တစ်ကြိမ်၊ ၁-၁၁-၂၀၂၀ ရက်နေ့၌ နန်းတော်ကုန်းကျေးရွာအုပ်စုတွင် တစ်ကြိမ်၊ စုစုပေါင်း ကြိုတင်ဆန္ဒမဲ(၂)ကြိမ်ပေးခဲ့သည်ကို စစ်ဆေးတွေ့ရှိခဲ့ပါသည်။

၃။ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ အင်္ဂပူမြို့နယ်၊ ပန်းတင်ကျေးရွာအုပ်စု၊ ရေလဲ အထက်စုကျေးရွာနေ ဦးဖြိုးစံလင်း (မဲရုံအဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်နေသူ)သည် ရပ်ကွက်/ ကျေးရွာအုပ်စု ကြိုတင်ဆန္ဒမဲကောက်ယူချိန်၌ ၂-၁၁-၂၀၂၀ ရက်နေ့၌ အင်္ဂပူမြို့နယ်၊ ပန်းတင် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် တစ်ကြိမ်၊ ထိုနေ့တွင်ပင် အင်္ဂပူမြို့နယ် ကရင်ကူးကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် တစ်ကြိမ်၊ စုစုပေါင်း ကြိုတင်ဆန္ဒမဲ(၂)ကြိမ် ပေးခဲ့သည်ကို စစ်ဆေးတွေ့ရှိခဲ့ပါသည်။

၄။ ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ ကညင်ဝကျေးရွာအုပ်စု၊ ကက္ကရံကျေးရွာနေ ဦးအောင်မြင့်သည် ကြိုတင်ဆန္ဒမဲပေးရာတွင် ကညင်ဝကျေးရွာအုပ်စု မဲရုံအမှတ် (၁)တွင် တစ်ကြိမ်၊ ထိုနေ့တွင်ပင် ကနူးကျေးရွာအုပ်စု မဲရုံအမှတ်(၂)တွင် တစ်ကြိမ်၊ စုစုပေါင်း ကြိုတင်ဆန္ဒမဲ(၂)ကြိမ် ပေးခဲ့သည်ကို စစ်ဆေးတွေ့ရှိခဲ့ပါသည်။

၅။ အထက်ဖော်ပြပါဖြစ်စဉ်များကို ကျူးလွန်ခဲ့သည့် မဲရုံကိုယ်စားလှယ် ဦးအောင်ဆန်း၊ ဒေါ်ပြုံးကြည်၊ မဲရုံအဖွဲ့ဝင် ဦးဖြိုးစံလင်း၊ ဦးအောင်မြင့်တို့အား သက်ဆိုင်ရာ မြို့နယ်ရဲစခန်းတွင် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အမှုဖွင့် အရေးယူ ဆောင်ရွက်ထားကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## မဲဆန္ဒရှင်ပြည်သူများသို့ ထပ်မံအသိပေးနှိုးဆော်ခြင်း

၁။ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲရုံများသို့လာရောက်၍ ဆန္ဒမဲပေးကြမည့် မဲဆန္ဒရှင်ပြည်သူများနှင့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ၊ နည်းဥပဒေ ၄၈ ပါပြဋ္ဌာန်းချက်အရ မဲရုံအတွင်းသို့ ဝင်ရောက်ခွင့်ရှိကြသူများသည် အောက်ပါတို့ကိုလိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်-

(က) မဲဆန္ဒရှင်တစ်ဦးချင်းစီ၏ လျှို့ဝှက်ဆန္ဒမဲပေးခြင်းကို မထိခိုက်စေရေးအတွက် မဲရုံပရိဝုဏ်နှင့် မဲရုံအတွင်းတွင် ဗီဒီယိုကင်မရာ၊ ကင်မရာ၊ လက်ကိုင်တယ်လီဖုန်း ကင်မရာ စသည်တို့ဖြင့် မှတ်တမ်းတင်ရိုက်ကူးခြင်း၊ အသံဖမ်းယူခြင်းတို့ကို မပြုလုပ်ကြရန်၊

(ခ) သက်ဆိုင်ရာပါတီရင်ထိုးတံဆိပ်/ တစ်သီးပုဂ္ဂလရင်ထိုးတံဆိပ် (ရှိခဲ့လျှင်) တို့ တပ်ဆင်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ မဲရုံကိုယ်စားလှယ်များနှင့် အကူကိုယ်စားလှယ်များမှအပ ကျန်ပုဂ္ဂိုလ်များသည် ပါတီအမှတ်အသားပါသည့် သို့မဟုတ် မဲဆွယ်စည်းရုံးရာရောက်သည့် မည်သည့်ဝတ်စားဆင်ယင်မှုနှင့် အသုံးအဆောင်ပစ္စည်းများကိုမျှ ဝတ်ဆင်ခြင်း/ အသုံးပြုခြင်းများကို မပြုလုပ်ကြရန်၊

(ဂ) မဲရုံ၌ တည်ငြိမ်အေးချမ်းမှုရှိစေရန်၊ ရွေးကောက်ပွဲကို တရားမျှတစွာဖြစ်စေရန်နှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ မဲရုံအတွင်းသို့ စည်းကမ်းတကျဝင်ရောက်နိုင်ရေးနှင့် စနစ်တကျမဲပေးနိုင်ရေးတို့အတွက် မဲရုံတွင် တာဝန်ထမ်းဆောင်ကြသည့် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်နှင့် မဲရုံမှူး/ မဲရုံအဖွဲ့ဝင်တစ်ဦးဦးတို့က တာဝန်အရ ညွှန်ကြားခြင်းကို လိုက်နာဆောင်ရွက်ရန်။

၂။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကိုဗစ် - ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ လွတ်လပ်တရားမျှတ၍ တည်ငြိမ်အေးချမ်းစွာဖြင့် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲဆန္ဒရှင် ပြည်သူအားလုံးက ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးကြပါရန် ထပ်မံအသိပေးနှိုးဆော်အပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## တပ်ကုန်းမြို့၌ ယာယီမဲရုံများ ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေ နေပြည်တော်ကောင်စီဝင် ဦးညီထွန်းနှင့် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု

တပ်ကုန်း နိုဝင်ဘာ ၇

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်းရှိ ယာယီမဲရုံများ ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ယနေ့ နံနက် ၁၀ နာရီက နေပြည်တော်ကောင်စီဝင် ဦးညီထွန်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် နေပြည်တော်ကောင်စီဝင် ဦးညီထွန်း၊ နေပြည်တော်တိုင်း ကျန်းမာရေးမှူး ဒေါက်တာ မြတ်ဝဏ္ဏစိုး၊ ပြည်ထောင်စုနယ်မြေ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးသိန်းထွေးနှင့် တာဝန်ရှိသူများသည် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသူရဦး၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့်အတူ ကြို့ကုန်းကျေးရွာနှင့် နတ်မာကျေးရွာတို့ရှိ ယာယီမဲရုံများသို့သွားရောက်၍ ယာယီမဲရုံများတွင် မဲရုံအတွင်း/အပြင် ဆောင်ရွက်ထားရှိမှု၊ မဲရုံအတွင်း လျှို့ဝှက်ဆန္ဒပြုခန်းနှင့် သက်ဆိုင်ရာ လွှတ်တော်မဲပုံးများ စနစ်တကျထားရှိမှု အခြေအနေများနှင့် မဲဆန္ဒရှင်ပြည်သူများအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအစီအစဉ်များ၊ ရွေးကောက်ပွဲနေ့တွင် မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မဲရုံကိုယ်စားလှယ်များ၊ မဲရုံအဖွဲ့ဝင်များ၊ ရွေးကောက်ပွဲကြည့်ရှုလေ့လာသူများ နေရာချထားမှုနှင့် မဲဆန္ဒရှင်ပြည်သူများ အေးချမ်းစွာ ဆန္ဒမဲပေးနိုင်ရေးအတွက် ကြည့်ရှုစစ်ဆေးပြီးနောက် လိုအပ်သည်များ ဆွေးနွေးမှာကြားကြောင်း သိရသည်။

တင်စိုးလွင်



“ရွေးချယ်မှန်ကန် မဲပေးဖို့ mVoter ကိုသုံးကြစို့”

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၃၉ ( ဆ ) အရ ရွေးကောက်ပွဲတွင် ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးပြီးသူများမှအပ ဆန္ဒမဲပေးမည့်သူများသည် မဲရုံကို ကိုယ်တိုင်လာရောက်၍ ဆန္ဒမဲပေးရမည်။ ကိုယ်စားလှယ်စေလွှတ်၍ ဆန္ဒမဲပေးခြင်း မပြုရ။

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၈ ( ဃ ) အရ ဆန္ဒမဲပေးခြင်း ပျက်ပြားစေရန်ဖြစ်စေ၊ ရွေးကောက်ပွဲပျက်ပြားစေရန်ဖြစ်စေ စည်းဝေးဟောပြောခြင်း၊ လှုံ့ဆော်ခြင်း၊ ရေးသားခြင်း၊ ဖြန့်ချိခြင်း၊ ပိုစတာများ အသုံးပြုခြင်း သို့မဟုတ် အခြားနည်းဖြင့် အားထုတ်ကြိုးပမ်းခြင်းမပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံ ရနိုင်သည်။

# မဲဆန္ဒရှင်ပြည်သူများသို့ မေတ္တာရပ်ခံခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ရောဂါအန္တရာယ်ကင်းဝေးစွာဖြင့် ကျင်းပပြုလုပ်နိုင်ရေး အလေးထားဆောင်ရွက်လျက်ရှိပါသည်။

၂။ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲရုံပိတ်ပြီးနောက် မဲရုံများနှင့် သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် ဆန္ဒမဲရေတွက်ခြင်းများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ကြမည်ဖြစ်ပြီး ရလဒ်ပုံစံများကို သက်ဆိုင်ရာ မဲရုံများ၊ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် အချိန်နှင့်တစ်ပြေးညီ ကပ်ထားကြေညာပေးသွားမည် ဖြစ်ပါသည်။

၃။ တိုင်းဒေသကြီး/ ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများကလည်း လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသော ပုဂ္ဂိုလ်၏အမည်ကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကလည်း ရွေးကောက်တင်မြှောက်ခံရသော ပုဂ္ဂိုလ်များစာရင်းကို နိုင်ငံပိုင်ရုပ်မြင်သံကြားနှင့် နေ့စဉ်ထုတ်သတင်းစာ၊ UEC Website နှင့် Facebook စာမျက်နှာတို့မှ ထပ်ဆင့်ထုတ်ပြန်ကြေညာပေးသွားမည် ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် ရွေးကောက်ပွဲရလဒ်များ ရေတွက်ချိန်တွင် သတ်မှတ်ထားသည့် ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ လူစုလူဝေးမဖြစ်စေရန်အတွက် မိမိနေအိမ်မှသာ ရွေးကောက်ပွဲရလဒ်များကို စောင့်ကြည့်ရယူခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# မဲဆန္ဒရှင်ပြည်သူများသို့ အသိပေးကြေညာချက်

၁။ ယခုကာလတွင် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ဆန္ဒမဲပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီး/ ပြည်နယ်အချို့၌ UEC စာလုံးသုံးလုံး မပါဝင်သော အမှန်ခြစ်တံဆိပ်တုံးအတုများ ပေါ်ထွက်နေကြောင်း တွေ့ရှိရပါသည်။

၂။ သို့ဖြစ်ပါ၍ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲရုံသို့ လာရောက်မဲပေးကြရာ၌ ဆန္ဒမဲပေးခြင်းမပြုမီ ကြိုတင်၍ ဆန္ဒပြုအမှန်ခြစ် တံဆိပ်တုံးတွင် UEC စာလုံးသုံးလုံး ပါရှိခြင်း ရှိ/မရှိ ကြည့်ရှုစစ်ဆေးပြီး UEC စာလုံးပါရှိမှသာ မိမိမဲပေးလိုသော လွှတ်တော်ကိုယ်စားလှယ်လောင်း၏ အမည်နှင့်သင်္ကေတ အမှတ်အသားတည့်တည့်တွင်ရှိသော လေးထောင့်အကွက်အတွင်း၌ တံဆိပ်တုံးကိုနှိပ်၍ ဆန္ဒပြုကြရန် ဖြစ်ပါသည်။

၃။ အကယ်၍ ဆန္ဒပြုအမှန်ခြစ်တံဆိပ်တုံးတွင် UEC စာလုံးမပါရှိကြောင်း တွေ့ရှိရပါက သက်ဆိုင်ရာ မဲရုံမှူး၊ ဒုတိယမဲရုံမှူး သို့မဟုတ် မဲရုံအဖွဲ့ဝင်များသို့ ချက်ချင်းသတင်းပို့ အကြောင်းကြား လဲလှယ်ဆောင်ရွက်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ ( စ ) အရ ရွေးကောက်ပွဲတစ်ခုခုတွင် လွှတ်တော်မဲဆန္ဒနယ်တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်များအတွက် ဆန္ဒမဲပေးခြင်းမပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်သည်။

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ ( ဆ ) အရ ရွေးကောက်ပွဲတစ်ခုခုတွင် မိမိဆန္ဒမဲပေးပိုင်ခွင့်ရှိသော လွှတ်တော်မဲဆန္ဒနယ်အတွက် တစ်ကြိမ်ထက်ပို၍ ဆန္ဒမဲပေးခြင်း မပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်သည်။

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ (ဇ) အရ သူတစ်ပါးအယောင်ဆောင်၍ ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို လာရောက်တောင်းဆိုခြင်း သို့မဟုတ် ဆန္ဒမဲပေးခြင်း မပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်သည်။

## သီပေါမြို့၌ မဲရုံများပြင်ဆင်ထားရှိမှု တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**သီပေါ နိုဝင်ဘာ ၇**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်တွင် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရပ်ကွက်/ကျေးရွာ မဲရုံများ ပြင်ဆင်ထားရှိမှု အခြေအနေများကို ယနေ့နံနက် ၁၀ နာရီက တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးယဉ်ထွေး၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုင်းသာလှိုင်နှင့် ကော်မရှင်အဖွဲ့ခွဲဝင်များက မိုးတေကျေးရွာ အခြေခံပညာမူလတန်းကျောင်းရှိ မဲရုံအမှတ်(၁) နှင့် မဲရုံအမှတ်(၂) ကိုလည်းကောင်း၊ မန်မိုင်ကွန်စံလိတ်ကျေးရွာ မူလတန်းလွန်ကျောင်းရှိ မဲရုံပြင်ဆင်ထားရှိမှု အခြေအနေများကို လည်းကောင်း ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ပြည်သူများ လာရောက်မဲပေးရာ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုမရှိစေရေး၊ လူစုလူဝေးမဖြစ်ပေါ်စေရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များအတိုင်း စီစဉ်ဆောင်ရွက်ထားရှိမှုများနှင့် မဲရုံတွင် လိုအပ်နေမှုများကို တာဝန်ရှိသူများအား မှာကြားကြောင်း သိရသည်။

စိုင်း(သီပေါ)

## ပြင်ဦးလွင်မြို့ရှိ မျက်မမြင်များ အထူးစနစ်ဖြင့် ဆန္ဒမဲပေး

**ပြင်ဦးလွင် နိုဝင်ဘာ ၇**

ပြင်ဦးလွင်မြို့ ပရဟိတမျက်မမြင်ဘက်စုံပညာသင်ကျောင်းရှိ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဝန်ထမ်းများသည် နိုဝင်ဘာ ၇ ရက် နံနက်က အထူးစနစ်ဖြင့် ဆန္ဒမဲများ ပေးခဲ့ကြကြောင်း သိရသည်။

“ဒီကျောင်းမှာ မျက်မမြင် အမျိုးသားဦးရေ ၅၀ နဲ့ အမျိုးသမီး ၂၀ ရှိပါတယ်။ သူတို့တစ်တွေက မျက်မမြင်တွေဆိုတော့ အထူးစနစ်နဲ့ ဆန္ဒမဲပေးခွင့်ရကြပါတယ်။ အထူးစနစ်ဆိုတာ သူတို့ကို မဲမပေးခင် တစ်ရက်အလိုကတည်းက ကြိုတင်ပြီး ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နဲ့ တိုင်းဒေသကြီး လွှတ်တော်တွေမှာ ပါဝင်အရွေးချယ်ခံကြမယ့် ကိုယ်စားလှယ်လောင်းတွေရဲ့အမည်၊ ပါတီတွေကို အသိပေးကျက်မှတ်ခိုင်းထားပါတယ်။ မဲပေးတော့မယ့်အချိန်မှာ သူတို့စိတ်ကြိုက်ဆန္ဒရှိတဲ့ ကိုယ်စားလှယ်လောင်းနဲ့ သက်ဆိုင်ရာ ပါတီအမည်ကို နံပါတ်အလိုက် လက်ထောက်ပြသပေးပြီး သူတို့ကိုယ်တိုင်ယုံကြည်ရွေးချယ်ထားတဲ့ အကူပုဂ္ဂိုလ်တွေရဲ့အကူအညီတွေနဲ့ တံဆိပ်တုံးထု ဆန္ဒပြုမဲထည့်စေပါတယ်။ မျက်မမြင်တွေ ဆန္ဒမဲပေးရတာဆိုတော့ တစ်ရက်ကြိုတင်အစမ်းလေ့ကျင့်ပေးရတာက လွဲလို့ တခြားအခက်အခဲတွေ မရှိပါဘူး” ဟု မျက်မမြင်ကျောင်းမှ ဆရာဦးသိန်းထူးက ပြောသည်။

အဆိုပါဆန္ဒမဲပေးပွဲသို့ ပြင်ဦးလွင်ခရိုင် အထွေထွေ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးဇော်ဝင်းနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက လာရောက်ကြည့်ရှုအားပေးကြပြီး မျက်မမြင်ဦးရေ ၇၀၊ ကျောင်းဝန်ထမ်း ၂၇ ဦး စုစုပေါင်း ၉၇ ဦး ဆန္ဒမဲပေးကြကြောင်း သိရသည်။

သက်နိုင်(ပြင်ဦးလွင်)



၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် ပြည်ခရိုင် ပြည်မြို့နယ်မှ ဝင်ရောက် ယှဉ်ပြိုင်ကြမည့် လွှတ်တော် ကိုယ်စားလှယ်များအတွက် နိုဝင်ဘာ ၇ ရက်က မဲရုံသို့ သွားရောက်မဲမပေးနိုင်သည့် သက်ကြီး မဲဆန္ဒရှင်တစ်ဦး ကြိုတင်ဆန္ဒမဲပေးနေစဉ်။

မြင့်နိုင်(ပြည်)

# လုပ်ဖော်ကိုင်ဖက်မှ အကြီးအကဲအဖြစ် ပြောင်းလဲရောက်ရှိခြင်း

## ကောင်းမွန်

**သင့်အနေဖြင့် လုပ်ဖော်ကိုင်ဖက်များအပေါ် ကြီးကြပ်ရသူအဖြစ်သို့ ပြောင်းလဲရောက်ရှိချိန်တွင် ၎င်းတို့၏ ပူးပေါင်းဆောင်ရွက်မှုအတွက် ညင်သာပျော့ပျောင်းသည့် အပြောင်းအလဲဖြစ်ရေးမှာ လွန်စွာ အရေးကြီးသည်။**

ယနေ့ လုပ်ငန်းဌာနများ၊ စီးပွားရေးလုပ်ငန်းများ၌ ပြန်လည်ပြင်ဆင်ဖွဲ့စည်းမှုများမှာ အစဉ်အလာလို ဖြစ်လာပြီး သင့်အနေဖြင့် နေချင်းညချင်းဆိုသလို အဆင့်တူဝန်ထမ်းများ၊ လုပ်ဖော်ကိုင်ဖက်များအပေါ် ပြန်လည်ကြီးကြပ်ရသည့် အနေအထားသို့ ရောက်ရှိလာသည်ကို တွေ့ရှိရလိမ့်မည်ဖြစ်သည်။

ကြီးကြပ်သူအခန်းကဏ္ဍသို့ ပြောင်းလဲရခြင်းသည် စိတ်လှုပ်ရှားဖွယ်ကောင်းပြီး သင်၏လုပ်ငန်းဘဝ၌ အဆင့်သစ်တစ်ရပ်ဖြစ်မည်ဖြစ်သော်လည်း သင်၏ လုပ်ဖော်ကိုင်ဖက်များ၊ အထူးသဖြင့် သင့်ထံ အစီရင်ခံရမည့်သူများ၊ ဆက်ဆံရေးကဏ္ဍ၌ အပြောင်းအလဲများနှင့် ကြုံတွေ့ရမည်ကို ကြိုတင်တွက်ဆထားသင့်သည်။

သင်၏ ခေါင်းဆောင်မှုအခန်းကဏ္ဍ၌ အောင်မြင်ရေးမှာ တိုက်ရိုက်အစီရင်ခံရမည့် အပြုသဘောဆောင်သော လုပ်ငန်းပိုင်းဆက်ဆံရေး တည်ဆောက်မှုနှင့် လိုအပ်သည့်အခါ ဩဇာအာဏာအသုံးပြုနိုင်မှုတို့အပေါ် ကောင်းစွာ မူတည်သည်။

အောက်ဖော်ပြပါအချက်များမှာ သင့်အနေဖြင့် လုပ်ဖော်ကိုင်ဖက်များအပေါ် ကြီးကြပ်ရသူအဖြစ်သို့ ပြောင်းလဲ ရောက်ရှိချိန်တွင် တတ်နိုင်သမျှ ညင်သာပျော့ပျောင်းစွာ ပြောင်းလဲနိုင်ရေးအတွက် အထောက်အကူဖြစ်စေမည့် ကိစ္စရပ်များဖြစ်ကြသည်–

**(က) သင်၏ အဖွဲ့နှင့် တွေ့ဆုံရေး**

သင့်အနေဖြင့် မိမိကြီးကြပ်ရမည့်သူများနှင့် တွေ့ဆုံရေးသည် ပထမဦးဆုံး အလေးဂရုပြု ဆောင်ရွက်ရမည့် အချက်ဖြစ်သည်။

သင်အနေဖြင့် ကြီးကြပ်ရမည့်သူများက အောက်ပါ အချက်များကို သိရှိနားလည်ထားကြစေရန် ၎င်းတို့ တစ်ဦးချင်းစီနှင့် တွေ့ဆုံစကားပြောသင့်သည်–

- ဌာနအတွင်း ၎င်းတို့၏ တာဝန်ဝတ္တရားများ အပါအဝင် ၎င်းတို့၏အခန်းကဏ္ဍ၊ ယင်းတို့ အနက် မကြာသေးမီက ဝန်ထမ်းအပြောင်းအလဲများ၊ လုပ်ငန်းကုမ္ပဏီအနေဖြင့် ပိုမိုအလေးဂရုပြုမည့် နယ်ပယ်တို့ကြောင့် ဖြစ်ပေါ်လာမည့် တာဝန် ဝတ္တရားများနှင့် အခန်းကဏ္ဍ အပြောင်းအလဲ ရှိလာနိုင်ကြောင်း၊
- သင်၏မျှော်မှန်းချက်များနှင့် ယခင်လုပ်ငန်းအကြီးအကဲ၊ မန်နေဂျာတို့၏ မျှော်မှန်းချက်များနှင့် မည်သို့ကွာခြားမှုရှိကြောင်း၊ ဥပမာအားဖြင့် လုပ်ငန်းစီမံချက်အသစ်များအတွက် သုတေသန လုပ်ကိုင်ရာတွင် ပိုမိုထိရောက်မှုရှိစေရေးအတွက် ကြော်ငြာ မိတ္တူရေးသားသူတစ်ဦး ရှာဖွေရန်၊ သို့မဟုတ် လုပ်ငန်းများ ပိုမိုလုပ်ကိုင်နိုင်ရန် ရည်ရွယ်လျက် အဖွဲ့အစည်းအတွင်းမှ အတွေ့အကြုံရှိသည့် အဖွဲ့ဝင်တစ်ဦးကို တွဲဖက်ပေးနိုင်ကြောင်း၊
- တာဝန်ရှိမှုကို မည်ကဲ့သို့ တိုင်းတာသွားမည်ဖြစ်ကြောင်း၊

အဆိုပါအစည်းအဝေးများမှတစ်ဆင့် သင့်အနေဖြင့် လုပ်ငန်းအဖွဲ့ဝင်များ၏ လုပ်ငန်းပိုင်း မျှော်မှန်းချက်များ၊ ပုဂ္ဂိုလ်ရေးရည်မှန်းချက်များကို ပိုမိုသိရှိနားလည်စေပြီး ယင်းရည်မှန်းချက်များ ပြည့်ဝရေးအတွက် သင့်အနေဖြင့် မည်ကဲ့သို့ ပံ့ပိုးကူညီနိုင်မည် ဆိုသည့်အချက်အပေါ် အထောက်အကူပြုစေသင့်သည်။

ထို့ပြင် ဝန်ထမ်းများအနေဖြင့် စီမံခန့်ခွဲမှု အပြောင်းအလဲကြောင့် စိုးရိမ်ပူပန်မှုများ သို့မဟုတ် အခြားသော မေးခွန်းများရှိလာပါက ထုတ်ဖော်ပြောကြားနိုင်ရန် အခွင့်အရေး ပေးသင့်သည်။ သို့မှသာ သာမန်ကိစ္စရပ်များမှ ပြဿနာအဖြစ်သို့ ပြောင်းလဲခြင်း မရှိမီ သင့်အနေဖြင့် ဖြေရှင်းနိုင်မည်ဖြစ်သည်။

**“စီမံခန့်ခွဲသူတစ်ဦး၊ အကြီးအကဲတစ်ဦး ဖြစ်လာခြင်းမှာ ပိုမိုတိုးတက် အောင်မြင်မှုအတွက် ပထမဦးဆုံးခြေလှမ်းဖြစ်တတ်သည်။ ယင်းအခြေအနေမျိုး၌ ကောင်းမွန်စွာ စီမံခန့်ခွဲမှု မရှိနိုင်သည့် ပြောင်းလဲမှုက သင်၏တိုးတက်မှုကို ပျက်ပြားစေနိုင်သည်။ သင်၏ အဖွဲ့ဝင်များနှင့် ပွင့်ပွင့်လင်းလင်း ထိတွေ့ဆက်ဆံခြင်း၊ တစ်ချိန်တည်းတွင် နယ်နိမိတ်စည်း အကန့်အသတ်ထားရှိခြင်း၊ ယင်းကဲ့သို့ပြောင်းလဲမှုမျိုးကို အောင်မြင်စွာ ဆောင်ရွက်ခဲ့သူများထံမှ နည်းလမ်းများ မေးမြန်းလေ့လာခြင်းတို့ဖြင့် လုပ်ဖော်ကိုင်ဖက်အဖြစ်မှ အကြီးအကဲတစ်ဦးအဖြစ်သို့ ပြောင်းလဲမှုလုပ်ငန်းစဉ်ကို ချောမွေ့စေမည်ဖြစ်”**

**(ခ)နယ်နိမိတ် ပိုင်းခြားသတ်မှတ်ရန်**

သင့်အနေဖြင့် ရာထူးအသစ်၏ နေ့စဉ်တာဝန်ဝတ္တရားများကို နားလည်ရေးမှာ လွယ်ကူသည့် အပိုင်းဖြစ်သည်။ သင့်အခန်းကဏ္ဍ၏ သိမ်မွေ့မှုကိုမူ တစ်ခါတစ်ရံ တိုင်းတာရန် ခက်ခဲလှသည်။ ဥပမာအားဖြင့် တစ်နေ့တာလုပ်ငန်းများ ပြီးစီးချိန်တွင် လုပ်ငန်းအဖွဲ့ဝင်များနှင့် ပြင်ပသို့ထွက်၍ အတူစားသောက်ကြရန် သင့်-မသင့်၊ ယခင်ကကဲ့သို့ပင် လုပ်ဖော်ကိုင်ဖက်များနှင့် ရင်းရင်းနှီးနှီး နောက်ပြောင်ပြောဆိုရန် သင့် မသင့် စသည့် အချက်များဖြစ်သည်။ ယင်းတို့အတွက် စံပြအဖြေများ မရှိသော်လည်း သေချာသည့် အချက်မှာ သင့်အနေနှင့် ကြီးကြပ်သူတစ်ဦးအနေဖြင့် နယ်နိမိတ်စည်း သတ်မှတ်ထားရန် လိုမည်ဖြစ်သည်။

ဥပမာအားဖြင့် သင်၏ ယခင်အခန်းကဏ္ဍ၌ စီမံခန့်ခွဲမှု ဆုံးဖြတ်ချက်များနှင့် ပတ်သက်၍ စိတ်အနှောင့်အယှက်ဖြစ်မိသည့်အခါ လုပ်ဖော်ကိုင်ဖော်များနှင့် ဆွေးနွေးပြောဆိုမှုများ ပြုလုပ်ကောင်း ပြုလုပ်ခဲ့မည်ဖြစ်သည်။ သို့ရာတွင် ယခုအခါ သင်ကိုယ်တိုင် စီမံခန့်ခွဲမှု အဖွဲ့၏ တစ်စိတ်တစ်ပိုင်း ဖြစ်လာသည့်အလျောက် စံနမူနာအနေဖြင့် နေထိုင်ပြောဆိုရန် လိုအပ်မည်ဖြစ်သည်။ ဆိုလိုသည်မှာ မှန်ကန်သည့် ဆုံးဖြတ်ချက် ချမှတ်ခြင်း၊ အားပေး ထောက်ပံ့မှုနှင့် လမ်းညွှန်မှုပေးအပ်ခြင်းတို့ဖြစ်ပြီး တစ်ချိန်တည်းတွင် မည်မျှပင် ထိခိုက်စေရန် မရည်ရွယ်စေကာမူ ၎င်းတို့အပေါ် ပြစ်တင်ဝေဖန်ခြင်းမျိုး မပြုမိရန် ဖြစ်သည်။

**(ဂ)မျက်နှာသာပေးခြင်း မပြုရန်**

သင့်အနေဖြင့် အချို့သော လုပ်ဖော်ကိုင်ဖက်အဖြစ် လက်တွဲဆောင်ရွက်ဖူးသူများနှင့် ပိုမို နီးကပ်မှုရှိမည်ဖြစ်သည်။ သို့ရာတွင် ကြီးကြပ်သူတစ်ဦးဖြစ်လာသည့်အခါ ၎င်းတို့ အားလုံးကို၊ အဖွဲ့ဝင်တိုင်းကို တန်းတူအလေးထားမှု လေးစားမှုဖြင့် ဆက်ဆံရမည် ဖြစ်သည်။ အဖွဲ့ဝင်အချို့ကိုသာ ရွေးချယ်တာဝန်ပေးမှုက မျက်နှာသာပေးသည့် သဘောမျိုးဖြစ်တတ်ကြောင်း သတိပြုရန်လိုသည်။

ထို့ထက်အရေးကြီးသည်မှာ အဖွဲ့ဝင်အချို့ကိုသာ ရွေးချယ်၍ အလေးပေးခြင်းက လုပ်ငန်းအဖွဲ့အတွင်း အခြားသောအရည်အသွေးရှိသူတို့အပေါ် သတိမပြုမိခြင်းမျိုးဖြစ်စေတတ်သည်။ အဖွဲ့၏ခေါင်းဆောင်၊ အကြီးအကဲ၊ မန်နေဂျာတစ်ဦးအနေဖြင့် လုပ်ငန်းအဖွဲ့ဝင်တိုင်းက အဖွဲ့အစည်းအတွက် အပြုသဘောဆောင်သည့် ပံ့ပိုးကူညီမှု ရှိစေရန် လုပ်ဆောင်သင့်သည်။ ယင်းအတွက် လုပ်ငန်းအဖွဲ့ဝင်တိုင်း လုပ်ဆောင်ရမည့် အလုပ်တာဝန် ဆီလျော်မှု ရှိစေရေးနှင့် လုပ်ငန်းပိုင်းကို မျှတစွာ တာဝန်ပေးအပ်နိုင်ရေး အလေးဂရုပြု ဆောင်ရွက်ရမည်ဖြစ်သည်။

**(ဃ)လိုအပ်သည့်အခါ ခိုင်မာပြတ်သားမှု ရှိရန်**

သင့်အနေဖြင့် အကောင်းဆုံး ကြိုးပမ်းစေကာမူ အချို့အချို့သော လုပ်ငန်းအဖွဲ့ဝင်များက သင်၏ညွှန်ကြားချက်ကို အလေးဂရုမပြုကြခြင်း၊ သတ်မှတ်ထားသည့် အချိန်အတွင်း လုပ်ငန်းကိုပြီးစီးအောင် မဆောင်ရွက်ခြင်း၊ လုပ်ငန်းအစည်းအဝေးသို့ ပုံမှန် နောက်ကျလာရောက်ခြင်း တို့ဖြင့် သင်၏ဩဇာအာဏာကို စမ်းသပ်ရန် ကြိုးပမ်းကောင်း ကြိုးပမ်းကြမည်ဖြစ်သည်။ ယင်းကဲ့သို့ အခြေအနေမျိုးတွင် ခိုင်မာပြတ်သားစွာ ဆုံးဖြတ်ဆောင်ရွက်သင့်သည်။

သင်၏ရည်မှန်းချက်ကို လုပ်ငန်းအဖွဲ့ဝင်တိုင်းက သိရှိထားသင့်သည်။ လုပ်ငန်းဆောင်ရွက်ချက်များကို စနစ်တကျ မှတ်တမ်းထားရှိသင့်သည်။ ရံဖန်ရံခါ စည်းမျဉ်းပိုင်းနှင့်ပတ်သက်၍ အထိုက်အလျောက် လျှော့ပေါ့ပေးရန် စဉ်းစားကောင်း စဉ်းစားမိလိမ့်မည်။ အထူးသဖြင့် နှစ်ပေါင်းများစွာ သင်နှင့်လက်တွဲလုပ်ဆောင်လာသူများအပေါ် စည်းကမ်းပိုင်းနှင့်ပတ်သက်၍ လျှော့ပေါ့ဆောင်ရွက်မည်ဆိုပါက သင့်အနေဖြင့် ဖယ်ရှားရန် ကြိုးပမ်းနေသည့် အပြုအမူများကို တစ်ဖက်တစ်လမ်းမှ အားပေးသကဲ့သို့ ရှိနေမည်ဖြစ်သည်။

**(င)လမ်းညွှန်မှု ခံယူရန်**

သင်အနေဖြင့် ကြီးကြပ်သူ၊ အကြီးအကဲတစ်ဦးအနေဖြင့် မည်သို့သော လုပ်ငန်းပိုင်း စိန်ခေါ်မှုမျိုးနှင့် ကြုံတွေ့ရသည့်တိုင် သင်သည် ယင်းကဲ့သို့ကိစ္စရပ်များနှင့် ရင်ဆိုင်ရသည့် ပထမဦးဆုံး ပုဂ္ဂိုလ် မဟုတ်ကြောင်း အမှတ်ရသင့်သည်။

အမှန်စင်စစ် သင်၏လုပ်ငန်းဌာန၊ ကုမ္ပဏီအတွင်း စီမံခန့်ခွဲမှု အခန်းကဏ္ဍသို့ ပြောင်းလဲ ရောက်ရှိပြီးနောက် လုပ်ဖော်ကိုင်ဖက်များနှင့် ဆက်ဆံရေးနယ်ပယ်သစ်ကို အောင်မြင်စွာဖော်ဆောင်နိုင်သူ အများအပြားရှိနိုင်သည်။

ယင်းကဲ့သို့ အခက်အခဲများကို ကျော်လွှားပြီး အောင်မြင်မှုရရှိသူများနှင့် တွေ့ဆုံ၍ ၎င်းတို့၏ နည်းလမ်းများကို မေးမြန်းလေ့လာသင့်သည်။

အချုပ်ဆိုရသော် စီမံခန့်ခွဲသူတစ်ဦး၊ အကြီးအကဲ တစ်ဦး ဖြစ်လာခြင်းမှာ ပိုမိုတိုးတက် အောင်မြင်မှုအတွက် ပထမဦးဆုံးခြေလှမ်း ဖြစ်တတ်သည်။ ယင်းအခြေအနေမျိုး၌ ကောင်းမွန်စွာ စီမံခန့်ခွဲမှု မရှိနိုင်သည့် ပြောင်းလဲမှုက သင်၏တိုးတက်မှုကို ပျက်ပြားစေနိုင်သည်။ သင်၏ အဖွဲ့ဝင်များနှင့် ပွင့်ပွင့်လင်းလင်း ထိတွေ့ဆက်ဆံခြင်း၊ တစ်ချိန်တည်းတွင် နယ်နိမိတ်စည်း အကန့်အသတ်ထားရှိခြင်း၊ ယင်းကဲ့သို့ပြောင်းလဲမှုမျိုးကို အောင်မြင်စွာ ဆောင်ရွက်ခဲ့သူများထံမှ နည်းလမ်းများ မေးမြန်းလေ့လာခြင်းတို့ဖြင့် လုပ်ဖော်ကိုင်ဖက်အဖြစ်မှ အကြီးအကဲတစ်ဦးအဖြစ်သို့ ပြောင်းလဲမှုလုပ်ငန်းစဉ်ကို ချောမွေ့စေမည်ဖြစ်သည်။ ။

# ကချင်ပြည်နယ်ဝန်ကြီးချုပ် နန့်ခမ်း၊ မလိခ၊ ပြည်ထောင်၊ နန်းကွေ့ကျေးရွာများဖွံ့ဖြိုးတိုးတက်ရေးစစ်ဆေး

**မြစ်ကြီးနား နိုဝင်ဘာ ၇**

ကချင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ ခက်အောင်သည် ပြည်နယ်စိုက်ပျိုး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာလ ပထမပတ်က မြစ်ကြီးနားမြို့နယ်အတွင်းရှိ နန့်ခမ်း၊ မလိခ၊ ပြည်ထောင်၊ နန်းကွေ့ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်သည် နန့်ကွေ့ကျေးရွာအုပ်စု၊ နန့်ခမ်းကျေးရွာ၌ ရွာတွင်းဝင်ရောက်သည့် အဓိကလမ်းမကြီး ခင်းကျင်းဆောင်ရွက်ပေးနိုင်ရေး၊ လျှပ်စစ်မီးသွယ်တန်းပေးနိုင်ရေးအတွက် ကျေးရွာ တာဝန်ရှိသူများ၊ ရပ်မိ/ရပ်ဖများနှင့် တွေ့ဆုံပြီး ဌာနဆိုင်ရာများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။ (ယာပုံ)

ထိုမှတစ်ဆင့် မလိခကျေးရွာသို့ သွားရောက်ပြီး ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ ရပ်မိ/ ရပ်ဖများနှင့်တွေ့ဆုံပြီး ကျေးရွာအခြေခံပညာကျောင်း တိုးချဲ့စာသင်ဆောင်သစ်ရရှိရေး၊ အားကစားကွင်း ရရှိရေး၊ သုသာန်သွားလမ်း ခင်းကျင်းပေးနိုင်ရေး၊ မူးယစ်ဆေးဝါးနှိမ်နင်းပေးနိုင်ရေးနှင့် ကျေးရွာအုပ်စုပြောင်းလဲသတ်မှတ်ရေးတို့နှင့် ပတ်သက်၍ တင်ပြ တောင်းဆိုမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ် မူတည်၍ အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါကြောင်းနှင့် ချက်ချင်းဆောင်ရွက်ပေးနိုင်သည်များကို ချက်ချင်း ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး တချို့လုပ်ငန်းများကို စီမံကိန်းလုပ်ငန်းများတွင် ထည့်သွင်းရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း ရှင်းလင်းပြောကြားကာ ကဏ္ဍအလိုက် ဖြည့်ဆည်းပေးနိုင်ရေး ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။



ထို့နောက် ပြည်ထောင်ကျေးရွာသို့ ဆက်လက် ထွက်ခွာခဲ့ပြီး ပြည်ထောင်–မလိခကျေးရွာချင်းဆက်လမ်းခင်းကျင်းပေးနိုင်ရေး၊ ကျေးလက်ကျန်းမာရေးဌာနခွဲရရှိရေး၊ ဆရာ ဆရာမ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပေးနိုင်ရေးအတွက် ရပ်မိ/ရပ်ဖများ၊ ဌာနဆိုင်ရာများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယင်းနောက် နန်းကွေ့ကျေးရွာ၌ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပပြုလုပ်နိုင်ရေးအတွက် ထွန်းတောက်စာကြည့်တိုက်နှင့် အခြေခံပညာ အလယ်တန်းကျောင်းအတွင်း မဲရုံများ ဖွင့်လှစ်ထားရှိမှုကို ကိုဗစ်–၁၉ ကာကွယ်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ စံလုပ်ငန်း လမ်းညွှန်ချက်များနှင့်အညီ ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်ဆည်းပေးနိုင်ရေး ရပ်ကွက်တာဝန်ရှိသူများ၊ မဲရုံဝန်ထမ်းများအား မေးမြန်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ပြီး နန်းကွေ့မှ မြစ်ကြီးနားမြို့သို့ ဆက်သွယ်ထားသည့်လမ်း ခင်းပေးနိုင်ရေး ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်နယ်(ပြန်/ဆက်)

# ရန်ကုန်တက္ကသိုလ် ကျောင်းဆောင်နေ ကျောင်းသားဘဝဖြတ်သန်းမှု

•••••• ပဒိုဂျူဘာလီစံလှ ••••••

**အောက်တိုဘာ ၃၁ ရက်နေ့ မြန်မာ့အလင်းသတင်းစာတွင် ဒေါက်တာဦးသန်းဦးက "ရန်ကုန်တက္ကသိုလ်နေ ကျောင်းသားဘဝ"ခေါင်းစဉ်ဖြင့် ဆောင်းပါးရေးသားခဲ့ရာတွင် "အချုပ်အားဖြင့် စာရေးသူအနေဖြင့် တင်ပြဆွေးနွေးလိုသည်မှာ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ စသည့် ကျောင်းသားဘဝတွင် စာသင်သားဘဝသက်သက်ဖြင့် ပြည့်စုံလုံလောက်မှု မရှိပါ၊ အဆောင်နေဘဝပါ တစ်ပါတည်း ထည့်သွင်းပါဝင်မှုပြုပါမှ ပြည့်စုံသောဘဝကို မုချရရှိကြရလိမ့်မည်ဖြစ်ပါသည်"ဟု ရေးသားထားသည်ကို တွေ့ရပါသည်။**



၁၉၅၇-၅၈ ခုနှစ် မန္တလေးဆောင်မှ S & R (Social & Reading Club) အမှုဆောင် ကျောင်းသားများ။

### ကျောင်းသားများအတွက် အထူးတန်ဖိုးရှိ

ဤရေးသားချက်သည် မှန်ကန်ပါသည်။ မြန်မာ့ပညာရေးလောကမှ ပုဂ္ဂိုလ်များ တက္ကသိုလ်ပညာကို ဆက်လက်သင်ကြားနိုင်မည့် ကျောင်းသားများအတွက် အထူးတန်ဖိုးရှိပါသည်။ ကျွန်တော့် မြေးတစ်ဦးသည် စက်မှုတက္ကသိုလ်တွင် ပညာသင်ကြားခဲ့ပါသည်။ တက္ကသိုလ်ကျောင်းဆောင်မရှိသဖြင့် တက္ကသိုလ်အနီး ရပ်ကွက်ထဲရှိ အိမ်မှာငှားနေပြီး ကျောင်းတက်ပါသည်။ သူ့မိဘက ငွေလုံလုံလောက်လောက် ပေးပါသည်။ တစ်ပတ်တစ်ခါ အစားကောင်းများပို့ပေးပါသည်။ သူ သုံးနှစ်နေပြီး ကျောင်းမှ ထွက်လိုက်ရပါသည်။ အကြောင်းကတော့ မူးယစ်ဆေးဝါးသုံးသဖြင့် ကျောင်းလည်းမမှန်၊ စာမေးပွဲလည်း မအောင်၍ ကျောင်းမှ ထွက်ခဲ့ရခြင်းဖြစ်ပါသည်။ သို့ဖြစ်၍ ဆရာကြီး ဒေါက်တာဦးသန်းဦး၏ ရေးသားချက်ကို လက်ခံတန်ဖိုးထားခြင်း ဖြစ်ပါသည်။

### ကျောင်းသားဘဝဖြတ်သန်းမှု

ဆရာကြီးက တက္ကသိုလ် သစ်သားကျောင်းဆောင်များနှင့် ကျောင်းဆောင်ဟောင်းများအကြောင်းကို ပြည့်ပြည့်စုံစုံ ရေးပြခဲ့ပါသည်။ ကျွန်တော်က ကျောင်းဆောင်သစ်တွင် ပညာသင်ကြားခဲ့ရသူဖြစ်သဖြင့် ကျောင်းဆောင်သစ်နေ ကျောင်းသားဘဝကို တင်ပြလိုပါသည်။ တက္ကသိုလ်ကျောင်းသားများအတွက် ကျောင်းဆောင်သစ်များကို ၁၉၅၄ ခုနှစ်မှစ၍ အဆောင်လေးဆောင် ဖွင့်လှစ်ပေးခဲ့ပါသည်။ ရာမည၊ အမရကျောင်းဆောင်တို့မှာ အင်ဂျင်နီယာနှင့် သစ်တောကျောင်းသားများအတွက် ဖြစ်သည်။ မန္တလေးဆောင်နှင့် တောင်ငူဆောင်၌ ဝိဇ္ဇာသိပ္ပံနှင့် ပထမ၊ ဒုတိယနှစ် ဆေးကျောင်းသားများကို နေစေပါသည်။ ယခုအခါ ထိုအဆောင်လေးဆောင်မှာ ကျောင်းနေသောအဆောင် မဟုတ်တော့ပါ။ တက္ကသိုလ်ပညာရပ်ဌာနများ ဖြစ်နေပါသည်။ သို့ဖြစ်၍ ၁၉၆၂ ခုနှစ်နောက်ပိုင်း ကျောင်းသားများ အဆိုပါကျောင်းဆောင် လေးဆောင်ကို မသိကြတော့ပေ။

### မန္တလေးဆောင်မှာနေခဲ့

ကျွန်တော်က မန္တလေးဆောင်မှာ ၁၉၅၆ ခုနှစ်မှ ၁၉၅၉ ခုနှစ်အထိ နေခဲ့ပါသည်။ မန္တလေးဆောင်၏ ထူးခြားချက်များကို တွေ့ခဲ့ရပါသည်။ ဝိဇ္ဇာ၊ သိပ္ပံ ကျောင်းသားများနေသော မန္တလေးဆောင်နှင့် တောင်ငူဆောင် အဆောင်မှူးများမှာ အားကစားသမားများ ဖြစ်ကြပါသည်။ တောင်ငူအဆောင်မှူးမှာ အလေးမသမား ဖြစ်ပြီး မန္တလေးအဆောင်မှူးမှာ ဆရာငြိမ်း ဖြစ်ပါသည်။ ဆရာငြိမ်းသည် ရန်ကုန်တက္ကသိုလ် အားကစားအရာရှိ ဖြစ်ပါသည်။ ထိုစဉ်က ရန်ကုန်တက္ကသိုလ် ဘောလုံးအသင်းသည် အောင်ဆန်းဒိုင်းကိုပင် ရထားပါသည်။ တက္ကသိုလ်ဘောလုံးအသင်း၏ နည်းပြမှာ ဆရာငြိမ်း ဖြစ်ပါသည်။ ဆရာငြိမ်းသည် ထိုစဉ်က အိမ်ထောင်မရှိသေး၍ သူ၏အခန်းကို တက္ကသိုလ် ဘောလုံးအသင်းသားများကို နေစေပါသည်။ ထိုစဉ်က လက်ရွေးစင်များနေရာ၌ ကောလိပ်ဂျင်နေဝင်း၊ ကိုညို၊ အီယန်ကဲတို့ နေကြပါသည်။ မန္တလေးကျောင်းဆောင်တွင် မြန်မာနိုင်ငံအနှံ့မှ ကျောင်းသားများ ရှိကြပါသည်။ ရှမ်းပြည်နယ်မှ ကိုချစ်ထူး၊ ကိုစန်းမောင်၊ ကချင်ပြည်နယ်မှ ကိုညို၊ တနင်္သာရီတိုင်းမှ ကိုစိုးမောင်၊ မော်လမြိုင်မှ ကိုမောင်မောင် (ရွှေနေသထုံမောင်မောင်)၊ ကိုအုန်းခိုင်(လေတပ်မှ ဗိုလ်မှူးကြီး အုန်းခိုင်)၊ ရခိုင်ပြည်နယ်မှ ကိုအောင်ဘန်း၊ ကိုခင်အောင်။ ချင်းကျောင်းသားများလည်း ရှိပါသည်။ ကရင်အမျိုးသားဖြစ်သော ကျွန်တော်၊ ဒေါက်တာဆိုင်းမွန်သာ၊ မန်းစိန်သောင်းကြွယ်နှင့် စောလိုင်နာတို့ရှိကြပါသည်။ နောင်တွင် နိုင်ငံ့တာဝန်ကြီးများကို ဖော်ဆောင်ကြသော ဗိုလ်မှူးကြီး အောင်ဖုန်း(ဝန်ကြီး-ငြိမ်း)၊ ဦးပန်းအောင် (ပညာရေးဝန်ကြီး-ငြိမ်း)၊ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း(ငြိမ်း)၊ ဒေါက်တာမြဦး ဒုဝန်ကြီး-(ငြိမ်း)၊ ဗိုလ်မှူးကြီး ကျော်ရှိန် (ငြိမ်း)၊ ဗိုလ်မှူး တင်အုန်း(ငြိမ်း)၊ ဦးဝင်းကြည် ဟိုတယ်လုပ်ငန်းမန်နေဂျာ(ငြိမ်း)၊ ဦးအုန်းခင် ပညာဌာန(ငြိမ်း)၊ ဒေါက်တာခင်မောင်ဝင်း (ပညာရေးဝန်ကြီး-ငြိမ်း)၊ ဒေါက်တာတင်အောင်အေး (တက္ကသိုလ်ပါမောက္ခချုပ်-ငြိမ်း)တို့ နေခဲ့ကြပါသည်။

*စာမျက်နှာ ၁၉ သို့*

**"တက္ကသိုလ်ကျောင်းသားများအတွက် ကျောင်းဆောင်သစ်များကို ၁၉၅၄ ခုနှစ်မှစ၍ အဆောင်လေးဆောင် ဖွင့်လှစ်ပေးခဲ့ပါသည်။ ရာမည၊ အမရကျောင်းဆောင်တို့မှာ အင်ဂျင်နီယာနှင့် သစ်တောကျောင်းသားများအတွက် ဖြစ်သည်။ မန္တလေးဆောင်နှင့် တောင်ငူဆောင် ၌ ဝိဇ္ဇာသိပ္ပံနှင့် ပထမ၊ ဒုတိယနှစ် ဆေးကျောင်းသားများကို နေစေပါသည်။ ယခုအခါ ထိုအဆောင် လေးဆောင်မှာ ကျောင်းနေသော အဆောင် မဟုတ်တော့ပါ။ တက္ကသိုလ်ပညာရပ်ဌာနများ ဖြစ်နေပါသည်"**



## ပဒိုဂျူဘာလီစံလှ၏ ကိုယ်ရေးအကျဉ်း

- အမည်ရင်းမှာ ဦးစောဂျူဘာလီစံလှ ဖြစ်သည်။
- ၁၉၃၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်တွင် သာယာဝတီမြို့၌ မွေးဖွားသည်။
- ထားဝယ် ABM ကျောင်း၊ ဥပစာကောလိပ်၊ မော်လမြိုင်နှင့် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ (ဂုဏ်ထူး) ရရှိသည်။
- ၁၉၅၉ ခုနှစ်တွင် ကရင်ပြည်နယ် အကြီးတန်းအုပ်ချုပ်မှုဦးစီးဌာနတွင် ဝင်ရောက် စတင်တာဝန်ထမ်းဆောင်သည်။ သံတောင်၊ ဖာပွန်၊ ကသာ၊ မုံရွာနယ်ပိုင်ဝန်ထောက်၊ အင်းစိန်ခရိုင် ငွေတိုက်ဝန်ထောက်၊ ကရင်ပြည်နယ် ပြည်သူ့ကောင်စီ လ/ထညွှန်ကြားရေးမှူး၊ ရန်ကုန်အထွေထွေအုပ်ချုပ်မှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး၊ ပဲခူးတိုင်း တိုင်းမင်းကြီး၊ ရန်ကုန်အထွေထွေအုပ်ချုပ်မှုဦးစီးဌာန ရုံးချုပ်၊ ညွှန်ကြားရေးမှူး တာဝန်များ ထမ်းဆောင်ခဲ့သည်။
- ၂၀၁၀ မှ ၂၀၁၅ အထိ ပဲခူးတိုင်းဒေသကြီး ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ထမ်းဆောင်ခဲ့ပြီး။
- အောင်ရတနာလမ်း၊ ၂၇ ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) ရန်ကုန်မြို့တွင် နေထိုင်သည်။



ရန်ကုန်တက္ကသိုလ်၏ ရာမညဆောင်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)



ရန်ကုန်တက္ကသိုလ်အတွင်းရှိ မုခ်ဦးကို တွေ့ရစဉ်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

*စာမျက်နှာ ၁၈ မှ*

မန္တလေးဆောင်၏ ထူးခြားချက်တစ်ခုမှာ ရန်ကုန်တက္ကသိုလ်နိုင်ငံရေးကို ဦးဆောင်သည့်တပ်ဦးမှ ပုဂ္ဂိုလ်များဖြစ်သော ဦးဘဆွေလေး၊ ဦးသာဘန်း၊ ဦးခင်အောင် စသည့် မန္တလေးကျောင်းသား တပ်ဦးအဖွဲ့၏ အမာခံကျောင်းဆောင် ဖြစ်ပါသည်။ မန္တလေးကျောင်းဆောင်သို့ မော်လမြိုင် ဥပစာကောလိပ်အောင်ပြီး ၁၉၅၆ ခုနှစ် စရောက်စဉ်က အဆိုးဆုံး Dark room 50 မှာ နေရပါသည်။ ဒုတိယနှစ်တွင် ဒုတိယထပ် အခန်း (၈၃) တွင် လည်းကောင်း၊ တတိယနှစ်တွင် ဝိဇ္ဇာ(ဂုဏ်ထူး) အုပ်ချုပ်ရေးသင်တန်းတက်သည့်အခါ အပေါ်ဆုံးထပ် အခန်း (၁၀၃) တွင်လည်းကောင်း နေခဲ့ရပါသည်။ ကျွန်တော် မန္တလေးဆောင်တွင်နေစဉ် တက်ထရွန်ရှပ်အင်္ကျီ ခုနစ်ထည်၊ မော်လမြိုင် နှစ် ၁၀၀ လုံချည် ခုနစ်ထည်နှင့် Alparker အနက်ရောင် တိုက်ပုံအင်္ကျီကိုသာ ဝတ်ဆင်ခဲ့ပါသည်။ တက္ကသိုလ်ပညာသင်စရိတ်ကို အိမ်မှ တစ်လလျှင် ၁၂၀ ကျပ် ပို့ပါသည်။ လစဉ် Mess fee ကျပ် ၆၀ ၊ Tuition fee ကျပ် ၄၀ သွင်းပြီး ကျန်သည်ကို ရုပ်ရှင်ကြည့်၊ မြို့ထဲရှိ British Council နှင့် US Library သို့ သွားရာတွင် သုံးပါသည်။ အခါအားလျော်စွာ တက္ကသိုလ်ဓမ္မာရုံရှေ့ဆိုင်မှ ထမင်းကြော်ဝယ်စားခြင်း၊ ကျောင်းဆောင်ရှေ့ရှိတကာသလက်ဖက်ရည်ဆိုင်တွင် စားသောက်ပါသည်။ ထိုစဉ်က မန္တလေးဆောင်တွင် S & R (Social & Reading Club) ရှိပါသည်။ ထို Club တွင် ပါဝင်ပြီး ၁၉၅၈ ခုနှစ်တွင် ဒုတိယဥက္ကဋ္ဌအဖြစ် ထမ်းဆောင်ခဲ့ပါသည်။ ကျွန်တော်တို့ S & R က ကျောင်းစားသောက်ခြင်းကို ကူညီပါသည်။ နံနက်စာတွင် ကော်ဖီ ပေါင်မုန့် ထောပတ်သုပ်၊ ထမင်းကြော်၊ ကြာဆန်/ခေါက်ဆွဲကြော်ကို စီစဉ်ပေးပါသည်။ နေ့လယ်နှင့် ညတွင် ထမင်း၊ ဟင်းချို၊ ဝက်သား၊ ငါး၊ ကြက်၊ ဘဲဥဟင်းတို့ကို အခါအားလျော်စွာ တွဲဖက်စီစဉ်ပေးပါသည်။ ထိုစဉ်က ကမ္ဘောဒီးယားမှ ပညာသင်မိတ်ဆွေကို ကျောင်းတော်ခေါ်လာပြီး နေ့လယ်ထမင်းကျွေးပါသည်။ အပိုဆောင်းအနေဖြင့် ရာမညနှင့် မန္တလေးဆောင်ကြား အကြော်ဆိုင်မှ ကြက်ဥကြော်နှင့် မြေပဲကြော်ကိုကျွေးရာ ၎င်းက ကျွန်တော့်အဆောင်ကို အတော်ပင် သဘောကျသွားပါသည်။ မန္တလေးဆောင်သည် အခြားအဆောင်များနည်းတူ Annual Dinner ကို ၁၉၅၈ ခုနှစ်၌ ပြုလုပ်ရာ မာမာအေးက စန္ဒရားချစ်ဆွေနှင့် သက်တန့်ပေါ်မှာ ကစားမယ်သီချင်းကို စဆိုပြီး နိုင်ငံကျော် ဖြစ်သွားခဲ့ပါသည်။ မန္တလေးဆောင်တွင်နေစဉ် ကိုနေဝင်းနှင့် ပေါင်းသင်းပါသည်။ သူက ကျွန်တော့်ထက် ကြီးပါသည်။ သူက ခရစ်ယာန်ဖြစ်၍ အပတ်စဉ် Judson Church သွားပြီး Choir ဆိုပါသည်။ ကျွန်တော် ၁၉၅၉ ခုနှစ် ဘွဲ့ရပါသည်။

**ကျောင်းသားဟောင်းများ၏ ထူးခြားမှု**

ကျွန်တော်တို့ မန္တလေးဆောင် ကျောင်းသားဟောင်းများ၏ ထူးခြားမှုမှာ နှစ်စဉ် ဒီဇင်ဘာ ၁၄ ရက်ညတွင် အင်းလျားကန်ပေါင်ရှိ IBC တွင် Dinner ရှိပြီး ပြန်ဆုံကြပါသည်။ မစားသောက်မီ သီချင်းများဆိုကြပါသည်။ ဆရာငြိမ်းနှင့် ကျောင်းသားဟောင်းများဖြစ်သော ဦးတင်အောင်အေး၊ ဦးတင်အုန်း(ဗိုလ်မှူးကြီး)၊ ဦးပန်းအောင်၊ ဒေါက်တာမောင်မောင်ညိုတို့ လာရောက်ဆုံကြပါသည်။ ယင်းညစာစားပွဲများကို ဗိုလ်မှူးကြီး အောင်ဖုန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းတို့က ဦးဆောင်ပါသည်။ မန္တလေးကျောင်းတော်သားများမှာ အသက် ၈၀ ကျော်ပြီဖြစ်၍ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလတွင် တွေ့ဆုံစဉ်က ၂၀၂၀ ပြည့်နှစ်တွင် မန္တလေးကျောင်းဆောင်ရှေ့၌ Dinner လုပ်ရန် ရည်မှန်းပြောဆိုခဲ့ကြပါသည်။ ယခုတော့ ဤမျှော်လင့်ချက်မှာ အကောင်အထည်ဖော်ရန် ခက်ခဲနေပါသည်။ နှစ် (၁၀၀)ပြည့်တွင် မန္တလေးကျောင်းဆောင်နေ ကျောင်းသားဟောင်းများ ဘယ်လိုဆုံကြမလဲဆိုတာတော့ တမ်းတနေရပါသည်။ ။




## အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot – line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၇ - ၁၁ - ၂၀၂၀

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၈၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၄၀၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၈၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၃၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၄၀၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၄၉၀/၅၄၅ | ကျပ် | ၅၃၅/၅၄၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၀၀/၅၅၀ | ကျပ် | ၅၅၀/၅၆၀ | ကျပ် |
| အောက်တိန်း ၉၂ | ၄၆၅/၄၉၅ | ကျပ် | ၅၂၅/၅၃၅ | ကျပ် |
| အောက်တိန်း ၉၅ | ၅၉၅/၆၁၀ | ကျပ် | ၆၅၀/၆၇၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၂၈၇ . ၁ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၂၄ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၅၅ . ၀၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၆၉၁ . ၂ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၄၄ . ၂ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၃၅ . ၆၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၄ . ၄၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၇ . ၃၆၃ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၄ . ၈၇ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၁၁ . ၁၉ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၂ . ၁၁၀ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၃၀၀ | ၁၀၀၀၀ | ၅၃၈ | ၅၃၃၈၀၀၀ |
| MTSH | ၃၇၀၀ | ၃၆၅၀ | ၄၈၇၃ | ၁၇၉၇၉၈၅၀ |
| MCB | ၈၃၀၀ | ၀ | ၀ | ၀ |
| FPB | ၂၂၀၀၀ | ၂၂၀၀၀ | ၁၇၀ | ၃၇၄၀၀၀၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၂၉၃ | ၇၉၁၁၀၀ |
| EFR | ၄၃၀၀ | ၄၂၀၀ | ၄၉ | ၂၀၇၆၀၀ |

ခင်ရတနာ – စုစည်းသည်


မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - ဝင်းကျော်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)


mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS


နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၁၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၁၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News
Presented by NPE
www.mdn.gov.mm



HTOO
ကိုဗစ်-၁၉ က ကမ္ဘာ့နိုင်ငံ အတော်များများမှာ ကူးစက်မှုနှုန်းက မကျသေးဘူးတဲ့...သတိထားပြီး နေထိုင်သွားလာလှုပ်ရှားကြဖို့ လိုပြီနော်..
ဟုတ်... ဦးတင်.. ကိုဗစ်-၁၉ ကာကွယ်ဆေးတွေ ပေါ်နေပြီဆို...
အား.. ဆေးက ပေါ်နေပြီကွ..
ကာကွယ်ဆေးက ဘီလီယံနဲ့ချီပြီး ရှိနိုင်တယ်..တို့နိုင်ငံအတွက်လည်း မကြာခင် ရောက်ရှိလာမယ်လို့ သတင်းရတယ်...
ဟား..ဝမ်းသာစရာ သတင်းပဲ နော်
အန့် ရ ရဲ့လား
ဆေးရောက်လာရင် အဆင့်ဆင့်ခွဲပြီး ထိုးရမှာတဲ့..ကျန်းမာရေးဝန်ထမ်းတွေ...
သက်ကြီးရွယ်အိုတွေနဲ့ ရောဂါအခံရှိသူတွေကို ဦးစားပေးမှာတဲ့လေ..ဆေးအလုံအလောက်ရဖို့ လနဲ့ချီကြာဦးမှာဆိုတော့..
ဟယ်... စောင့်ရဦးမှာ ပေါ့...
အေးလေ..ဆေးအလုံအလောက် မရခင်ကာလမှာ ကိုဗစ်ကာကွယ်ဖို့က..အိမ်မှာပဲနေပါ..လူစုလူဝေး ရှောင်ရှားပါ...မတ်စ်တပ်ပါ.
လက်ကိုဆပ်ပြာနဲ့ ဆေးကြရမယ်ကွ..ဆေး....
ယခုထုတ်ပြန်ထားတဲ့အတိုင်းပဲ ဆက်လက်လိုက်နာပါဆို ပြီးတဲ့ ဟာကို....


ဖိုးနဲ့မွှားကို
ဖုန်းထဲကနေပဲ ကန်တော့လိုက်ပါတယ်နော်..
သာဓု..သာဓု သာဓုပါ..မြေးရယ်
ငါတို့မြေး ပေး..ပေး
ကန်တော့လို့ပြီးပြီ ဆိုတော့..ဖိုးနဲ့မွှားက မုန့်ဖိုး ပေးဦးလေ..
ဟိုး
ဖုန်းထဲကနေ ကန်တော့တဲ့..ငါ့မြေးကို
ဖိုးနဲ့မွှားကလည်း ဖုန်းထဲကနေပဲ..မုန့်ဖိုးပြန်ပေး လိုက်မယ်နော်..နော်
ဟာ.. အဲလိုမဟုတ် ဟုတ်..ဟုတ်


လိမ္မော်သီး ရောက်ပြီ-
ဆောင်းဝင် လာပြီလေ-
ပေါ်ဦး- ပေါ်များဆို သတိထား ရမယ် နော်-
ဝိသမလောဘသားတွေက- သူ့ထက်ငါ ဈေးကောင်းရဖို့- အစိမ်းတွေကို အမြန်မှည့်အောင် ဓာတုဆေးတွေသုံးပြီး- ရောင်းတတ်ကြတယ်×××
ဓာတုဆေးတွေကင်းတဲ့ လိမ္မော်သီးတွေစားဖို့ ဆိုရင်တော့-
လွယ်ပါတယ် အယ်ဒီရဲ့-
ဒီလိုလုပ် ရအောင်-
လိမ္မော်ပင်တွေ စိုက်ကြမယ် လေ-
အဲ-
လိမ္မော် စိုက်ပျိုး နည်း
ဝေးလှပါရော့ဆိုး သမီးရယ်-


ထက်ကျွန်
ဟေး


ကျော်နို
ကိုကြီး ရန်နောင် တကယ် မိုက်တယ်ကွာ၊
ဟဲ့ ဘာဖြစ်လို့လဲ၊ သူက မလိမ္မာဘူးလား၊ ဆိုးလား၊၊
လုပ်ပြီ၊
ဒီနေ့ ဘာနေ့လဲ၊၊၊
၂၀၂၀ပြည့်နှစ် နိုဝင်ဘာ ၈ ရက်
ရွေးကောက်ပွဲနေ့
အေး၊ ကိုကြီးကလည်း ဒီနှစ် မဲဆန္ဒရှင်း ကောက်တဲ့ အချိန် အသက် (၁၈) နှစ် ပြည့်သွားတယ်လေ၊၊
ရွေးကောက်ပွဲ မဲပေးချိန်နဲ့ (၁၈) နှစ်ပြည့်တဲ့ အချိန်
ကွက်တိ ဖြစ်အောင် မွေးဖို့ အမေတွေကို ကောင်းဆို ရမယ်ပေါ့၊၊


ကာတွန်းကိုမိုး
သားဗု
ဝါး...နိုင်ငံခြားက စက်ရုပ်တွေက မိုက်လှချည်လား...
စက်ရုပ်တွေက လူသားတွေကို ကူညီနေကြတယ်
ပြီးရင် ကမ္ဘာကြီးကို ကူညီ စောင့်ရှောက်ရမယ်..

## သိမှတ်စရာအဖြာဖြာ (General Knowledge)

# ငှက်ကလေးတွေကို စောင့်ကြည့်ရင်း သဘာဝတရားကြီးနဲ့ ရင်းနှီးအောင်နေမယ်

ကေ-ဂျူဝယ်လ်

ကလေးတို့ ဘယ်လိုအရာတွေကို လုပ်ဖို့ဝါသနာပါသလဲဆိုတာကို တွေးကြည့်ကြဖူးလား။ လူတိုင်းမှာ ဝါသနာပါတဲ့အလုပ်ဆိုတာ ရှိတတ်ကြတယ်လေ။ အချို့က တံဆိပ်ခေါင်းလေးတွေစုတာကို ဝါသနာပါတယ်။ အချို့က စက္ကူခေါက်တာ ဝါသနာပါတယ်။ အဲဒီလိုပဲ အချို့က လေယာဉ်ပျံကြီးတွေ ဆင်းသက်ပျံသန်းကြတာကို စောင့်ကြည့်ရတာ ဝါသနာပါကြတယ်။ အဲဒီလိုပဲ အချို့လူတွေက ငှက်ကလေးတွေရဲ့ နေထိုင်စားသောက် သွားလာပုံတွေကို ကြည့်ကြရတာ ဝါသနာပါကြတယ်။ ဒီတစ်ပတ်မှာ မမက ငှက်ကလေးတွေကို တကူးတကလေ့လာစောင့်ကြည့်ကြပြီး ကမ္ဘာလောကကြီးကို ပိုပြီးချစ်စရာကောင်းအောင်၊ သဘာဝတရားတွေကို ချစ်တတ်လာအောင် ကြိုးစားနေကြတဲ့ ငှက်ကြည့်သူတွေရဲ့ အကြောင်းကို ဗဟုသုတအနေနဲ့ပြောပြလိုပါတယ်။



ငှက်ကြည့်တယ်ဆိုတာ ငှက်ကလေးတွေကို ပိုပြီးချစ်လာစေတယ်။ သူတို့ကိုလည်း ထိန်းသိမ်းစောင့်ရှောက်ပေးရာ ရောက်ပါတယ်။ ကိုယ့်ပတ်ဝန်းကျင်ကိုလည်း ထိန်းသိမ်းပေးရာရောက်ပြီး စုပေါင်းငှက်ကြည့်ကြတဲ့အတွက် တစ်ဦးနဲ့တစ်ဦး ပိုမိုရင်းနှီးပြီး စည်းလုံးညီညွတ်စေပါတယ်။ ဒါ့အပြင် သဘာဝတရားတွေရဲ့ အလှတရားကိုလည်း နားလည်နိုင်တဲ့အတွက် စိတ်သဘောထားနူးညံ့ပြီး ကြင်နာတတ်သူတွေ ဖြစ်လာစေပါတယ်။

၁၈ ရာစုနှောင်းပိုင်းလောက်ကတည်းက မမတို့လူသားတွေဟာ ငှက်တွေရဲ့ နေ့စဉ်ဘဝဖြတ်သန်းမှုတွေ၊ ရှင်သန်ပေါက်ဖွားမှု အကြောင်းတွေကို လေ့လာစောင့်ကြည့်ခဲ့ကြတာပါ။ မူလကတော့ ပန်းချီဆရာအချို့ဟာ သူတို့ရဲ့ ပန်းချီကားတွေမှာ ဖော်ပြနိုင်ဖို့အတွက် ငှက်တွေရဲ့သဘာဝတွေကို စောင့်ကြည့်ခဲ့ရာကနေ စခဲ့တယ်လို့ ဆိုကြပါတယ်။ ငှက်မွေး၊ ငှက်တောင်တွေကို ရောင်းချတာနဲ့ ရှားပါးငှက်တွေရဲ့ အရေခွံတွေကိုလည်း လူတွေက အဲဒီအချိန်မှာ အတော်လေး အသုံးပြုနေပါသေးတယ်။ ၁၉ ရာစုအတွင်းမှာတော့ ငှက်တွေကို ဖမ်းဆီးသတ်ဖြတ်တာမျိုးထက် ငှက်တွေရဲ့ လုံခြုံရေးနဲ့ အသက်ရှင်ပြီး နေရာတစ်ခုကနေ နောက်တစ်နေရာ မိုင်ပေါင်းများစွာ ပျံသန်းကြတဲ့ ငှက်တွေကို စောင့်ကြည့်ရတာ ပိုပြီး လူကြိုက်များလာခဲ့ပါတယ်။

ငှက်ကလေးတွေကို ကြည့်ဖို့အတွက် လူတွေဟာ မိုင်နဲ့ချီသွားကြပြီး တကူးတက ကြည့်ရှုကြတာပေါ့ကွယ်။ ဥပမာပြောရရင် မမတို့နိုင်ငံကို ဆောင်းတွင်းမှာ အခြားနိုင်ငံကနေ မိုင်ပေါင်းများစွာ ပျံသန်းလာပြီး ဆောင်းခိုကြတဲ့ ငှက်ကလေးတွေ ရှိကြတယ်။ သူတို့ကို ငှက်ကြည့်ဝါသနာရှင်တွေဟာ တကူးတကလာပြီး ကြည့်ရှုကြတာမျိုးရှိတယ်။

ငှက်ကြည့်သူတွေဟာ မှန်ပြောင်းတစ်လက်၊ အဝေးကိုလှမ်းရိုက်နိုင်တဲ့ မှန်ဘီလူးအားကောင်းကောင်း ကင်မရာတစ်လုံးနဲ့ မှတ်စုစာအုပ်တွေတော့ ဆောင်ထားတတ်ကြပါတယ်။ ငှက်တွေရဲ့ အသံလှိုင်းကို လေ့လာတဲ့ ကိရိယာတွေ၊ ခြေရာခံနိုင်တဲ့ နည်းပညာတွေနဲ့လည်း ငှက်တွေကို စောင့်ကြည့်ကြတာပေါ့။ အချို့ငှက်တွေက မမတို့နိုင်ငံ၊ မမတို့နေထိုင်တဲ့ နေရာအနီးအနားမှာ ပေါက်ဖွားကြပေမယ့်၊ အချို့ငှက်တွေကတော့ ရာသီအလိုက် ပြောင်းရွှေ့နေထိုင်ကြတာပါ။ အချို့ကတော့ ရေကန်၊ မြစ်ချောင်းနားတွေမှာ နေကြပြီး အချို့က သစ်ခေါင်းတွေထဲမှာပဲ နေထိုင်ကြတယ်။ အချို့က အမြင့်ကြီးကနေ ပျံသန်းကြသလို အချို့က ခပ်နိမ့်နိမ့် ပျံသန်းကြတယ်။ အချို့ငှက်တွေက လေဟုန်စီးကြသလို အချို့ငှက်တွေကတော့ ရေလည်း ကူးတတ်ကြတယ်။

ကလေးတို့လည်း ငှက်ကလေးတွေကို စောင့်ကြည့်နိုင်ပါတယ်။ အရင်ဆုံးတော့ ကိုယ့်ပတ်ဝန်းကျင်က ငှက်ကလေးတွေ အကြောင်းကို လေ့လာကြည့်လို့ ရပါတယ်။ မှန်ပြောင်းကလေးတစ်လက် မရှိသေးရင် တောင် မျက်စိနဲ့ ရှာဖွေကြည့်ပါ။ တွေ့မြင်ရတဲ့ ငှက်တွေကို မှတ်စုစာအုပ်မှာ ပုံစံချရေးကြည့်ပါ။ မြင်ဖူးနေကျ ငှက်ကလေးတွေရှိသလို အခုမှ မြင်ဖူးတဲ့ ငှက်ကလေးတွေလည်း ရှိနိုင်ပါလိမ့်မယ်။ ငှက်တွေကို အခြေခံအမြင်အားဖြင့်တော့ ရှစ်မျိုးလောက်ခွဲထားပါတယ်။ (၁) ရေမှာ ပျော်တဲ့ငှက်တွေ၊ (၂)စင်ရော်လို ရေပြင်ထက်မှာ ကျက်စားတဲ့ငှက်တွေ၊ (၃)ခြေတံရှည် ရေစပ်နေ ငှက်တွေ၊ (၄)ငှက်တလိုင်းနဲ့ ချောင်းတလိုင်း ငှက်မျိုးတွေ၊ (၅)ငုံးလို ငှက်အမျိုးအစားတွေ၊ (၆) သိမ်းနဲ့ လင်းယုန်တို့လို ငှက်တွေ၊ (၇) သစ်ကိုင်းတွေမှာ နားတတ်တဲ့ ငှက်တွေ၊ (၈)သစ်ကိုင်းတွေမှာ မနေတဲ့ငှက်တွေဆိုပြီး ခွဲခြားနိုင်ပါတယ်။

ငှက်တွေအကြောင်းကို မသိတဲ့သူတစ်ယောက်အတွက် ကိုယ်တိုင်မေးကြည့်ရမယ့် မေးခွန်းလေးတွေရှိပါတယ်။ ဥပမာ ငှက်က ဘာအရောင်လဲ၊ အရောင်စပ်လား၊ အစင်းကျားလား၊ အစက်အပြောက်လား၊ ဘယ်နေရာမှာ နေထိုင်ကျက်စားလဲ ဥပမာ မြက်ခင်းလား၊ ရွှံ့နွံလား၊ သစ်တောလား၊ အရွယ်အစားက ဘယ်လောက်လဲဆိုတာသိဖို့ ကလေးတို့သိနိုင်မယ့် စာကလေး၊ ကျီးကန်း၊ ခိုနဲ့ သိမ်းငှက်စတဲ့အကောင်တွေနဲ့ နှိုင်းယှဉ်ကြည့်လို့ရပါတယ်။ ဒါ့အပြင် ငှက်ကလေးတွေရဲ့ အစာရှာတဲ့သဘာဝတွေဖြစ်တဲ့ တစ်ဟုန်ထိုးဆင်းပြီး အစာကို လိုက်တာလား၊ အမြီးက မိုးပေါ်ထောင်တာလား၊ မြေပေါ်မှာ လမ်းလျှောက်နိုင်သလားဆိုတာလည်း လေ့လာနိုင်ပါတယ်။ ကလေးတို့က ငှက်ကလေးတွေရဲ့ နှုတ်သီးက ဘယ်လိုပုံစံဆိုတာတွေနဲ့ သူတို့ကလေးတွေကို ဘယ်လိုစောင့်ရှောက်ကျွေးမွေးကြသလဲဆိုတာတွေဟာ စိတ်ဝင်စားဖို့ သိပ်ကိုကောင်းပါတယ်။

ငှက်ကြည့်တယ်ဆိုတာကတော့ ကလေးတို့ ကစားကွင်းသွားသလို ဒီမှာဘာရှိတယ်ဆိုတာမျိုး အတိအကျ မရှိပါဘူး။ သူတို့ဟာ သက်ရှိတွေဖြစ်ပြီး အမြဲလှုပ်ရှားသွားလာနေကြတဲ့အတွက် သူတို့ဘဝတွေက သိပ်ကိုလွတ်လပ်ပါတယ်။ အံ့ဩဖို့လည်း ကောင်းပါတယ်။ အချိန်ပေးပြီး စောင့်ကြည့်ရှာဖွေမယ်ဆိုရင် ကလေးတို့ စောင့်ရကျိုးနပ်စေမှာလည်း အသေအချာပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ငှက်ကလေးတွေက သိပ်ကို ချစ်စရာကောင်းတာပဲလေ။ မမတို့နိုင်ငံမှာ ရေငှက်၊ ကုန်းငှက်မျိုးစိတ် ၁၁၃၆ မျိုးရှိနေပြီး ဆောင်းလာခိုကြတဲ့ ငှက်မျိုးစိတ် ၂၈၉ မျိုးအထိရှိတာဆိုတော့ ကလေးတို့လည်း အများကြီးစောင့်ကြည့်လို့ရပါပြီနော်။

## လောကဝတ် (Etiquette)

# သဘာဝခရီးသွားတဲ့အခါ ကလေးတို့ လိုက်နာစရာ

မမမေ



မင်္ဂလာပါ ကလေးလေးတို့ရေ။ ခရီးသွားလာလို့ အကောင်းဆုံးဖြစ်တဲ့ ဆောင်းရာသီကိုတော့ တစ်စတစ်စနဲ့ ဝင်ရောက်လာတော့မှာဖြစ်ပါတယ်နော်။ ကိုဗစ်-၁၉ ရောဂါကြောင့် မမတို့၊ ကလေးတို့အားလုံး အိမ်မှာပဲနေနေကြရတာမို့ ကိုဗစ်-၁၉ ရောဂါအတွက် ကာကွယ်ဆေးတွေ၊ ကုသနိုင်တဲ့ဆေးတွေ ပေါ်လာခဲ့ပြီး အမြန်ဆုံးခရီးတွေထွက်ကြဖို့ မျှော်လင့်နေကြတာ မဟုတ်လား။ အခုနောက်ပိုင်းမှာ မမတို့နိုင်ငံရော၊ အခြားနိုင်ငံတွေမှာပါ ခေတ်စားလာတာက သဘာဝခရီးသွားလုပ်ငန်းဆိုတာပါပဲ။ အရင်က ဘုရားဖူးသွားကြတာ၊ အပန်းဖြေခရီး သွားကြတာမျိုးသာရှိခဲ့ပေမယ့် အခုနောက်ပိုင်းမှာ တောတောင်ရေမြေသဘာဝတွေကို ကြည့်ရှုခံစားတဲ့ ခရီးသွားလာခြင်းက အတော်လေး ခေတ်စားတာပေါ့။ ကလေးတို့ တောင်ပေါ်ကို ကိုယ့်ခြေထောက်နဲ့ကိုယ် မတက်ချင်ကြဘူးလား။ တောတောင်တွေထဲက သဘာဝစမ်းချောင်းလေးတွေမှာ ရေမကစားချင်ကြဘူးလား။ စဉ်းစားကြည့်ရင်တောင် အတော်ကို ပျော်ရွှင်ရပါတယ်။ အဲဒီလို သဘာဝခရီးသွားတဲ့အခါ လိုက်နာရမယ့် ခရီးသွားလောကဝတ်လေးတွေကို မမက ဗဟုသုတအနေနဲ့ မျှဝေပေးပါရစေ။

### အမှိုက်စည်းကမ်းမဲ့မပစ်ရ

သဘာဝအလှတရားတွေကို သွားရောက်ခံစားကြတဲ့သူတွေဟာ ကိုယ့်ကြောင့် သဘာဝအလှတရားတွေ ပျက်စီးကုန်မှာကို အထူးသတိထားသင့်ပါတယ်။ အဲဒါကြောင့် ပလတ်စတစ်အမှိုက်တွေကို အမှိုက်ပုံးထဲကို စနစ်တကျစွန့်ပစ်ဖို့ လိုအပ်သလို ဖန်ပုလင်းလို၊ သတ္တုဘူးလို အရာတွေကိုလည်း စနစ်တကျမဟုတ်ဘဲ မလွှင့်ပစ်သင့်ပါဘူး။ ဒါဟာ တောတောင်တွေ၊ ရေတွေမှာ နေထိုင်ကြတဲ့ တိရစ္ဆာန်တွေကို ဒုက္ခပေးရာရောက်သလို သဘာဝပတ်ဝန်းကျင်ကိုလည်း ထိခိုက်စေတဲ့အတွက် အတတ်နိုင်ဆုံး အမှိုက်မဖွဖို့ လိုပါတယ်။

### သစ်ပင်တွေကိုမဖျက်ဆီးရ

အချို့သူတွေဟာ တောတောင်တွေထဲက သဘာဝအလျောက် သာယာတဲ့နေရာတွေကို သွားတဲ့အခါ သစ်ပင်တွေကို မလိုအပ်ဘဲ ခုတ်ထွင်ပစ်တာ၊ တောမီးရှို့တာနဲ့ ဖျက်ဆီးပစ်တာတွေကို ပြုလုပ်တတ်ကြပါတယ်။ အဲဒါတွေဟာ အတော်ကို ဆိုးသွမ်းတဲ့ အပြုအမူဖြစ်ပြီး တောတောင်သဘာဝတွေ ဖျက်ဆီးပစ်တဲ့သူတွေကို ကလေးတို့က မြင်တွေ့တဲ့အခါမှာလည်း တားဆီးပေးကြပါ။ ကိုယ်တိုင်လည်း သဘာဝအလှတွေကို တန်ဖိုးထားပါလို့ မမက တိုက်တွန်းပါတယ်။

### ဒေသခံတွေကိုအကူအညီပေးပါ

ကလေးတို့ခရီးသွားကြတဲ့အခါ ဒေသခံတွေကို မြင်ဖူးကြတယ်မဟုတ်လား။ သူတို့ဟာ တောတောင်ထဲမှာ နေကြတဲ့အတွက် ကလေးတို့လို အသုံးအဆောင်တွေ၊ အဝတ်အထည်တွေနဲ့ သိပ်တော့မရင်းနှီးကြတာမျိုး ရှိတတ်ပါတယ်။ ဒါကြောင့် သဘာဝခရီးသွားတဲ့အခါ ဒေသခံတွေအတွက် လိုအပ်မယ့် စားစရာ၊ အသုံးအဆောင်နဲ့ လက်ဆောင်လေးတွေကို ကြိုတင်ယူဆောင်သွားပေးရင်းကနေ သူတို့ကိုကူညီပေးလိုက်မယ်ဆိုရင် အတော်ကို ကျေးဇူးတင်သွားကြမှာပါ။

### ယဉ်ကျေးမှုတွေ ဓလေ့ထုံးစံတွေကို လေးစားပါ

အချို့ဒေသတွေမှာ သူတို့ရဲ့ ယုံကြည်မှုအရ အလေ့အထတွေရှိတတ်ပါတယ်။ အဲဒီလို ရိုးရာယုံကြည်မှု အလေ့အထတွေ၊ သူတို့ဘာသာစကားတွေ၊ သူတို့ ယဉ်ကျေးမှုတွေကို လေးလေးစားစား ဆက်ဆံပေးဖို့လည်း လိုအပ်ပါတယ်။ ဒါမှလည်း သူတို့က ကလေးတို့ကို ပြန်ပြီး သွားရလွယ်ကူအောင်နဲ့ သာယာတဲ့နေရာတွေကို လမ်းညွှန်ပေးကြမှာ ဖြစ်ပါတယ်။ ကလေးတို့အားလုံး ကိုဗစ်-၁၉ ရောဂါ ပြီးဆုံးသွားတာနဲ့ တောတောင်တွေဆီ ခရီးတွေထွက်နိုင်ပါစေလို့ မမက ဆုတောင်းပေးလိုက်ပါတယ်နော်။

# Stay at home အစီအစဉ်တွင် အကျုံးဝင်သော စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနများရှိ အလုပ်သမား၊ ဝန်ထမ်းများအား လူမှုဖူလုံရေးထောက်ပံ့ငွေများ ဆက်လက်ခွင့်ပြုထုတ်ပေးလျက်ရှိ

*ယမန်နေ့မှအဆက်*

| စဉ် | အလုပ်ဌာနအမှတ် | စက်ရုံ/အလုပ်ရုံ/အလုပ်ဌာန အမည် | အလုပ်သမားဦးရေ | ထောက်ပံ့ငွေ(ကျပ်) |
|---|---|---|---|---|
| ၉၉၆ | 13007.312.1.2.15 | Myanmar Best Friend | ၄၉ | ၂,၈၂၂,၄၀၀.၀၀ |
| ၉၉၇ | 13007.312.1.2.18 | ရွှေပြည်သာဒါန် | ၄ | ၁၂၉,၆၀၀.၀၀ |
| ၉၉၈ | 13007.312.1.2.54 | LEO Plastic | ၃၇ | ၂,၁၃၁,၂၀၀.၀၀ |
| ၉၉၉ | 13007.312.1.2.60 | Winwood | ၂၁ | ၁,၈၂၄,၁၆၀.၀၀ |
| ၁၀၀၀ | 13007.312.1.2.65 | Poap National Co., Ltd. | ၁၄ | ၁,၆၄၀,၃၂၄.၀၀ |
| ၁၀၀၁ | 13007.312.1.2.71 | မြန်မာပဲလ်တီးယားဘွိုင်းရက်စ်လီမိတက် | ၆ | ၄၃၂,၀၀၀.၀၀ |
| ၁၀၀၂ | 13007.312.1.2.128 | ကိုဝင်းအောင်နှင့်ညီများ | ၄ | ၁၂၉,၆၀၀.၀၀ |
| ၁၀၀၃ | 13007.312.1.2.141 | မြန်မာရန်ကုန်ကုမ္ပဏီလီမိတက် | ၁၀ | ၆၅၄,၀၀၀.၀၀ |
| ၁၀၀၄ | 13007.312.1.2.143 | ရမ္မာ မော်တော်ယာဉ် | ၁၁ | ၆၆၆,၀၀၀.၀၀ |
| ၁၀၀၅ | 13007.312.1.2.171 | ပီအမ်ဂျီပုလင်းသန့်စင်သိုလှောင်ရုံ | ၈၀ | ၅,၂၉၆,၁၆၀.၀၀ |
| ၁၀၀၆ | 13007.312.1.2.182 | ဟိန်းစိုးသစ်စက် | ၃၂ | ၁,၈၄၃,၂၀၀.၀၀ |
| ၁၀၀၇ | 13007.312.1.2.248 | Unity Oxygen | ၁ | ၂၁,၆၀၀.၀၀ |
| ၁၀၀၈ | 13007.312.1.2.300 | ဝင်းမောင်ထွန်းသစ် | ၅ | ၁၀၀,၀၀၀.၀၀ |
| ၁၀၀၉ | 13007.312.1.2.329 | Soo-Pin | ၁၂ | ၆၉၁,၂၀၀.၀၀ |
| ၁၀၁၀ | 13007.312.2.2.109 | Myanmar Feed Industries | ၃၆ | ၂,၀၇၃,၆၀၀.၀၀ |
| ၁၀၁၁ | 13007.312.2.2.117 | နိုင်းနိုင်းအထည်ချုပ် | ၁၂ | ၆၉၁,၂၀၀.၀၀ |
| ၁၀၁၂ | 13007.312.2.2.140 | ရွှေပြည်စံကာလာစတီး | ၄ | ၁၂၉,၆၀၀.၀၀ |
| ၁၀၁၃ | 13007.312.3.2.1 | Mottama Holdings Ltd | ၁၃ | ၁,၅၂၆,၀၄၄.၈၀ |
| ၁၀၁၄ | 13007.312.3.2.104 | Golden Perfect Structural Co.,Ltd | ၄၅ | ၃,၁၅၃,၆၀၀.၀၀ |
| ၁၀၁၅ | 13007.312.3.2.106 | မြန်မာ့အားမာန်စက်မှုလက်မှု | ၁ | ၅၈,၀၀၀.၀၀ |
| ၁၀၁၆ | 13007.312.3.2.120 | KKK စတီးလုပ်ငန်း | ၇ | ၃၀၂,၄၀၀.၀၀ |
| ၁၀၁၇ | 13007.312.3.2.121 | သီရိလင်းကုမ္ပဏီ | ၇ | ၁၈၀,၀၀၀.၀၀ |
| ၁၀၁၈ | 13007.312.3.2.153 | 4H Business Group | ၁၄ | ၈၀၆,၄၀၀.၀၀ |
| ၁၀၁၉ | 13007.312.3.2.154 | နဂါးနီသစ်ချောထည် | ၃ | ၁၇၂,၈၀၀.၀၀ |
| ၁၀၂၀ | 13007.312.4.2.6 | Formula-1 Auto Service | ၂၂ | ၁,၃၂၂,၄၀၀.၀၀ |
| ၁၀၂၁ | 13007.312.4.2.10 | Media Storm | ၃၉ | ၂,၉၉၁,၆၀၀.၀၀ |
| ၁၀၂၂ | 13007.312.4.2.13 | Orchid Co;Ltd | ၁ | ၅၇,၆၀၀.၀၀ |
| ၁၀၂၃ | 13007.312.5.2.4 | Tai Hong Printing | ၃၄ | ၁,၉၅၈,၄၀၀.၀၀ |
| ၁၀၂၄ | 13007.312.5.2.14 | Shwe Pyi Dagon | ၁၁ | ၈၈၆,၈၀၀.၀၀ |
| ၁၀၂၅ | 13007.312.5.2.15 | Mudon Maung Maung | ၁၆ | ၁,၈၀၀,၀၀၀.၀၀ |
| ၁၀၂၆ | 13007.312.5.2.16 | Pan Theingi | ၆ | ၆၆၀,၀၀၀.၀၀ |
| ၁၀၂၇ | 13007.312.5.2.17 | ZEEYAR | ၃၇ | ၂,၂၄၆,၄၀၀.၀၀ |
| ၁၀၂၈ | 13007.312.5.2.63 | Jupiter Force Steel | ၁၈ | ၁,၄၃၆,၄၀၀.၀၀ |
| ၁၀၂၉ | 13007.312.6.2.7 | Top One One ကာလာစတီး | ၁၅ | ၈၈၈,၈၀၀.၀၀ |
| ၁၀၃၀ | 13007.312.6.2.20 | Soe Moe Thu | ၅၄ | ၅,၁၄၉,၂၀၀.၀၀ |
| ၁၀၃၁ | 13007.312.6.2.28 | GQ | ၃၃ | ၂,၉၉၆,၈၀၀.၀၀ |
| ၁၀၃၂ | 13007.312.6.2.29 | GF Engineering | ၃၂ | ၃,၀၁၀,၀၀၀.၀၀ |
| ၁၀၃၃ | 13007.312.6.2.37 | Pinsen Corton Factory | ၂၅ | ၁,၄၄၀,၀၀၀.၀၀ |
| ၁၀၃၄ | 13007.312.6.2.53 | LP Myanmar | ၄၉ | ၂,၉၅၂,၀၀၀.၀၀ |
| ၁၀၃၅ | 13007.312.7.2.20 | New Eastern Sun | ၁၈ | ၁,၁၀၈,၈၀၀.၀၀ |
| ၁၀၃၆ | 13007.312.7.2.35 | Myanmar Zhongda | ၁၈ | ၁,၀၇၆,၄၀၀.၀၀ |
| ၁၀၃၇ | 13007.312.7.2.46 | Huahong Plastic | ၉ | ၅၄၈,၀၀၀.၀၀ |
| ၁၀၃၈ | 13007.312.7.2.89 | Golden Brand Cutting Die Factory | ၁၅ | ၈၆၄,၀၀၀.၀၀ |
| ၁၀၃၉ | 13007.312.8.2.16 | Jing Ying International | ၅၄ | ၃,၁၁၀,၄၀၀.၀၀ |
| ၁၀၄၀ | 13007.312.8.2.17 | Win Shwe Sin Co.,ltd. | ၃ | ၁၇၂,၈၀၀.၀၀ |
| ၁၀၄၁ | 13007.312.8.2.24 | Myanmar K.S.P | ၇ | ၇၆၀,၀၀၀.၀၀ |
| ၁၀၄၂ | 13007.312.8.2.32 | Mi Gao Sujiao Co;Ltd | ၁၃ | ၇၄၈,၈၀၀.၀၀ |
| ၁၀၄၃ | 13007.312.8.2.41 | Myanmar Feed Industries & Breeding II | ၁၁ | ၆၃၃,၆၀၀.၀၀ |
| ၁၀၄၄ | 13008.313.1.2.92 | MEC Embroidery Center | ၃၉ | ၂,၄၃၈,၄၈၀.၀၀ |
| ၁၀၄၅ | 13008.313.1.2.122 | EVA | ၇၉ | ၄,၆၃၅,၆၀၀.၀၀ |
| ၁၀၄၆ | 13008.313.1.2.181 | ဝင်းဝင်းဖယောင်းတိုင် | ၄၀ | ၂,၃၀၄,၀၀၀.၀၀ |
| ၁၀၄၇ | 13008.313.1.2.190 | Myanmar Elex Polytech Co.,Ltd | ၁၁ | ၆၅၄,၈၀၀.၀၀ |
| ၁၀၄၈ | 13008.313.1.2.352 | Summit Goal Co.,Ltd | ၂၆ | ၁,၅၀၃,၃၆၀.၀၀ |
| ၁၀၄၉ | 13008.313.1.2.361 | ဦးမောင်မောင်နှင့်ညီများ သားရေ | ၆ | ၂၅၉,၂၀၀.၀၀ |
| ၁၀၅၀ | 13008.313.1.2.415 | Myanmar Diamond Hills | ၁၆ | ၉၂၁,၆၀၀.၀၀ |
| ၁၀၅၁ | 13008.313.1.2.461 | Kyaw Kyaw Tun Tun | ၃၂ | ၁,၈၄၃,၂၀၀.၀၀ |
| ၁၀၅၂ | 13008.313.1.2.484 | ပိုလာ မြေပဲဆီ | ၆ | ၁၆၈,၀၀၀.၀၀ |
| ၁၀၅၃ | 13008.313.1.2.545 | ရွှေပိတောက်သစ်စက် | ၆ | ၁၆၈,၀၀၀.၀၀ |
| ၁၀၅၄ | 13008.313.1.2.546 | အေးမေတ္တာသစ်စက် | ၄ | ၁၁၂,၀၀၀.၀၀ |
| ၁၀၅၅ | 13008.313.1.2.606 | Fine သံထည်ပရိဘောဂ | ၂၃ | ၁,၃၂၄,၈၀၀.၀၀ |
| ၁၀၅၆ | 13008.313.2.2.8 | Tokyo Pipe | ၁၄ | ၈၃၄,၄၀၀.၀၀ |
| ၁၀၅၇ | 13008.313.2.2.60 | Top Direction | ၇၀ | ၄,၀၄၆,၀၀၀.၀၀ |
| ၁၀၅၈ | 13008.313.2.2.77 | Top Three Co.,Ltd | ၉ | ၂၈၈,၀၀၀.၀၀ |
| ၁၀၅၉ | 13008.313.2.2.90 | ကေဇာမြန်မာ | ၈၆ | ၅,၄၅၈,၅၆၀.၀၀ |
| ၁၀၆၀ | 13008.313.2.2.114 | PB Engineering | ၁၄ | ၈၀၆,၄၀၀.၀၀ |
| ၁၀၆၁ | 13008.313.2.2.130 | Myanmar Jiale Fashion Co.,Ltd | ၁,၀၇၅ | ၆၃,၃၄၀,၈၀၀.၀၀ |
| ၁၀၆၂ | 13008.313.2.2.136 | Tincan Factory | ၄၂ | ၂,၄၉၄,၄၀၀.၀၀ |
| ၁၀၆၃ | 13008.313.2.2.195 | Win Aate Co.,Ltd | ၇၉ | ၄,၅၅၀,၄၀၀.၀၀ |
| ၁၀၆၄ | 13008.313.2.2.203 | Yue Yun မှန်နှင့် Aluminium အလှဆင်လုပ်ငန်း | ၁၂ | ၆၉၃,၆၀၀.၀၀ |
| ၁၀၆၅ | 13008.313.3.2.48 | Rhino Electric | ၃၃ | ၂,၃၈၆,၈၀၀.၀၀ |
| ၁၀၆၆ | 13008.313.3.2.144 | Green Super Power Co.,Ltd | ၂၉ | ၁,၇၅၆,၈၀၀.၀၀ |
| ၁၀၆၇ | 13008.313.4.2.30 | Amber Stone Co.,Ltd | ၇၀၉ | ၄၀,၃၄၈,၀၆၀.၀၀ |
| ၁၀၆၈ | 13008.313.4.2.35 | KBL Fashion Co.,Ltd. | ၂၉၉ | ၁၇,၃၅၂,၀၀၀.၀၀ |
| ၁၀၆၉ | 13008.313.4.2.92 | Join-Profit | ၇၆၇ | ၄၄,၅၆၁,၂၈၀.၀၀ |
| ၁၀၇၀ | 13008.313.4.2.94 | Futeli Garment Co.,ltd | ၃၈၄ | ၂၂,၅၂၅,၄၄၀.၀၀ |
| ၁၀၇၁ | 13008.313.4.2.107 | DishangFashion(Myanmar)Co.,Ltd | ၁,၁၀၆ | ၆၃,၈၈၀,၃၂၀.၀၀ |
| ၁၀၇၂ | 13008.313.4.2.119 | အိုယူမီ Fashion | ၅၇၂ | ၃၃,၂၅၉,၂၀၀.၀၀ |
| ၁၀၇၃ | 13008.313.5.2.22 | Oceanic Communications(Asia) Co.,Ltd | ၇၃ | ၈,၂၆၁,၄၀၇.၉၂ |
| ၁၀၇၄ | 13008.313.5.2.24 | JABPJIAWEI MYANMARGARMENT | ၁,၂၇၀ | ၇၉,၅၂၂,၅၆၀.၀၀ |
| ၁၀၇၅ | 13008.313.5.2.25 | MyanmarliBoa HandBag | ၅၅၆ | ၃၁,၉၄၆,၈၈၀.၀၀ |
| ၁၀၇၆ | 13008.313.5.2.36 | Lat War II | ၂၆၅ | ၁၄,၉၇၂,၁၆၀.၀၀ |
| ၁၀၇၇ | 13008.313.5.2.58 | S,SAM MUN PRINT | ၃၃ | ၁,၉၀၀,၈၀၀.၀၀ |
| ၁၀၇၈ | 13008.313.5.2.63 | CMF Myanmar II Co.,Ltd | ၅၂ | ၂,၈၁၄,၀၈၀.၀၀ |
| ၁၀၇၉ | 13008.313.6.2.6 | Thong Thai Textile(Myanmar)Co.,Ltd No.2 | ၁၈၉ | ၁၃,၁၇၁,၂၆၈.၀၀ |
| ၁၀၈၀ | 13008.313.6.2.7 | S.H. United Co., Ltd | ၁,၅၄၉ | ၉၂,၀၄၆,၁၇၄.၄၀ |
| ၁၀၈၁ | 13008.313.6.2.26 | Myanmar Fortune Fashion | ၈၄၁ | ၄၈,၁၈၉,၃၁၂.၀၀ |
| ၁၀၈၂ | 13008.313.6.2.100 | လှိုင်ထက်မြန်မာအထည်ချုပ် | ၄၉ | ၂,၈၂၂,၄၀၀.၀၀ |
| ၁၀၈၃ | 13008.313.6.2.117 | Gao Xin Electric Co,ltd | ၅ | ၂၈၈,၀၀၀.၀၀ |
| ၁၀၈၄ | 13008.313.7.2.27 | Myanmar Refine Leather Goods Co Ltd | ၃၇၄ | ၂၁,၀၉၀,၃၉၀.၀၀ |
| ၁၀၈၅ | 13008.313.7.2.37 | Blue Sky Myanmar (Apparel) Myanmar | ၇၈ | ၄,၅၀၈,၈၀၀.၀၀ |
| ၁၀၈၆ | 13008.313.7.2.71 | DA MEI Garment Co.,Ltd | ၁၀၃ | ၅,၁၄၅,၆၀၀.၀၀ |
| ၁၀၈၇ | 13008.313.7.2.112 | HuaSheng Garment & Garment Wash Co,Ltd | ၂၀၉ | ၁၂,၈၅၇,၆၀၀.၀၀ |
| ၁၀၈၈ | 13008.313.7.2.133 | ပေါ်ရှင်းအထည်ချုပ် | ၁၀၅ | ၆,၀၄၈,၀၀၀.၀၀ |
| ၁၀၈၉ | 13008.313.7.2.194 | Winco Bag | ၁၁၅ | ၆,၁၉၁,၄၂၄.၀၀ |
| ၁၀၉၀ | 13008.313.7.2.198 | Zhong Hui Garment Co.,Ltd | ၃၅၀ | ၁၈,၉၄၂,၇၂၀.၀၀ |
| ၁၀၉၁ | 13008.313.7.2.210 | KBL Fashion Co.,Ltd. | ၁၆၄ | ၉,၄၄၆,၄၀၀.၀၀ |
| ၁၀၉၂ | 13018.31.2.2.213 | United Nilar Agribusiness Co,Ltd | ၁၁ | ၈၈၃,၂၀၀.၀၀ |
| ၁၀၉၃ | 13018.31.4.2.136 | Dagon Seikkan International Logistic Services Co,Ltd | ၁၃၅ | ၁၀,၄၉၁,၀၈၀.၀၀ |
| ၁၀၉၄ | 13018.31.5.2.16 | တော့ကမ်မီကုမ္ပဏီလီမိတက် | ၆ | ၅၆၆,၀၀၀.၀၀ |
| ၁၀၉၅ | 13018.31.5.2.47 | UniQ Furniture Factory | ၂၈ | ၂,၅၈၅,၆၀၀.၀၀ |
| ၁၀၉၆ | 13018.31.7.2.17 | LF Packaging (Myanmar) Limited | ၈၈ | ၅,၃၁၆,၀၀၀.၀၀ |
| ၁၀၉၇ | 13018.31.7.2.30 | Union Printing & Packaging Co.,Ltd | ၇၂ | ၄,၄၁၆,၀၀၀.၀၀ |
| ၁၀၉၈ | 13018.31.7.2.74 | Core Electronics Myanmar Co.,Ltd | ၉၁ | ၄,၈၄၅,၂၀၀.၀၀ |
| ၁၀၉၉ | 13018.31.8.2.22 | Qi Cai Hong Yin Hua Chang Co,Ltd | ၁၃ | ၇၄၈,၈၀၀.၀၀ |
| ၁၁၀၀ | 13019.32.7.2.8 | Premium Valiant Family | ၆၉ | ၆,၀၁၀,၀၀၀.၀၀ |
| ၁၁၀၁ | 13019.32.7.2.18 | Gao Kai Xin Trading | ၁၀ | ၆၈၄,၀၀၀.၀၀ |
| ၁၁၀၂ | 13019.32.7.2.44 | Jiu Rui Plastic Products Co.,Ltd | ၄၇ | ၂,၅၂၁,၄၄၀.၀၀ |
| ၁၁၀၃ | 13019.32.8.2.5 | A Light Construction Co.,ltd | ၂၈ | ၂,၄၁၂,၀၀၀.၀၀ |
| ၁၁၀၄ | 13023.314.1.2.30 | နန်းမေခိုင်ကြိမ်ထိုး(၁) | ၁၁ | ၆၃၃,၆၀၀.၀၀ |
| ၁၁၀၅ | 13023.314.1.2.41 | ဦးသိန်းဟန်အထည်ချုပ် | ၁၃ | ၂၀၆,၀၀၀.၀၀ |
| ၁၁၀၆ | 13023.314.1.2.52 | ကြည်စက်မှုလက်မှု | ၅ | ၁၆၀,၀၀၀.၀၀ |
| ၁၁၀၇ | 13023.314.2.2.125 | Apex Gas & Oil Public Co.,Ltd. | ၅၈ | ၅,၁၀၈,၆၃၂.၀၀ |
| ၁၁၀၈ | 13023.314.4.2.4 | Nippon Kouatsu Electric Myanmar Co Ltd | ၆၈ | ၄,၉၅၄,၃၂၀.၀၀ |
| ၁၁၀၉ | 13023.314.4.2.38 | YTL Cement Myanmar Co Ltd | ၁၈ | ၂,၁၆၀,၀၀၀.၀၀ |
| ၁၁၁၀ | 13023.314.6.2.51 | S.P.Petpack Inter Group ( Myanmar )Co.,Ltd. | ၅၂ | ၃,၆၅၃,၆၀၀.၀၀ |
| ၁၁၁၁ | 13023.314.7.2.10 | Delight Amatat Co.,ltd | ၁၉ | ၁,၂၈၀,၀၀၀.၀၀ |
| ၁၁၁၂ | 13023.314.7.2.32 | Sankyo Frontier Technologies Myanmar Co.,Ltd | ၉ | ၉၁၂,၀၀၀.၀၀ |
| ၁၁၁၃ | 13023.314.7.2.56 | Nissin Electric Myanmar Co.,Ltd. | ၁၄ | ၁,၃၂၀,၀၀၀.၀၀ |
| ၁၁၁၄ | 13023.314.8.2.7 | DS Myanmar Co;Ltd | ၃ | ၃၆၀,၀၀၀.၀၀ |
| ၁၁၁၅ | 13023.314.8.2.8 | မုတ်သုံရွာကြိမ်ထိုး | ၈ | ၄၆၀,၈၀၀.၀၀ |
| ၁၁၁၆ | 13033.36.6.2.56 | Diebold Nixdorf Myanmar | ၉ | ၁,၀၈၀,၀၀၀.၀၀ |
| ၁၁၁၇ | 13037.39.1.2.66 | Mother Trading Co.,Ltd | ၁၁ | ၇၉၆,၀၀၀.၀၀ |
| ၁၁၁၈ | 13037.39.1.2.369 | 119 Store | ၁၀ | ၅၈၀,၀၀၀.၀၀ |
| ၁၁၁၉ | 13037.39.1.2.428 | ဇော်မိတ္တူနှင့်ကွန်ပျူတာ | ၆ | ၁၂၄,၀၀၀.၀၀ |
| ၁၁၂၀ | 13037.39.4.2.80 | သူးလေ ကုမ္ပဏီလီမိတက် | ၇ | ၈၀၀,၀၀၀.၀၀ |
| ၁၁၂၁ | 13037.39.6.2.41 | မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ | ၄၃ | ၄,၀၂၀,၈၀၀.၀၀ |
| ၁၁၂၂ | 13037.39.6.2.82 | Lindex H.K Ltd (Representative Office) | ၅ | ၆၀၀,၀၀၀.၀၀ |
| ၁၁၂၃ | 13037.39.6.2.83 | Power HF, Myanmar | ၂၃ | ၂,၇၀၀,၀၀၀.၀၀ |
| ၁၁၂၄ | 13037.39.7.2.20 | Bright Time Trading Co.,Ltd | ၉ | ၆၇၅,၀၀၀.၀၀ |
| ၁၁၂၅ | 13037.39.7.2.70 | United Can Factory Co.,Ltd | ၅ | ၅၀၀,၄၀၀.၀၀ |
| ၁၁၂၆ | 13037.39.7.2.154 | Hein Kyel Kabar Co.,Ltd | ၁၄ | ၁,၃၁၂,၀၀၀.၀၀ |
| ၁၁၂၇ | 13041.33.2.2.153 | Lotus Blossom Co,Ltd | ၆ | ၂၆၀,၀၀၀.၀၀ |
| ၁၁၂၈ | 13041.33.5.2.64 | Golden Legend Group Of Co,Ltd | ၂၁ | ၁,၅၂၁,၆၀၀.၀၀ |
| ၁၁၂၉ | 13041.33.7.2.53 | Nutrilife Co,Ltd | ၁၇ | ၁,၂၈၀,၀၀၀.၀၀ |
| ၁၁၃၀ | 13041.38.1.2.307 | Grape City | ၃၄ | ၃,၈၈၁,၀၆၄.၀၀ |
| ၁၁၃၁ | 13041.38.2.2.219 | Shwe Myitmakha Media Group | ၁ | ၁၂၀,၀၀၀.၀၀ |
| ၁၁၃၂ | 13041.38.1.2.357 | ကောင်းသုခ | ၁၇ | ၁,၈၆၀,၀၀၀.၀၀ |
| ၁၁၃၃ | 13041.38.2.2.326 | ဗျူဟာမြောက်စုပေါင်းအကျိုးကုမ္ပဏီလီမိတက် | ၂၃ | ၂,၃၉၄,၅၈၀.၈၀ |
| ၁၁၃၄ | 13041.38.4.2.15 | နီဆန်အမ်အမ်အာဒီ | ၁၇၂ | ၂၀,၅၀၆,၇၀၀.၀၀ |
| ၁၁၃၅ | 13041.38.5.2.38 | MGS Lubricant Co.Ltd | ၇ | ၇၉၆,၀၀၀.၀၀ |
| ၁၁၃၆ | 13041.38.5.2.78 | Everlast Marine Engineering | ၁၄ | ၁,၀၃၈,၀၀၀.၀၀ |
| ၁၁၃၇ | 13041.38.6.2.14 | Mediaload Myanmar Co.,Ltd | ၁၈ | ၁,၅၆၀,၀၀၀.၀၀ |
| ၁၁၃၈ | 13041.38.7.2.125 | ထူးဆောက်လုပ်ရေး-III | ၆၈ | ၅,၀၁၃,၂၀၀.၀၀ |
| ၁၁၃၉ | 13041.38.7.2.132 | JCP Myanmar Co.,Ltd | ၅ | ၅၄၀,၀၀၀.၀၀ |
| ၁၁၄၀ | 17001.31.2.2.170 | Dong Long | ၂,၃၁၃ | ၁၂၄,၈၇၆,၈၀၀.၀၀ |
| ၁၁၄၁ | 17001.31.4.2.51 | Rainbow Bridge | ၇ | ၄၅၄,၂၄၀.၀၀ |
| ၁၁၄၂ | 17001.31.7.2.11 | Palm Beach Resort Ngwe Saung | ၅၄ | ၄,၂၀၆,၆၀၀.၀၀ |
| ၁၁၄၃ | 17001.31.8.2.6 | Cahi Moon Sports | ၆၇၁ | ၃၅,၈၆၁,၂၈၀.၀၀ |
| ၁၁၄၄ | 13019.32.8.2.18 | Dehong Technology (Myanmar) Co.,Ltd | ၁,၅၁၅ | ၈၅,၈၄၃,၃၃၇.၄၀ |
| ၁၁၄၅ | 13001.37.1.2.171 | 999 ပရုပ်လုံး | ၃၂ | ၁,၈၄၃,၂၀၀.၀၀ |
| ၁၁၄၆ | 13001.37.1.2.333 | Glowing & Win Investment Co.,Ltd | ၂,၀၉၅ | ၁၂၂,၆၃၂,၇၂၀.၀၀ |
| ၁၁၄၇ | 13001.37.1.2.334 | TI Garment Co., Ltd | ၉၁၃ | ၅၃,၂၂၃,၂၂၀.၀၀ |
| ၁၁၄၈ | 13001.37.1.2.339 | Myanmar Tahhsin | ၁,၇၆၇ | ၁၀၂,၅၀၉,၄၄၀.၀၀ |
| ၁၁၄၉ | 13001.37.1.2.377 | Honeys Garment I | ၉၈၆ | ၅၄,၅၂၉,၉၇၆.၀၀ |
| ၁၁၅၀ | 13001.37.2.2.114 | Tyre Factory (Ywama) | ၆၇၇ | ၄၅,၁၈၄,၀၀၀.၀၀ |
| ၁၁၅၁ | 13001.37.2.2.134 | Great Glowing Investment Co.,Ltd | ၃,၃၉၆ | ၁၉၇,၁၅၅,၅၂၀.၀၀ |
| ၁၁၅၂ | 13001.37.2.2.144 | Star Tape | ၃၂ | ၁,၈၄၃,၂၀၀.၀၀ |
| ၁၁၅၃ | 13001.37.2.2.162 | ZKG(ASIA) | ၂,၅၄၅ | ၁၃၈,၂၁၅,၆၀၀.၀၀ |
| ၁၁၅၄ | 13001.37.2.2.209 | Kwon & MICC Co.,Ltd | ၁,၄၉၀ | ၈၅,၂၇၄,၈၈၀.၀၀ |
| ၁၁၅၅ | 13001.37.5.2.49 | Cotton Bud | ၁၄ | ၈၀၆,၄၀၀.၀၀ |

*စာမျက်နှာ ၂၄ သို့*

စာမျက်နှာ ၂၃ မှ

| | | | | |
|---|---|---|---|---|
| ၁၁၅၆ | 13001.37.8.2.33 | Moe Ah San Trading Company Limited | ၂၀ | ၂,၁၈၈,၄၀၀.၀၀ |
| ၁၁၅၇ | 13003.311.1.2.50 | Manufactuer GFT Enterprise Co., Ltd | ၁,၄၆၆ | ၈၁,၂၃၈,၁၄၄.၀၀ |
| ၁၁၅၈ | 13003.311.3.2.100 | Gold Empire | ၅၆၁ | ၃၃,၄၃၆,၈၀၀.၀၀ |
| ၁၁၅၉ | 13007.312.2.2.16 | Ford Glory | ၅၄၃ | ၂၉,၂၈၄,၃၂၀.၀၀ |
| ၁၁၆၀ | 13007.312.4.2.15 | ကန်စိုင်းဝိန်မြန်မာကုမ္ပဏီလီမိတက် | ၅၃ | ၃,၃၀၄,၈၀၀.၀၀ |
| ၁၁၆၁ | 13007.312.4.2.43 | Gain Way | ၁,၃၆၅ | ၇၈,၇၀၄,၆၄၀.၀၀ |
| ၁၁၆၂ | 13007.312.6.2.15 | နေရှေဦဝင်းကုမ္ပဏီ | ၈၃၂ | ၄၇,၅၄၃,၅၇၉.၅၂ |
| ၁၁၆၃ | 13007.312.7.2.62 | Luen Fat (Myanmar) | ၂၃၇ | ၁၄,၀၈၈,၀၀၀.၀၀ |
| ၁၁၆၄ | 13007.312.7.2.71 | HoSheng(Myanmar)Garment | ၇၁၃ | ၃၂,၁၅၆,၉၂၀.၀၀ |
| ၁၁၆၅ | 13007.312.7.2.88 | ရန်ကုန်ဖူကူယာမအပ်ပရယ် | ၃၀၄ | ၁၆,၈၀၀,၄၈၀.၀၀ |
| ၁၁၆၆ | 13008.313.1.2.9 | Grand Royal Group International Co;Ltd | ၁၅၃ | ၁၇,၂၅၉,၁၈၈.၄၀ |
| ၁၁၆၇ | 13008.313.1.2.91 | Daw Lay Bun(Plastic) | ၁၆၁ | ၉,၆၄၈,၀၀၀.၀၀ |
| ၁၁၆၈ | 13008.313.1.2.427 | Myanmar C & N | ၃၂၇ | ၁၈,၆၈၀,၆၄၀.၀၀ |
| ၁၁၆၉ | 13008.313.1.2.479 | General Paints and Chemical Industry Co;Ltd | ၂၂၀ | ၁၃,၉၅၃,၆၀၀.၀၀ |
| ၁၁၇၀ | 13008.313.2.2.10 | Zuyuan EdenweissSanwaCo.,Ltd | ၅၇၄ | ၃၃,၆၄၁,၂၈၀.၀၀ |
| ၁၁၇၁ | 13008.313.2.2.78 | Myanmar Solamoda | ၈၈၈ | ၅၂,၆၄၁,၂၀၀.၀၀ |
| ၁၁၇၂ | 13008.313.8.2.4 | Myanmar Bestex Garment Co.,Ltd | ၄၁၇ | ၂၁,၆၀၀,၉၆၀.၀၀ |
| ၁၁၇၃ | 13009.34.1.2.322 | ရွှေပုဇွန် ဇီးယို | ၁၀ | ၂၁၂,၀၀၀.၀၀ |
| ၁၁၇၄ | 13009.34.2.2.15 | Aqua Land Co.,ltd | ၅၁ | ၃,၆၉၆,၀၀၀.၀၀ |
| ၁၁၇၅ | 13009.34.2.2.151 | Royal Ruby Hotel | ၁၂ | ၇၂၀,၀၀၀.၀၀ |
| ၁၁၇၆ | 13009.34.2.2.195 | Live Life Co;Ltd | ၁၀၇ | ၁၀,၆၉၅,၈၀၀.၀၀ |
| ၁၁၇၇ | 13009.34.2.2.203 | Stead Fast Trading | ၂၉ | ၂,၀၆၀,၀၀၀.၀၀ |
| ၁၁၇၈ | 13009.34.2.2.204 | မြန်မာလေညှင်း Co.,Ltd | ၁၃၄ | ၁၀,၇၁၉,၆၀၀.၀၀ |
| ၁၁၇၉ | 13009.34.3.2.124 | GREAT GOLDEN GLORY | ၂၈ | ၂,၆၀၈,၀၀၀.၀၀ |
| ၁၁၈၀ | 13009.34.4.2.114 | Golden Thitsar Co.,ltd | ၂၀ | ၂,၀၆၅,၆၀၀.၀၀ |
| ၁၁၈၁ | 13009.34.4.2.134 | မြန်မာ့မော်တော်ယာဉ်လုပ်ငန်းဖွံ့ဖြိုးမှု အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် | ၆ | ၄၇၆,၀၀၀.၀၀ |
| ၁၁၈၂ | 13009.34.4.2.145 | Coens Myanmar Co.Ltd | ၂၀ | ၂,၄၀၀,၀၀၀.၀၀ |
| ၁၁၈၃ | 13009.34.5.2.3 | Apex Auto Body Shop | ၇၁ | ၄,၉၈၀,၀၀၀.၀၀ |
| ၁၁၈၄ | 13009.34.5.2.13 | Orica Car Rental United | ၁၀ | ၇၄၀,၀၀၀.၀၀ |
| ၁၁၈၅ | 13009.34.5.2.73 | YUPT | ၄၃၀ | ၃၃,၉၆၀,၈၀၀.၀၀ |
| ၁၁၈၆ | 13009.34.5.2.77 | Myanmar Global Lighting Star Co.,Ltd | ၃၈ | ၂,၄၈၁,၂၀၀.၀၀ |
| ၁၁၈၇ | 13009.34.6.2.22 | Lipper Myanmar Lighting Co.,Ltd | ၄၆ | ၂,၉၆၀,၀၀၀.၀၀ |
| ၁၁၈၈ | 13009.34.6.2.53 | ANJ Apex Consultancy Service Limited | ၂၂ | ၁,၃၉၂,၀၀၀.၀၀ |
| ၁၁၈၉ | 13009.34.6.2.60 | Minn Kyan Sitt Goup Of Co.Ltd | ၇ | ၃၄၀,၀၀၀.၀၀ |
| ၁၁၉၀ | 13009.34.6.2.61 | AECOM Myanmar Co.Ltd | ၄ | ၄၈၀,၀၀၀.၀၀ |
| ၁၁၉၁ | 13009.34.6.2.75 | BASF Myanmar Limited | ၆ | ၇၂၀,၀၀၀.၀၀ |
| ၁၁၉၂ | 13009.34.6.2.119 | Electric City Mall | ၇၂ | ၅,၄၆၀,၀၀၀.၀၀ |
| ၁၁၉၃ | 13009.34.7.2.27 | Mega Mind Co.Ltd | ၃ | ၃၂၀,၀၀၀.၀၀ |
| ၁၁၉၄ | 13009.34.7.2.37 | HANSUNG E & G Co.Ltd | ၁၅ | ၁,၃၈၀,၀၀၀.၀၀ |
| ၁၁၉၅ | 13009.34.7.2.56 | KEK Group | ၁၉ | ၁,၆၄၀,၀၀၀.၀၀ |
| ၁၁၉၆ | 13009.34.7.2.59 | TTW Sturuction Design Inspection & Consultancy Group Co.,Ltd | ၁၈ | ၂,၁၆၀,၀၀၀.၀၀ |
| ၁၁၉၇ | 13009.34.7.2.94 | Infra Land Co,Ltd | ၁၁ | ၃၈၅,၃၃၃.၂၀ |
| ၁၁၉၈ | 13009.34.7.2.125 | Automan Car Service | ၁၁ | ၉၄၈,၀၀၀.၀၀ |
| ၁၁၉၉ | 13009.34.7.2.132 | Bx Marketing Service Co.,Ltd | ၁၁ | ၉၇၂,၀၀၀.၀၀ |
| ၁၂၀၀ | 13009.34.7.2.145 | YEVER Co.,Ltd | ၈ | ၉၄၀,၀၀၀.၀၀ |
| ၁၂၀၁ | 13009.34.8.2.48 | TOA-Chugoku Paints Co.,Ltd(Branch Office) | ၃ | ၃၆၀,၀၀၀.၀၀ |
| ၁၂၀၂ | 13009.34.5.2.8 | Jardine Engineering Myanmar Co.,Ltd | ၅ | ၃၆၀,၀၀၀.၀၀ |
| ၁၂၀၃ | 13009.34.8.2.57 | Rangoon Espa Group Limited | ၁၀ | ၆၆၀,၀၀၀.၀၀ |
| ၁၂၀၄ | 13033.35.1.2.120 | သီရိမင်္ဂလာ ဟိုတယ် | ၇ | ၂၈၀,၀၀၀.၀၀ |
| ၁၂၀၅ | 13033.35.1.2.136 | CASA သော့ | ၁ | ၄၀,၀၀၀.၀၀ |
| ၁၂၀၆ | 13033.35.1.2.198 | PERFECT PWINT OO CO., LTD. | ၃၀ | ၂,၁၉၂,၀၀၀.၀၀ |
| ၁၂၀၇ | 13033.35.1.2.211 | Straits Laundry (Myanmar) Ltd. | ၇ | ၃၂၀,၀၀၀.၀၀ |
| ၁၂၀၈ | 13033.35.1.2.382 | ရွှေသစ်ခွလီမိတက် | ၄ | ၂၃၀,၄၀၀.၀၀ |
| ၁၂၀၉ | 13033.35.1.2.595 | အောင်ချမ်းသာပုံနှိပ်တိုက် | ၄ | ၁၆၀,၀၀၀.၀၀ |
| ၁၂၁၀ | 13033.35.1.2.632 | MONARCH COMPANY LIMITED | ၄ | ၂၅၆,၀၀၀.၀၀ |
| ၁၂၁၁ | 13033.35.1.2.729 | ဒေါ်တင်အေးစာအုပ်ချုပ်လုပ်ငန်း | ၅ | ၂၀၀,၀၀၀.၀၀ |
| ၁၂၁၂ | 13033.35.4.2.122 | Myanmar Sedate Trading Company Limited | ၁၇ | ၁,၅၆၈,၀၀၀.၀၀ |
| ၁၂၁၃ | 13033.35.6.2.7 | Atelier Design and Management Consultancy (Myanmar) Company Limited | ၅ | ၆၀၀,၀၀၀.၀၀ |
| ၁၂၁၄ | 13033.35.7.2.14 | Myanmar Overseas Employment Agencies Federation | ၆ | ၆၆၀,၀၀၀.၀၀ |
| ၁၂၁၅ | 13033.35.7.2.74 | Manulife Myanmar Life Insurance Company Limited | ၆၁ | ၆,၉၇၃,၃၃၃.၂၀ |
| ၁၂၁၆ | 13033.35.7.2.90 | Billionaire United Company Limited | ၁၇ | ၁,၅၀၀,၈၀၀.၀၀ |
| ၁၂၁၇ | 13033.35.8.2.1 | CECA GOLD COMPANY LIMITED | ၈ | ၉၆၀,၀၀၀.၀၀ |
| ၁၂၁၈ | 13033.35.8.2.8 | FARMER LIGHTING CO., LTD. | ၇၂ | ၆,၂၈၄,၀၀၀.၀၀ |
| ၁၂၁၉ | 13033.36.1.2.125 | Max Myanmar (HO) | ၉၂ | ၉,၉၀၄,၀၀၀.၀၀ |
| ၁၂၂၀ | 13033.36.1.2.411 | Future Creator Group of Construction Company Limited | ၇၁ | ၈,၃၁၀,၀၀၀.၀၀ |
| ၁၂၂၁ | 13033.36.1.2.590 | ဇော် မိတ္တူ. ကွန်ပျူတာ | ၈ | ၄၆၀,၈၀၀.၀၀ |
| ၁၂၂၂ | 13033.36.1.2.787 | MM Import Export | ၇ | ၃၀၂,၄၀၀.၀၀ |
| ၁၂၂၃ | 13033.36.2.2.259 | Chinnery Assets Limited (CAL) | ၂၇ | ၃,၀၀၃,၄၀၄.၄၀ |
| ၁၂၂၄ | 13033.36.2.2.324 | Focus Asia (Myanmar) | ၁၅ | ၁,၀၇၆,၀၀၀.၀၀ |
| ၁၂၂၅ | 13033.36.3.2.199 | Max Myanmar Manufacturing Co,ltd | ၈၆ | ၈,၇၁၄,၄၀၀.၀၀ |
| ၁၂၂၆ | 13033.36.5.2.151 | Philips myanmar | ၁၀ | ၁,၂၀၀,၀၀၀.၀၀ |
| ၁၂၂၇ | 13033.36.5.2.156 | Hexa Trading | ၃ | ၂၅၂,၀၀၀.၀၀ |
| ၁၂၂၈ | 13033.36.5.2.157 | Myanmar Pilling | ၁၀ | ၁,၀၅၆,၀၀၀.၀၀ |
| ၁၂၂၉ | 13033.36.6.2.31 | Cardno (Myanmar) Co.,Ltd | ၇၀ | ၈,၃၉၂,၀၀၀.၀၀ |
| ၁၂၃၀ | 13033.36.6.2.34 | MinnThu Ta | ၁၂ | ၁,၃၂၄,၀၀၀.၀၀ |
| ၁၂၃၁ | 13033.36.6.2.80 | Ever Development | ၄၆ | ၃,၁၀၆,၀၀၀.၀၀ |
| ၁၂၃၂ | 13033.36.6.2.131 | Shopmyar Co,ltd | ၄ | ၄၈၀,၀၀၀.၀၀ |
| ၁၂၃၃ | 13033.36.7.2.8 | Yurtec Corporation (Myanmar Branch) | ၁၀ | ၁,၂၀၀,၀၀၀.၀၀ |
| ၁၂၃၄ | 13033.36.7.2.54 | Nature Link Travels and Tours | ၁၄ | ၉၆၀,၀၀၀.၀၀ |
| ၁၂၃၅ | 13033.36.7.2.90 | Myanmar Seven Stars Design and Construction | ၁၂ | ၁,၄၄၀,၀၀၀.၀၀ |
| ၁၂၃၆ | 13033.36.7.2.142 | Apex Greatest Industrial Co.,Ltd | ၁၃ | ၁,၁၀၈,၀၀၀.၀၀ |
| ၁၂၃၇ | 13033.36.8.2.18 | prosper Co.,Ltd | ၁၈ | ၁,၁၉၈,၀၀၀.၀၀ |
| ၁၂၃၈ | 13033.310.1.2.87 | Steel King Co.,Ltd | ၁၄၇ | ၉,၅၀၂,၄၀၀.၀၀ |
| ၁၂၃၉ | 13033.310.1.2.261 | Unique Computer | ၅၃ | ၃,၀၅၂,၈၀၀.၀၀ |
| ၁၂၄၀ | 13033.310.1.2.281 | ပေါ်လီမာကုမ္ပဏီလီမိတက် | ၁၇ | ၁,၃၈၆,၀၀၀.၀၀ |
| ၁၂၄၁ | 13033.310.1.2.321 | အောင်ဂုဏ်ဆင့်ညှိရိပ်သာ | ၂ | ၈၆,၄၀၀.၀၀ |
| ၁၂၄၂ | 13033.310.1.2.456 | TZE ELECTRONIC သိုလှောင်ရုံ | ၆ | ၃၄၈,၀၀၀.၀၀ |
| ၁၂၄၃ | 13033.310.1.2.489 | Myanmar Golden Rock Int'l Co.,ltd | ၁၄ | ၁,၅၈၀,၇၂၀.၀၀ |
| ၁၂၄၄ | 13033.310.1.2.550 | Unique IT Mobile | ၃၉ | ၂,၂၄၆,၄၀၀.၀၀ |
| ၁၂၄၅ | 13033.310.2.2.171 | PME (SVC) | ၂၆၀ | ၂၅,၇၆၈,၅၈၀.၀၀ |
| ၁၂၄၆ | 13033.310.2.2.192 | Map Pacific Pte. Limited | ၁၁ | ၁,၂၂၃,၆၁၁.၂၀ |
| ၁၂၄၇ | 13033.310.2.2.222 | တက်လမ်းကွန်ကရစ် | ၁၃၈ | ၈,၇၆၄,၈၀၀.၀၀ |
| ၁၂၄၈ | 13033.310.3.2.14 | New Harmony | ၅၀ | ၂,၉၅၉,၂၀၀.၀၀ |
| ၁၂၄၉ | 13033.310.4.2.126 | Strategy Partner Myanmar Ltd | ၃ | ၃၃၂,၀၀၀.၀၀ |
| ၁၂၅၀ | 13033.310.4.2.148 | Vision to Motion Myanmar Co.,Ltd | ၃ | ၂၅၂,၀၀၀.၀၀ |
| ၁၂၅၁ | 13033.310.4.2.191 | Sustainable Living Technology Co.,Ltd | ၈ | ၅၄၉,၂၀၀.၀၀ |
| ၁၂၅၂ | 13041.38.1.2.305 | မြစ်မခအပြည်ပြည်ဆိုင်ရာရောင်းဝယ် ရေးကုမ္ပဏီ | ၂ | ၁၅၂,၈၀၀.၀၀ |
| ၁၂၅၃ | 13041.38.5.2.102 | Tek Bumi CO.ltd | ၁၁ | ၁,၀၁၂,၀၀၀.၀၀ |
| ၁၂၅၄ | 13041.38.5.2.83 | Bintai Kindenko Myanmar | ၁၇ | ၂,၀၄၀,၀၀၀.၀၀ |
| ၁၂၅၅ | 13041.38.6.2.110 | Tsubasa Co.,Ltd | ၆ | ၅၉၆,၀၀၀.၀၀ |
| ၁၂၅၆ | 13041.38.6.2.118 | CAST Laboratories Pte ,Ltd | ၁၉ | ၂,၀၂၄,၀၀၀.၀၀ |
| ၁၂၅၇ | 7001.39.1.2.75 | ဦးကိုလေးလှည်းရုံ | ၃ | ၆၀,၀၀၀.၀၀ |
| ၁၂၅၈ | 7001.39.1.2.121 | စိန်ဟင်းအင်ဂျင်ဆိုင် | ၈ | ၄၆၀,၈၀၀.၀၀ |
| ၁၂၅၉ | 7001.39.1.2.149 | ခြူးနဂါးဆေးလိပ် | ၁၁ | ၃၅၂,၀၀၀.၀၀ |
| ၁၂၆၀ | 7001.39.1.2.159 | ဦးလှတင်ပန်းတိမ် | ၁ | ၂၀,၀၀၀.၀၀ |
| ၁၂၆၁ | 7001.39.1.2.194 | စိန်ဟင်းလျှပ်စစ်ပစ္စည်းဆိုင် | ၁၇ | ၉၇၉,၂၀၀.၀၀ |
| ၁၂၆၂ | 7001.39.1.2.208 | စိန်ဟင်းအိမ်ဆောက်ပစ္စည်းဆိုင် | ၂၃ | ၁,၃၂၄,၈၀၀.၀၀ |
| ၁၂၆၃ | 7001.39.1.2.302 | စိန်ဟင်းလျှပ်စစ်ပစ္စည်းဆိုင် | ၃ | ၁၇၂,၈၀၀.၀၀ |
| ၁၂၆၄ | 7001.39.1.2.323 | M.M.S Engineering | ၇ | ၄၄၈,၀၀၀.၀၀ |
| ၁၂၆၅ | 7001.39.1.2.331 | စိန်ဟင်းပန်ကန်ဆိုင် | ၁၅ | ၈၆၄,၀၀၀.၀၀ |
| ၁၂၆၆ | 7001.39.3.2.140 | စိန်ဟင်း အိမ်ဆောက်ပစ္စည်းဆိုင် | ၄ | ၂၃၀,၄၀၀.၀၀ |
| ၁၂၆၇ | 7001.39.3.2.141 | စိန်ဟင်းပန်းကန်ဆိုင် | ၁၁ | ၆၃၃,၆၀၀.၀၀ |
| ၁၂၆၈ | 7001.39.4.2.36 | Icon Shopping Center | ၁၇ | ၉၇၉,၂၀၀.၀၀ |
| ၁၂၆၉ | 7001.39.4.2.39 | Win & Win (2) သစ်စက် | ၁ | ၅၇,၆၀၀.၀၀ |
| ၁၂၇၀ | 7001.39.5.2.34 | စိန်ဟင်းဂိုဒေါင် | ၂၁ | ၁,၂၇၂,၀၀၀.၀၀ |
| ၁၂၇၁ | 10006.37.1.2.138 | ဆင်မင်းဂွမ်းဖတ်စက် | ၄ | ၈၀,၀၀၀.၀၀ |
| ၁၂၇၂ | 10006.37.1.2.139 | ရွှေနဂါးအထည်စက် | ၂ | ၄၀,၀၀၀.၀၀ |
| ၁၂၇၃ | 10006.37.1.2.161 | ရွှေနန်းတော်ဂွမ်းဖတ်စက် | ၅ | ၁၀၀,၀၀၀.၀၀ |
| ၁၂၇၄ | 10006.37.1.2.183 | ဦးအောင်မျိုးသိန်း-ဂွမ်းဖတ်စက် | ၂ | ၄၀,၀၀၀.၀၀ |
| ၁၂၇၅ | 10006.37.1.2.222 | ကြယ်သုံးလုံးပလပ်စတစ်ပိုက်စက် | ၁၀ | ၂၀၀,၀၀၀.၀၀ |
| ၁၂၇၆ | 10006.37.1.2.228 | K K A-ကြိမ်စက်ရုံ | ၃ | ၁၂၉,၆၀၀.၀၀ |
| ၁၂၇၇ | 10006.37.1.2.234 | အောင်သပြေသံရည်ကြို | ၄ | ၉၆,၀၀၀.၀၀ |
| ၁၂၇၈ | 10006.37.1.2.235 | ရွှေစုဝံသံရည်ကျိုလုပ်ငန်း | ၇ | ၁၆၈,၀၀၀.၀၀ |
| ၁၂၇၉ | 10006.37.1.2.245 | ရွှေမြင့်မိုရ်ပန်းပု | ၂ | ၄၀,၀၀၀.၀၀ |
| ၁၂၈၀ | 10006.37.2.2.131 | ဦးမိုးလင်းပလပ်စတစ် | ၅ | ၁၀၀,၀၀၀.၀၀ |
| ၁၂၈၁ | 10006.37.2.2.153 | စိုးမိုးမြန်မာပန်းပုလုပ်ငန်း | ၂ | ၄၀,၀၀၀.၀၀ |
| ၁၂၈၂ | 10006.37.6.2.2 | အောင်သန်းဦးသွပ်ပြားစက်ရုံ | ၁၆ | ၉၂၁,၆၀၀.၀၀ |
| ၁၂၈၃ | 10006.37.7.2.1 | ရွှေမန္တလေးအရည်ကျိုလုပ်ငန်း | ၆ | ၃၆၀,၀၀၀.၀၀ |
| ၁၂၈၄ | 10006.37.7.2.21 | ရောရွှေစင်လယ်ယာသုံးColtd | ၅ | ၂၆၄,၀၀၀.၀၀ |
| ၁၂၈၅ | 10006.37.7.2.39 | Best star ရေတိုင်ကီဖြန့်ချိရေး | ၅ | ၃၃၀,၄၀၀.၀၀ |
| ၁၂၈၆ | 10006.37.7.2.41 | မြတ်ရေနံကျိုးလောင်စာတောင့်လုပ်ငန်း | ၄ | ၁၆၀,၀၀၀.၀၀ |
| ၁၂၈၇ | 10006.37.7.2.46 | တောင်သမန်သစ္စာကုမ္ပဏီလီမိတက် | ၁၃ | ၉၆၆,၀၀၀.၀၀ |
| ၁၂၈၈ | 10006.37.8.2.9 | MMT အထည်စက် | ၅ | ၁၄၀,၀၀၀.၀၀ |
| ၁၂၈၉ | 10006.37.8.2.13 | ဝင်းရှိုင်းအထည်စက် | ၅ | ၁၄၀,၀၀၀.၀၀ |
| ၁၂၉၀ | 17001.31.2.2.113 | Huabo Times | ၁,၅၄၆ | ၉၀,၁၇၀,၈၈၀.၀၀ |
| ၁၂၉၁ | 17001.31.2.2.125 | Hakers Enterprise (Myanmar) Co.,Ltd. | ၁,၉၇၉ | ၁၁၁,၀၀၆,၂၄၀.၀၀ |
| ၁၂၉၂ | 17001.31.4.2.40 | Myanmar Knitting | ၂,၃၆၀ | ၁၄၃,၂၁၂,၄၅၃.၂၀ |
| ၁၂၉၃ | 17001.31.5.2.31 | AMAVA APPAREL LTD | ၁,၁၇၉ | ၆၇,၄၇၇,၈၄၀.၀၀ |
| ၁၂၉၄ | 17001.31.7.2.15 | Hua Meng Myanmar | ၁၉၅ | ၁၁,၈၁၇,၆၀၀.၀၀ |
| ၁၂၉၅ | 10002.32.6.2.28 | Brightex Family Co,.Ltd | ၁၀ | ၅၇၈,၄၀၀.၀၀ |
| ၁၂၉၆ | 10006.37.1.2.1 | TaungGyi-Mauk Mai Thanakha | ၉၀ | ၆,၉၀၀,၀၀၀.၀၀ |
| ၁၂၉၇ | 10006.37.1.2.35 | Home Art-အိမ်အလှဆင်လုပ်ငန်း | ၁၅ | ၅၀၈,၀၀၀.၀၀ |
| ၁၂၉၈ | 10006.37.1.2.123 | မန္တလေးလှိုင်းတွန့်စက္ကူစက် | ၁၅ | ၈၆၄,၀၀၀.၀၀ |
| ၁၂၉၉ | 10006.37.1.2.137 | ဒေါ်စန်းစန်းဝင်းစက်ယက္ကန်း | ၃ | ၆၀,၀၀၀.၀၀ |
| ၁၃၀၀ | 10006.37.1.2.157 | စံချိန်မှီ-အထည်စက် | ၉ | ၁၈၀,၀၀၀.၀၀ |
| ၁၃၀၁ | 10006.37.2.2.118 | Nibban Co;Ltd | ၁၄ | ၈၀၆,၄၀၀.၀၀ |
| ၁၃၀၂ | 10006.37.2.2.140 | Octagon Automobile & Machinery Services Co; | ၃၅ | ၃,၀၇၂,၀၀၀.၀၀ |
| ၁၃၀၃ | 10006.37.4.2.27 | မြန်မာ့ရွှေနဂါးစိုက်ပျိုးရေးစွမ်းအားစု | ၁၅ | ၉၂၆,၄၀၀.၀၀ |
| ၁၃၀၄ | 10006.37.4.2.30 | New Starlinght | ၃ | ၂၀၀,၀၀၀.၀၀ |
| ၁၃၀၅ | 10006.37.7.2.4 | Aung Kan Bo Motorcycle Industrial co.ltd | ၁၆၃ | ၁၃,၀၈၄,၀၀၀.၀၀ |
| ၁၃၀၆ | 13001.37.1.2.7 | U Tun Lwin Plaster Board | ၅၉ | ၅,၂၁၈,၀၀၀.၀၀ |
| ၁၃၀၇ | 13001.37.1.2.123 | MT ဒန် | ၆ | ၃၄၅,၆၀၀.၀၀ |
| ၁၃၀၈ | 13001.37.1.2.135 | SD ပလပ်စတစ် | ၃၀ | ၁,၇၂၈,၀၀၀.၀၀ |
| ၁၃၀၉ | 13001.37.1.2.186 | K ဒန်သတ္တု | ၃ | ၉၆,၀၀၀.၀၀ |
| ၁၃၁၀ | 13001.37.1.2.188 | ရွှေပုဇွန်ဒန်အိုးစက် | ၃ | ၉၆,၀၀၀.၀၀ |
| ၁၃၁၁ | 13001.37.1.2.400 | 3 Star ချည်ထည် | ၅ | ၁၅၅,၂၀၀.၀၀ |
| ၁၃၁၂ | 13001.37.2.2.136 | SHINSUNG TONGSANG | ၆၄၇ | ၄၁,၆၀၁,၀၄၀.၀၀ |
| ၁၃၁၃ | 13001.37.2.2.168 | K.H.M အထည်ချုပ်စက်ရုံ | ၂,၃၂၄ | ၁၂၆,၉၁၄,၄၀၀.၀၀ |
| ၁၃၁၄ | 13001.37.4.2.9 | ဦးကျော်ကျော်ဝင်းပရိဘောဂ | ၁၁၅ | ၇,၀၉၀,၀၀၀.၀၀ |
| ၁၃၁၅ | 13001.37.8.2.28 | City Concrete Co.,Ltd | ၇၁ | ၄,၇၀၆,၄၀၀.၀၀ |
| ၁၃၁၆ | 13001.37.8.2.30 | SC Auto (Myanmar) Co.,Ltd | ၁၂၉ | ၁၃,၈၅၉,၁၆၆.၈၀ |
| ၁၃၁၇ | 13003.311.2.2.117 | ဆူမိုရေတိုင်ကီလုပ်ငန်း | ၁၂ | ၆၉၂,၀၀၀.၀၀ |
| ၁၃၁၈ | 13003.311.7.2.37 | Aung Gabar Motor Services Co.,ltd | ၇၇ | ၇,၀၅၂,၀၀၀.၀၀ |
| ၁၃၁၉ | 13003.311.8.2.11 | Yangon Wan Ping Garment Co.Ltd | ၅၆၉ | ၃၂,၇၇၄,၄၀၀.၀၀ |
| ၁၃၂၀ | 13003.311.8.2.12 | Top & Top Star ကိုယ်ပိုင်အထက်တန်းကျောင်း နှင့်ဘော်ဒါဆောင် | ၁၅ | ၁,၃၈၀,၀၀၀.၀၀ |
| ၁၃၂၁ | 13007.312.1.2.88 | မင်းလွင်စက္ကူစက် | ၃၂ | ၁,၈၄၃,၂၀၀.၀၀ |
| ၁၃၂၂ | 13007.312.1.2.268 | New KMC Apparel | ၄၃၄ | ၂၆,၅၇၇,၀၆၀.၀၀ |
| ၁၃၂၃ | 13007.312.1.2.328 | UMHCo.,Ltd | ၄၈ | ၂,၇၆၃,၀၀၀.၀၀ |
| ၁၃၂၄ | 13007.312.3.2.110 | Hafary Myanmar | ၇ | ၇၇၂,၀၀၀.၀၀ |
| ၁၃၂၅ | 13007.312.4.2.14 | UPVC | ၇၉ | ၄,၅၁၅,၂၀၀.၀၀ |
| ၁၃၂၆ | 13008.313.2.2.170 | Fullway Myanmar | ၅၂၉ | ၂၉,၉၉၀,၂၈၀.၀၀ |
| ၁၃၂၇ | 13008.313.2.2.177 | Lian Cheng Co., Ltd | ၆၃၅ | ၃၆,၆၈၆,၄၀၀.၀၀ |
| ၁၃၂၈ | 13008.313.2.2.178 | Myanmar Unique Garments | ၆၁၂ | ၃၆,၇၃၂,၀၀၀.၀၀ |
| ၁၃၂၉ | 13008.313.2.2.222 | Myanmar Yue Wine Cheong | ၄၄၈ | ၂၆,၄၆၈,၁၆၀.၀၀ |
| ၁၃၃၀ | 13008.313.3.2.33 | KBL Fashion Co.,Ltd | ၃၀၆ | ၁၇,၉၃၇,၆၀၀.၀၀ |
| ၁၃၃၁ | 13008.313.3.2.108 | kamcaine Mfg (Myanmar ) Co.,Ltd | ၁,၂၇၁ | ၇၁,၅၄၀,၆၄၀.၀၀ |

(ဆက်လက်ဖော်ပြပါမည်)

# ရှေးက ဇာတ်မင်းသားကြီး ဦးစိန်ကတုံး

## မောင်နေလင်း(ပန်းလှိုင်မြေ)

**တောင်ကျွန်းခရိုင်မှာလေ**
**မောင်ထွန်းမြိုင်ဆိုတာဟာ**
**ကျွန်တော်ပိန်ရှေခြောက်ပါပဲ**
**အိမ်ခြေလျှောက်ကာ**
**အချိန်မဟုတ်ရင်ဖြင့်**
**ထဘီထုပ်ကိုဆွဲ... ။**
**ထဘီထုပ်ကိုဆွဲ... ။**

ပရိသတ်မှာ ဝေါခနဲ ပွဲကျသွားသည်။

လွန်ခဲ့သောနှစ်ပေါင်း ၁၂၀ ကျော်က ညောင်တုန်းမြို့ပေါ် အလွန်စည်ကားသော ဘုံကထိန်ပွဲကြီးတွင် ကြေးနောင်ဆရာလေး မောင်ဖိုးထွန်းက သူ့ကိုယ်သူမင်းသားအသွင် ကပြအသုံးတော်ခံရန် ခွန်းထောက်တစ်ပုဒ်ကို လက်တန်းပေါက်ကရဆိုလိုက်ခြင်းကြောင့် ပရိသတ်မှာ ဝေါခနဲ ပွဲကျသွားခြင်းဖြစ်သည်။

ထိုစဉ်က ညောင်တုန်းဆိုင်းဆရာ၊ ဓနုဖြူဆိုင်းဆရာဟု လူသိများသော ဆိုင်းဆရာကြီး ဦးကျော်ဦးမှာ မောင်ဖိုးထွန်း၏ ဖခင်ဖြစ်သည်။ ဆိုင်းဆရာကြီး ဦးကျော်ဦး၏ ဆိုင်းအဖွဲ့မှာ ပွဲတိုင်းကျော်ဖြစ်သည်။ သာရေး နာရေးတိုင်း သူ့ဆိုင်းမပါလျှင် ပွဲမစည်။ သူ့ဆိုင်းအဖွဲ့က ပါစမြဲ။ ညောင်တုန်းမြို့ ဘုံကထိန်ပွဲကြီးများတွင်လည်း သူ့ဆိုင်းအဖွဲ့က မပါမဖြစ်။

သည်ကထိန်ပွဲကြီးတွင် သူ့ဆိုင်းအဖွဲ့က ညက အတော်ညဉ့်နက်အောင် တီးမှုတ်ခဲ့ကြရသဖြင့် နေ့ဘက်တွင်ဆိုင်းသမားများသည် အသီးသီးနေရာရှာ၍ အိပ်နေကြသည်။ ကြေးနောင်ဆရာလေး မောင်ဖိုးထွန်းမှာမူ မအိပ်နိုင်ဘဲ အပေါင်းအဖော် ကာလသားများနှင့် ပွဲကျနေသည်။ ပဒေသာပင်များနှင့် ပါလာသော အရပ်ဆိုင်းဖြင့် မင်းသားလုပ်ပြီး ကပြနေခြင်းဖြစ်သည်။

ပရိသတ်အလယ်တွင် သောချင်တိုင်းသော၊ ဟဲချင်တိုင်းဟဲ၊ ကချင်တိုင်းက၊ တဝေါဝေါဖြင့် ပွဲကျနေသည့် သူ့သား မောင်ဖိုးထွန်းကိုလှမ်းမြင်နေခဲ့ရသော ဖခင်ဖြစ်သူ ဦးကျော်ဦးမှာ အလွန် စိတ်မကောင်းဖြစ်သွားရှာသည်။ သူဖြစ်စေလိုသည်က ဆိုင်းဆရာ၊ သူ့သားဖြစ်လိုသည်က မင်းသား။

### မင်းသားတို့တွင် ရှိအပ်သော ရုပ်ရည်ရူပကာ

ဆိုင်းဆရာကြီး ဦးကျော်ဦးသည် မဏ္ဍပ်တိုင်ကွယ်မှနေ၍ သူ့သားကို သေချာစွာ ကြည့်မိသည်။ သူ့သားမောင်ဖိုးထွန်းမှာ မင်းသားတို့တွင် ရှိအပ်သော ရုပ်ရည်ရူပကာ၏ ကောင်းခြင်း၊ အရွယ်၏ကောင်းခြင်း၊ အဆို၏ကောင်းခြင်း၊ အပြော၏ကောင်းခြင်း၊ အက၏ကောင်းခြင်း စသော ကောင်းခြင်းငါးဖြာနှင့် ပြည့်စုံနေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်ရသည်။ မင်းသားတို့၌ ရှိအပ်သော အင်္ဂါငါးရပ်နှင့် ညီညွတ်ပြည့်စုံနေသူကို မိမိ၏ ဆိုင်းပညာဘက်သို့ ဆွဲဆောင်ရန် မလွယ်ကူသဖြင့် သက်ပြင်းချလိုက်မိသည်။

ဆိုင်းဆရာကြီးဦးကျော်ဦးမှာ တိုင်းရင်းဆေးဆရာတစ်ဦး၏ သားဖြစ်သည်။ သူ့ဖခင်က ဦးကျော်ဦးကို ဆေးဆရာဖြစ်စေလိုသည်။ သို့ရာတွင် ဦးကျော်ဦးမှာ ဆိုင်းကိုသာ ဝါသနာပါခဲ့သည်။ သူဝါသနာပါရာ ကြိုးပမ်းခဲ့သဖြင့် ဆိုင်း ဆရာကြီးအဖြစ် နာမည်ကျော်ကြားခဲ့ခြင်း ဖြစ်သည်။ မိမိဝါသနာပါသည်ကို သင်ယူခြင်းက ပိုတတ်လွယ်သည်။ ပိုအောင်မြင်နိုင်သည်ကို သဘောပေါက်ခြင်းကြောင့်၊ ဆိုင်းဆရာဖြစ်စေလိုသည့် သူ့ဆန္ဒကို လက်လျှော့လိုက်ရသည်။ သို့ဖြင့်သားဖြစ်သူ မောင်ဖိုးထွန်းအား ဓနုဖြူဆရာမွန်းကြီးထံ အပ်နှံ၍ အက ပညာများကို သင်ယူစေခဲ့သည်။

ဆရာမွန်းကြီးမှာ မြန်မာရှင်ဘုရင်များ လက်ထက်က မင်းနေပြည်တော်တွင် ပုံရှည်မင်းသားအဖြစ် နာမည်ကျော် နာမည်ကြီးသူဖြစ်သည်။ သူ၏ တန်ဆာချွတ်အကမှာ ပွဲကျလှသည်။ နာမည်ကြီးလှသည်။ တန်ဆာချွတ် အကဆိုသည်မှာ ထင်းထမ်းသမားဆိုလျှင် တကယ့်ထင်းထမ်းသမားများဝတ်လေ့ရှိသော ထင်းထမ်းသမား အဝတ်အစားဝတ်၍ ကသည်။ သူတောင်းစားဆိုလျှင်သူတောင်းစားအသွင်ဆင်ယင်၍ ကသည်။ သဘာဝကျကျ သူ့နေရာနှင့်သူ တန်ဆာဆင်၍ ကပြခြင်းမျိုးကိုပင် တန်ဆာချွတ်အကဟု ခေါ်ခြင်းဖြစ်သည်။ ပတ်တီးဆရာကြီး ဦးကျော်ဦး + ဒေါ်သစ်တို့က ကောဇာသက္ကရာဇ် ၁၂၃၇ ခုနှစ် ဝါခေါင်လဆန်း ၁၃ ရက် စနေနေ့တွင် မောင်ဖိုးထွန်းကို မွေးဖွားခဲ့သည်။ သူ့ဇာတာတွင် မောင်ထွန်းလှ ဟု မှည့်ထားသော်လည်း မောင်ထွန်း၊ မောင်ဖိုးထွန်းဟုသာ အခေါ်များသည်။ မောင်ဖိုးထွန်းဟုသာ လူသိများသည်။

မောင်ဖိုးထွန်းသည် ဆရာမွန်းကြီးထံမှ အဆို၊ အကသာမက၊ ဇာတ်ထုပ်၊ ဇာတ်ကွက်၊ ဇာတ်ချင်းရေးနည်းများကိုပါ သင်ကြားတတ်မြောက်ခဲ့သည်။ ထိုစဉ်ကဆရာကြီးများသည် ကြေးစားဆရာများမဟုတ်သဖြင့် တပည့်ပီသသောသူများကိုသာ ပညာပေးလေ့ရှိသည်။ စာတစ်ပုဒ်ရရန် အလွန်ခက်သည်။ မည်မျှပင်ကျွန်ခံစေကာမူ သူ၏စာနှင့် မလျော်ဟုယူဆပါက မပေးချေ။ ဇာတ်စာတို့မှာ ဌာန်းကရိုဏ်းကျရန် အလွန်လိုသည်။ ဇာတ်လုပ်ငန်းမှာ အသံနှင့်ဟန်ကို များစွာအသားပေးထားသောကြောင့် ဆရာမွန်းကြီးသည် သူ့စာများကို လူတိုင်းကိုမပေးခြင်းဖြစ်သည်။ ထွန်းတောက်တော့မည့် မောင်ဖိုးထွန်းကိုမူ သူ့စာများကိုမပေး၍ မဖြစ်တော့။ မောင်ဖိုးထွန်းကိုမူ ဆရာမွန်းကြီးက အစုံအလင် သင်ကြားပေးခဲ့ရသည်။

### သဘင်ပညာရှင်ကြီးများကပင် ချီးမွမ်း

မောင်ဖိုးထွန်းသည် ဆရာမွန်းကြီးထံမှ အဆိုအကနှင့် ဇာတ်ပညာများ တတ်မြောက်ခဲ့သည်။ ဆိုင်းဆရာကြီး ဦးကျော်ဦးသည် သားဖြစ်သူကို ရန်ကုန်မြို့သို့ ခေါ်ဆောင်သွား ပြန်သည်။ ယိုးဒယားဦးစံတုတ်ထံ အပ်နှံ၍ ယိုးဒယားအက သင်စေပြန်သည်။ ယိုးဒယားအကမှာ မောင်ဖိုးထွန်းနှင့် အလွန်အဆင်ပြေသည်။ သေးသေးသွယ်သွယ် ရှည်ရှည်ဖြစ်၍ ယိုးဒယားအကနှင့်အံဝင်ခွင်ကျ ဖြစ်နေသည်။ မင်းသားတို့အတတ်တွင် ခါးထမ်း၊ တုတ်ထမ်းမှာ လွန်စွာအရေးပါသည်။ မောင်ဖိုးထွန်းသည် ခါးထမ်း၊ တုတ်ထမ်းတွင် သူမတူအောင် ကျွမ်းကျင်သည်။ ယိုးဒယားအကကိုလည်း ပိုင်နိုင်သည်။ ခေတ်နှင့်ဝင်ဆံ့သော ယိုးဒယားသစ်ကို တီထွင်နိုင်ခဲ့သည်။ ကြည့်ရှုရ အလွန်ကောင်းသဖြင့် သဘင်ပညာရှင်ကြီးများကပင် ချီးမွမ်းရသည်။

ဇာတ်သဘင်ပညာကို ဆက်လက်ဆည်းပူးနိုင်ရန်အတွက် မန္တလေးမြို့သို့ သွားရောက်ခဲ့သည်။ အဆင်မပြေသဖြင့် မင်းသားမဖြစ်ခဲ့။ ဆိုင်းအဖွဲ့တွင် ကြေးနောင်ကိုသာ တီးခဲ့ရသည်။ မောင်ဖိုးထွန်းခမျာ စိတ်လေကာ ကက်ဝိုင်းတွင်သာ အချိန်ကုန်ခဲ့သည်။ ကက်ဝိုင်းကြောင့် အညောင်းမိကာ ထုံနာ ကျင်နာ စွဲကာ လပေါင်းများစွာ ခံစားခဲ့ရသည်။ ရောဂါပျောက်ကင်းသည့်တိုင် ကျွတ်သွားသောဆံပင်များ ပြန်မပေါက်သဖြင့် မောင်ဖိုးထွန်းခမျာ ကတုံးရိတ်လိုက်ရသည်။ မန္တလေးကိုစိတ်နာကာ မန္တလေးမှ ထွက်ခွာခဲ့သည်။ နေရပ်ပြန်ရန်လည်း အခြေမလှ။ မိတ်ဆွေအပေါင်းအသင်းအချို့နှင့် မော်လမြိုင်မြို့သို့




ဇာတ်မင်းသားကြီး ဦးစိန်ကတုံး

သွားရောက်ကာ ဇာတ်အဖွဲ့တစ်ဖွဲ့မှ ဆိုင်းဝိုင်းတွင် ကြေးနောင်ဝင်တီးခဲ့သည်။

ထိုဇာတ်အဖွဲ့ မော်လမြိုင်တွင်ကပြစဉ် တစ်ညပွဲထွက်ခါနီးရောက်မှ မင်းသား ပျောက်သွားသဖြင့် မောင်ဖိုးထွန်းမှာ မမျှော်လင့်ဘဲ မင်းသားအစား ထွက်ကရသည်။ မင်းသားအတု၊ သျှောင်အတုဖြင့် မင်းသားအက ကပြနေသော မောင်ဖိုးထွန်းကို ပွဲကြည့်ပရိသတ်များက ဇဝေဇဝါ ဖြစ်နေသည်။ ဤတွင် အကင်းပါးသော မောင်ဖိုးထွန်းက ကကြိုးအဆုံးတွင်–

"ရွှေပွဲလာ မင်းကဝိတို့ခင်ဗျား။
ကျွန်တော်ကို ကြည့်ပြီးတော့၊
အမုန်းအငြင်းမပွားကြပါနှင့်၊
နှလုံးအတွင်းသားက–
အပြုံးအရင်း ထားလိုက်ကြပါတော့၊
ကျွန်တော်ဟာဖြင့် ကတုံးမင်းသား။"



ဇာတ်မင်းသားကြီး ဦးစိန်ကတုံး တည်ထားကိုးကွယ်ခဲ့သော နိုင်ငံအေးဗုဒ္ဓရုပ်ပွားတော်ကြီး

ထိုသီချင်းကို ရုတ်တရက်ရွတ်ဆိုကာ သျှောင်ပုံကို ချွတ်ပြလိုက်သည်။ ပရိသတ်မှာ အုတ်အုတ်ကျက်ကျက် ဖြစ်သွားသည်။ **"စိန်ကတုံးကွ–ဖန်ကတုံးကွ"** ပွဲကြည့်ပရိသတ်က အော်ဟစ်၍ သြဘာပေးသည်။

အကကောင်းကြောင်း၊ အဆိုပိုင်ကြောင်း၊ မင်းသားလုပ်လျှင် ပထမတန်းမင်းသားဖြစ်နိုင်ကြောင်း အမျိုးမျိုးဝေဖန်ပြောဆိုကြသည်။ ထိုညမှစ၍ မောင်ဖိုးထွန်းမှာ မင်းသား စိန်ကတုံးဖြစ်မှန်းမသိ ဖြစ်သွားတော့သည်။ ပွဲကြည့်ပရိသတ်၏ တောင်းဆိုချက်ကြောင့် နောက်ညတွင်လည်း စိန်ကတုံးကိုပင်ဆက်၍ ပွဲထုတ်ခဲ့ရသည်။ စိန်ကတုံးမှာ တစ်ပွဲထက် တစ်ပွဲတိုးတက်ကောင်းမွန်ကျော်ကြားလာသည်။ ပွဲကရင်း၊ ကက်ဆွဲရင်း ဆံပင်များ ပြန်ရှည်လာသော်လည်း စိန်ကတုံးအမည်မှာ ပျောက်ကွယ်မသွားတော့ပေ။ သူကိုယ်တိုင်ကလည်း ပရိသတ်ကပေးထားသောအမည်ကို မြတ်နိုးစွာပင် လက်ခံထားခဲ့သည်။

မော်လမြိုင်မှ စတင်ပွဲထုတ်ပေးလိုက်သော မင်းသားစိန်ကတုံးသည် ပိုမိုကျော်ကြားလာသည်။ ၁၂၇၅ ခုနှစ်မှစတင်၍ ယောကျ်ား မင်းသမီး အောင်ဗလနှင့် တွဲဖက်ကပြသည်။ စိန်ကတုံး၏ ပထမဆိုင်းဆရာကြီးမှာ အလက်ာကျော်စွာဦးဟန်ပ ဖြစ်သည်။ ထို့နောက် ဆိုင်းဆရာကြီး စိန်ဗေဒါနှင့် တွဲသည်။ စိန်ကတုံးနှင့် စိန်ဗေဒါမှာ အလွန်လိုက်ဖက်ညီသော အတွဲဖြစ်သည်။ မင်းသား စိန်ကတုံး အကကောင်းသလောက် စိန်ဗေဒါလိုက်ကောင်းနိုင်သည်။ စိန်ဗေဒါ အတီးကောင်းသလောက် စိန်ကတုံးလိုက်ကောင်းနိုင်သဖြင့် ပိုမိုကျော်ကြားလာသည်။ စိန်ကတုံးပွဲကျအောင် ကလျှင် စိန်ဗေဒါကလည်း ပွဲကျအောင် တီးနိုင်သည်။ စိန်ကတုံးမှာ အဆို အက လွန်စွာ နိုင်နင်းသူဖြစ်သည်။ သူ့အဆို၊ သူ့အကမျိုးကို မည်သူမျှတုပ၍မဆိုနိုင်။ တုပ၍ မကနိုင်။


လွန်ခဲ့သော နှစ်ပေါင်း ၁၂၀ ဝန်းကျင်နှစ်များ ၁၂၅၀–၁၂၇၅ (ခရစ်နှစ် ၁၈၈၃–၁၉၁၃) ကာလများသည် ညောင်တုန်းမြို့၏ ရွှေခေတ်ဟု တင်စားခေါ်ဝေါ်ခဲ့ကြသည်။ အထက်အောက်ကုန်စည်ဖလှယ်ရာ ကြက်ပျံမကျ စည်ကားသော ဆိပ်ကမ်းမြို့ဖြစ်ခဲ့သည်။ မွန်အခေါ် ဉာဏ်ထိုင်းဖြစ်ခဲ့သဖြင့် ဉာဏ်ဟူသည်မှာ လှေငယ်တက်စင်း၊ ထိုင်းဟူသည်မှာ စည်ကားရာအရပ်၊ "ဉာဏ်ထိုင်း"မှာ လှေငယ် တက်စင်းတို့ဖြင့် စည်ကားရာအရပ် (လှေဆိပ်ရွာ) ဟု အဓိပ္ပာယ်ရသည်။ ညောင်တုန်းဆိုသည်မှာ ဉာဏ်ထိုင်းမှ ရွေ့လျောပြောင်းလဲလာသည်ဟု အချို့ကဆိုခဲ့ကြပါသည်။

ထိုခေတ် ထိုအချိန်က ဇာတ်မင်းသားကြီး ဦးစိန်ကတုံးသည်လည်း နာမည်ကျော်ကြားနေသော အချိန်အခါဖြစ်သည်။ ထွန်းတောက်နေသော အချိန်အခါဖြစ်သည်။ မြန်မာနိုင်ငံ အရပ်ရပ်မှ ပွဲကြည့်ပရိသတ်က မင်းသားစိန်ကတုံးအား ချီးမြှင့်သော ရွှေတံဆိပ်ပေါင်းမှာ ၈၀ ကျော်သည်။ မင်းပွဲများတွင် ကပြရသဖြင့် အင်္ဂလိပ်အစိုးရက ချီးမြှင့်သော ရွှေတံဆိပ်နှင့် ဂုဏ်ထူးဆောင်လက်မှတ်များမှာ များပြားလှသည်။ အိန္ဒိယဘုရင်ခံချုပ်နှင့် ဘုရင်ခံချုပ်ကတော် ရန်ကုန်မြို့သို့ ရောက်ရှိခဲ့စဉ်က ကန်တော်ကြီး ရေသဘင်ပွဲ၌ မင်းသား စိန်ကတုံးသည် ကရဝိက်ဖောင်နှင့် လှည့်လည်ကပြခဲ့ရသည်။ ဘုရင်ခံချုပ်ကတော်က မင်းသားစိန်ကတုံးအား ရွှေနာရီတစ်လုံး၊ ဘုရင်ခံချုပ်က စီစီအက်စ်ဘွဲ့နှင့် ရွှေတံဆိပ်အပြင် ခြောက်လုံးပြူးသေနတ်တစ်လက်ကိုပါ ဆုအဖြစ် ချီးမြှင့်ခဲ့သည်။

ဇာတ်မင်းသားကြီး စိန်ကတုံးသည် ညောင်တုန်းမြို့တွင် ဗုဒ္ဓရုပ်ပွားတော်ကြီးတစ်ဆူ တည်ထားကိုးကွယ်ရန် လိုလားခဲ့သည်။ ညောင်ဝိုင်းပိုင်း သီရိမဟာပုညဓဇအသင်းမှ ဦးရွှေအုံ၊ ဦးရွှေရုံ၊ ဦးဖိုးချစ်၊ ဦးမောင်ခိုင်၊ ဦးဖိုးသာ၊ ဦးမောင်တက်၊ ဦးမောင်လေး စသူတို့နှင့် တိုင်ပင်ခဲ့သည်။ ထိုသူတို့နှင့်ပင် ဒါယကာ၊ ဒါယိကာမများ စုပေါင်းကာ ညောင်တုန်းမြို့ ရွှေဟင်္သာတောရဆရာတော်များနှင့် ညောင်တုန်းမြို့ပေါ်ရှိ ဆရာတော်များ၏ သြဝါဒခံယူကာ ညောင်ဝိုင်းပိုင်းသီရိမဟာပုညဓဇအသင်း (ရွှေကျင်ဝိနည်းစာတော်ပြန်) ဓမ္မာရုံ၏ အရှေ့ဘက်တွင်ရှိသော ဗိုလ်ချုပ်လမ်းမြေကွက်ပေါ်တွင် မြန်မာသက္ကရာဇ် ၁၂၇၅ ခရစ်နှစ် ၁၉၁၃ ခုနှစ်တွင် နိုင်ငံအေးဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို စတင်တည်ထားကိုးကွယ်ခဲ့ပါသည်။ ထိုမြေမှာ ရန်ကုန်ကျောင်းတိုက်ပထမဆရာတော်ကြီးပိုင်ဖြစ်ပြီး ဆရာတော်ကြီးကလည်း မြေကိုရက်ရောစွာ လှူဒါန်းပေးခဲ့သည်။

*စာမျက်နှာ ၂၆ သို့*

**"တစ်ညပွဲထွက်ခါနီးရောက်မှ မင်းသား ပျောက်သွားသဖြင့် မောင်ဖိုးထွန်းမှာ မမျှော်လင့်ဘဲ မင်းသားအစား ထွက်ကရသည်။ မင်းသားအတု၊ ရှောင်အတုဖြင့် မင်းသားအက ကပြနေသော မောင်ဖိုးထွန်းကို ပွဲကြည့်ပရိသတ်များက ဇဝေဇဝါ ဖြစ်နေသည်။ ဤတွင် အကင်းပါးသော မောင်ဖိုးထွန်းက ကကြိုးအဆုံးတွင် "ရွှေပွဲလာ မင်းကဝိတို့ခင်ဗျား။ ကျွန်တော်ကို ကြည့်ပြီးတော့၊ အမုန်းအငြင်းမပွားကြပါနှင့်၊ နှလုံးအတွင်းသားက- အပြုံးအရင်း ထားလိုက်ကြပါတော့၊ ကျွန်တော်ဟာဖြင့် ကတုံးမင်းသား။" ထိုသီချင်းကို ရုတ်တရက်ရွတ်ဆိုကာ သျှောင်ပုံကို ချွတ်ပြလိုက်သည်။ ပရိသတ်မှာ အုတ်အုတ်ကျက်ကျက် ဖြစ်သွားသည်။ "စိန်ကတုံးကွ-ဖန် ကတုံးကွ" ပွဲကြည့်ပရိသတ်က အော်ဟစ်၍ သြဘာပေးသည်"**



နိုင်ငံအေးဘုရားတန်ဆောင်းတော်ကြီး

*စာမျက်နှာ ၂၅ မှ*

နိုင်ငံအေးဗုဒ္ဓရုပ်ပွားတော်ကြီးကို စတင်တည်ထားကိုးကွယ်ရန် ဇာတ်မင်းသားကြီး ဦးစိန်ကတုံးက ငွေသား ကျပ် ၆၀၀၀ မတည်လှူဒါန်းခဲ့သည်။ ထိုစဉ်က ရွှေဒင်္ဂါးတစ်ကျပ်သား ၂၅ ကျပ်သာပေးရသော အချိန်အခါဖြစ်ပါသည်။ ယနေ့ခေတ် ရွှေတစ်ကျပ်သား ၁၀ သိန်းဆိုလျှင်ပင် ငွေကျပ် သိန်း ၂၄၀၀ ကျော်ခန့်ပင် ဖြစ်နေပေပြီ။ ထို့ပြင် ဇာတ်မင်းသားကြီး ဦးစိန်ကတုံးသည် ဗုဒ္ဓရုပ်ပွားတော်ကြီး အမြန်ပြီးစီးစေရေးအတွက် ငွေကြေးတတ်နိုင်သူများကို လည်း ပါဝင်လှူဒါန်းရန် စည်းရုံးတိုက်တွန်းခဲ့သည်။ သူကိုယ်တိုင်လည်း မြန်မာနိုင်ငံအနှံ့ ဇာတ်ပွဲလှည့်လည်ကပြအပြီး၊ နောက်ဆုံးအချီ ပွဲသိမ်းအဖြစ် ကပြရသော ပွဲစဉ်မှရရှိသော ငွေများကိုလည်း သုံးနှစ်ဆက်တိုက် သဒ္ဓါတရားထက်သန်စွာ လှူဒါန်းခဲ့သည်။

မူလက ဦးစိန်ကတုံးအား ဂုဏ်ပြုသောအားဖြင့် "စိန်ကတုံးဘုရား" ဟု ခေါ်ဆိုခဲ့ကြသည်။ ထို့နောက် ကမ္ဘာ့နိုင်ငံအသီးသီး အေးချမ်းသာယာဝပြောမှုရှိစေရန် ရည်ရွယ်လျက် "နိုင်ငံအေးဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး" ဟု ဘွဲ့အမည် သတ်မှတ်ကမ္ပည်းတင်ခဲ့ကြသည်။ ဉာဏ်တော်အမြင့်မှာ ၄၈ ပေရှိ ကြီးမားသော ရုပ်ပွားတော်ကြီးဖြစ်သည်။ တန်ဆောင်းတော်ကြီးမှာလည်း ရှေးက တည်ဆောက်ထားသော လက်ရာဖြစ်သော်လည်း ဂေါပကအဖွဲ့များ၏ ထိန်းသိမ်းနိုင်ခဲ့မှုကြောင့် ယနေ့တိုင် အခိုင်အမာတည်ရှိလျက်ရှိသည်။ ဇာတ်မင်းသားကြီး ဦးစိန်ကတုံး မတည်လှူဒါန်းကုသိုလ်ဖြင့် တည်ဆောက်ကိုးကွယ်ခဲ့သော နိုင်ငံအေးဗုဒ္ဓရုပ်ပွားတော်ကြီးမှာ ညောင်တုန်းမြို့ရှိ အထင်ကရ ဘုရားစေတီများအနက် အထင်ကရဗုဒ္ဓရုပ်ပွားတော်တစ်ဆူအဖြစ် အထွတ်အမြတ်ထား ကိုးကွယ်လျက်ရှိရာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးခရီးသည်များလည်း အစဉ်ဝင်ရောက်ဖူးမြော်နိုင်လျက် ရှိပါသည်။

**မင်းသားစိန်ကတုံး၏ နောက်ဆုံးနှစ်**

၁၂၉၂ ခုနှစ်သည် မင်းသားစိန်ကတုံး၏ နောက်ဆုံးနှစ်ပင် ဖြစ်ပါတော့သည်။ ထိုနှစ်တွင် မြန်မာပြည်အနှံ့ တစ်မြို့ပြီးတစ်မြို့ လှည့်လည်ကပြပြီး မုံရွာမြို့တွင် ကပြရန်ရောက်ရှိခဲ့သည်။ မုံရွာတွင် ကပြမည့်ရက်ကို တစ်ပတ်ကြိုတင်ကြေညာခဲ့ရသည်။ မင်းသား စိန်ကတုံးဟုဆိုလျှင် ရုံပြည့်ရုံလျှံကြည့်ရှုအားပေးမြဲဖြစ်သည်။ နှစ်ပါးသွားမထွက်မီ ရုံဖွင့်ရသည်က များသည်။

ကပြမည့်ရက်တွင် တစ်မြို့လုံးအုတ်အုတ်ကျက်ကျက် ဖြစ်နေသည်။ ပွဲ ကြည့်ရန် ရောက်ရှိနေသောလူည်းတပ်ကြီးမှာ အထူးများပြားလှသည်။ ထိုအချိန်တွင် သူတို့၏ အချစ်တော်မင်းသား စိန်ကတုံးမှာ အသည်းအသန်ဖြစ်နေရှာသည်။ ဆရာဝန်ကြီးများဖြင့် ဆေးကုသနေရသည်။ ပွဲကမည့်အချိန်တွင် ထူထူထောင်ထောင် သက်သာလာသည်။ ဆရာဝန်ကြီးများက မင်းသားစိန်ကတုံးအား မကသေးရန် တားမြစ်ထားသည်။ မင်းသားစိန်ကတုံးမှာ သူ့အပေါ်မေတ္တာ စေတနာထား၍ အုတ်အုတ်ကျက်ကျက် တစ်ခဲနက် ရောက်ရှိနေသော ပရိသတ်ကို အားနာနေသည်။ ပရိသတ်ကျေနပ်အောင် အနည်းငယ် ကပြရန် သူဆုံးဖြတ်ခဲ့သည်။ ပရိသတ်က "မကနိုင်လျှင်မကပါနှင့် လူထွက်ပြလျှင် ကျေနပ်ပါတယ်" ဟု တောင်းဆိုခွင့်လွှတ်ကြသော်လည်း မင်းသားမှာ ကဖြစ်အောင် ကခဲ့သည်။

ထိုညက ကပြခဲ့သောဇာတ်လမ်းမှာ မင်းသားစိန်ကတုံးအား နတ်မြင်းပျံဖြင့် ကောင်းကင်သို့ ပျံတက်သွားသောအခန်း ပါဝင်သည်။ ထိုကကွက်မှာ အလွန်ကြည့်ကောင်းလှသဖြင့် လူကြိုက်များခဲ့သည်။ စက်ကြိုးယန္တရားနှင့်အကကို မင်းသားစိန်ကတုံး တီထွင်ထားခြင်းဖြစ်သည်။ ထိုအကမှာ ကြည့်ကောင်းသော်လည်း ကပြသူမှာ အလွန်ပင်ပန်းသည်။ မင်းသားစိန်ကတုံးမှာ ဖွဲ့သန်သူဖြစ်လေရာ ဟန်ပြကပြခြင်းမျိုး မဟုတ်တော့ဘဲ တကယ်ပင် အပင်ပန်းခံကပြခဲ့ရာ ထိုညသည်ပင်လျှင် သူ၏ နောက်ဆုံးညဖြစ်သွားရပါတော့သည်။ ။

**ကိုးကား - ဆရာဦးသော်ဇင်၏ ဦးစိန်ကတုံး**

# လျှပ်စစ်ကဏ္ဍအတွက် လာမည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရနှင့် ပြည်ထောင်စုရန်ပုံငွေကျပ်သန်း ၃၆၀၀၀ ကျော် သုံးစွဲမည်

**စစ်ကိုင်း နိုဝင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီးတွင် လျှပ်စစ်ကဏ္ဍအတွက် လာမည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအစိုးရနှင့် ပြည်ထောင်စုရန်ပုံငွေ ကျပ်သန်း ၃၆၀၀၀ ကျော် သုံးစွဲမည်ဖြစ်ကြောင်း တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ ဦးမျိုးသန့်ထွန်းထံမှ သိရသည်။

"ဓာတ်အားစနစ်က ဓာတ်အားရဖို့ကျန်တဲ့ရွာတွေ တိုးချဲ့ဓာတ်အားဖြန့်နိုင်ဖို့ ၆၆ ကေဗွီဓာတ်အားခွဲရုံ တစ်ရုံ၊ ၃၃ ကေဗွီဓာတ်အားခွဲရုံ သုံးရုံနဲ့ (၁၁/၀.၄) ကေဗွီထရန်စဖော်မာ ၁၀၅၉ လုံး တိုးချဲ့တည်ဆောက်ဖို့ စီစဉ်နေပါတယ်။ ၀ ဒသမ ၆ မိုင်ရှိတဲ့ ၆၆ ကေဗွီဓာတ်အားလိုင်း ၁၉ ဒသမ ၅၁ မိုင်ရှိတဲ့ ၃၃ ကေဗွီ ဓာတ်အားလိုင်း ၉၄၇ ဒသမ ၂၄ မိုင်ရှိတဲ့ ၁၁ ကေဗွီ ဓာတ်အားလိုင်း ၁၀၄ ဒသမ ၁၆ မိုင်ရှိတဲ့ ၄၀၀ ဓာတ်အားလိုင်းတွေ တိုးချဲ့တည်ဆောက်တဲ့ လုပ်ငန်းတွေ ဆောင်ရွက်မှာဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း လျှပ်စစ်ကဏ္ဍအတွက် တိုင်းဒေသကြီး အစိုးရရန်ပုံငွေ ကျပ်သန်း ၂၇၀၀၀ ကျော်နှင့် ပြည်ထောင်စုရန်ပုံငွေ ကျပ်သန်း ၈၇၀၀ ကျော် သုံးစွဲမည်ဖြစ်ကြောင်း သိရသည်။

"မြို့ပေါ်ရပ်ကွက်တွေနဲ့ ကျေးရွာတွေ လျှပ်စစ်အန္တရာယ်ကင်းဖို့နဲ့ ဗို့အား ပြည့်သုံးနိုင်ဖို့ ၁၈ မိုင်ကျော်ရှိတဲ့ ၃၃ ကေဗွီဓာတ်အားလိုင်း၊ ၈၁ မိုင်ကျော်တဲ့ ၁၁ ကေဗွီဓာတ်အားလိုင်း၊ ၁၃၆ မိုင်ကျော်ရှိတဲ့ ၄၀၀ ဗို့ဓာတ်အားလိုင်းတွေမှာရှိတဲ့ အရွယ်သေးငယ်တဲ့ ကြိုးတွေ ကာဗာပါတဲ့စံချိန်မီကြိုးတွေနဲ့ အစားထိုးလဲလှယ်ကာ သစ်သားတိုင်၊ သံတိုင်တွေအစား ကွန်ကရစ်တိုင်တွေ လဲလှယ်မှာ ဖြစ်ပါတယ်" ဟု ၎င်းက ဆက်ပြောသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် လုပ်ငန်းများ ဆောင်ရွက်ပြီးပါက နိုင်ငံတော် ဓာတ်အားစနစ်မှ ကျေးရွာ ၈၀၁ ရွာနှင့် အိမ်ထောင်စု ၈၂၆၁၀ ကို ထပ်မံတိုးချဲ့ ဓာတ်အားဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ စစ်ကိုင်းတိုင်းဒေသကြီးတွင် ဓာတ်အားစနစ်ဖြင့် မြို့နှင့် မြို့နယ် ၃၆ မြို့ မီးလင်းပြီးဖြစ်သလို ဒီဇယ်ဓာတ်အားပေးစက်၊ အသေးစားရေအားတို့ဖြင့် ၁၄ မြို့နယ် မီးလင်းပြီးဖြစ်ကြောင်း သိရသည်။ တိုင်းဒေသကြီးအတွင်း ဓာတ်အားစနစ်ဖြင့် ၃၀၃၄ ရွာ မီးလင်းနိုင်ပြီး ဒီဇယ်/ဆိုလာစနစ်များဖြင့် ရွာပေါင်း ၂၃၀၀ စုစုပေါင်း ၅၃၃၄ ရွာ မီးလင်းပြီဖြစ်ကာ မီးလင်းရန် ၆၅၈ ရွာ ကျန်သေးကြောင်း သိရသည်။



**မျိုးဝင်းထွန်း(မုံရွာ)**

# နမ့်စန်မြို့နယ်တွင် ဘာစမာတီစပါးမျိုးစေ့ထုတ်စိုက်ခင်း စံကွက်ရိတ်သိမ်း

**လွိုင်လင် နိုဝင်ဘာ ၇**

ရှမ်းပြည်နယ်တောင်ပိုင်း နမ့်စန်မြို့နယ်တွင် စိုက်ပျိုးရေးဦးစီးဌာနမှ ဘာစမာတီစပါးမျိုးစေ့ထုတ်စိုက်ခင်း တစ်ဧက စံကွက်ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၄ ရက်က ဝမ်ပုံကျေးရွာရှိ တောင်သူဦးစိုင်းနော်မိန်း၏ စိုက်ခင်းတွင် ကျင်းပရာ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးတင်ဦး၊ ဒုတိယပြည်နယ်ဦးစီးမှူး ဦးဇော်ဝမ်း၊ ပြည်နယ်မျိုးစေ့၊ မြေအသုံးချနှင့် သီးနှံကာကွယ်ရေးတာဝန်ခံများ၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဒေါ်နန်းစောမြနှင့် ခရိုင်မြေမျိုး၊ ပိုးတာဝန်ခံများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလုံနှင့် မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မျိုးစေ့ထုတ်တောင်သူများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် တောင်သူများက ကြည့်ရှုလေ့လာကြသည်။

ပြည်နယ်ဦးစီးမှူးက မျိုးကောင်း မျိုးသန့်အသုံးပြုခြင်း၏ အကျိုးကျေးဇူးရှိမှု၊ ပြောင်းလဲလာသောရာသီဥတုနှင့် လိုက်လျောညီထွေရှိမည့်သီးနှံစိုက်ပျိုးမှုစနစ်၊ ဘာစမာတီစပါးကဲ့သို့သောစပါးမျိုးအား ဈေးကွက်များဖော်ဆောင်ကာ ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့စိုက်ပျိုးသွားကြရန် ပြည်နယ်စိုက်ပျိုးရေးဝန်ကြီးကလည်း အားပေးဆောင်ရွက်လျက်ရှိကြောင်းနှင့် တောင်သူများအကျိုးအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ အသင့်ရှိကြောင်းဆွေးနွေးကာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလုံက ဘာစမာတီစပါးနှင့်ပတ်သက်၍ ယမန်နှစ်က အထွက်နှုန်း ကောင်းမွန်ကြောင်းကို သိရှိပြီးဖြစ်ကြောင်း ဆွေးနွေးကာ တက်ရောက်လာသော တောင်သူများက သိရှိလိုသည်များ မေးမြန်းကြရာ ပြည်နယ်ဦးစီးမှူးက ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါ ရိတ်သိမ်းပြီးစပါးများကို ခြွေလှေ့ခြင်တွယ်ခြင်းများ ဆောင်ရွက်ရာ တစ်ဧကအထွက်နှုန်း ၁၁၄ တင်း ထွက်ရှိကြောင်း သိရသည်။ ရှမ်းပြည်နယ်တောင်ပိုင်းတွင် ဘာစမာတီစပါး ဧက ၄၀ ကျော် စိုက်ပျိုးထားကြောင်းနှင့် လွိုင်လင်ခရိုင်တွင် ၁၁ ဧက စိုက်ပျိုးထားကြောင်းသိရသည်။

**ရှင်းလင်းဆွေးနွေး**

ထို့နောက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးမြသိန်းက ယခင်နှစ်မှ ထွက်ရှိသော ဘာစမာတီစပါး၊ ဘာစမာတီဆန်နှင့် ဘာစမာတီထမင်းတို့ကို လက်တွေ့ပြသထားပြီး ဘာစမာတီစပါး ယမန်နှစ် စိုက်ပျိုးထွက်ရှိမှုအခြေအနေ၊ အရသာအရည်အသွေးနှင့် ကျန်းမာရေးအတွက် အထောက်အကူပြုမှုတို့ကို ရှင်းလင်းဆွေးနွေးကြောင်း သိရသည်။

**မောင်ကျော်ကြီး**

# ကလေး-ဖလမ်း-ဟားခါးလမ်း ဂျပန်နိုင်ငံ ချေးငွေဖြင့် ပြုပြင်

**ရန်ကုန် နိုဝင်ဘာ ၇**

ကလေး-ဖလမ်း-ဟားခါးလမ်းသည် ချင်းပြည်နယ်အတွက် အဓိက အရေးပါသော လမ်းမကြီးဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့မှ ချင်းပြည်နယ် ဟားခါးမြို့အထိ ၁၂၄ မိုင် ရှိသည်။ ၂၀၁၆ ခုနှစ်မှစ၍ လမ်း/တံတား အဆင့်တိုးမြှင့်ခြင်း လုပ်ငန်းများဆောင်ရွက်ခဲ့ရာ ၂၀၂၀ ပြည့်နှစ်စက်တင်ဘာလကုန်တွင် ဖလမ်း/ဟားခါးမြို့တွင်းလမ်းများတွင် AC လမ်း ၇/၄ မိုင်၊ အတက်အဆင်းနေရာများတွင် ကွန်ကရစ်လမ်း ၃/၆ မိုင် ကတ္တရာလမ်းအဆင့် ၁၀၃/၇ မိုင်အထိ တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရ သည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်းက JICA ODA Loan ဂျပန်နိုင်ငံမှ ချေးငွေဖြင့် ကလေး-ဖလမ်း-ဟားခါးလမ်း (ကလေး-သိုင်းငင်းအပိုင်း) တွင် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး မဏိပူရ်မြစ်ကူးအမှတ် (၂) ဗားရ်တံတားသစ် တစ်စင်းကိုလည်း တည်ဆောက်နေပြီဖြစ်သည်။ ကလေး-ဖလမ်း-ဟားခါးလမ်း တိုးတက်ပြုပြင်ခြင်းလုပ်ငန်းများကို ချင်းပြည်နယ် ဟားခါး၊ ဖလမ်းခရိုင်လမ်းဦးစီးများ၊ လမ်း/တံတားအထူးအဖွဲ့များနှင့် နိုင်ငံသားလုပ်ငန်းရှင် ကုမ္ပဏီအဖွဲ့များက ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုရန်ပုံငွေနှင့် ချင်းပြည်နယ် အစိုးရအဖွဲ့ရန်ပုံငွေများဖြင့် လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။



ကလေး-ဖလမ်း-ဟားခါး တောင်ပေါ်လမ်းပိုင်းတစ်နေရာအား တွေ့ရစဉ်။

ကလေး-ဖလမ်း-ဟားခါးလမ်းမှ ချင်းပြည်နယ် မြို့တော် ဟားခါးမြို့သို့ လမ်းခရီး လုံခြုံချောမွေ့စွာ ရာသီမရွေး သွားလာနိုင်ပြီဖြစ်သည့်အတွက် ချင်းပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**ခရမ်းစိုးမြင့်**


Glucerna® နှင့်အတူ ထိန်းညှိ လိုက်ပါ။
DAY 1
မှ စတင်လိုက်ပါ*
(၃)လ အတွင်းမှာ
သွေးတွင်းအချိုဓာတ်
တုံ့ပြန်မှု ကို ကောင်းမွန်စေဖို့
ကူညီပေးပါတယ်*
ဆီးချိုသွေးချို ရှိသူများ၏
အစားအသောက်ထိန်းညှိမှုအတွက် အာဟာရ
Glucerna
850g NET
Abbott
အချိုဓာတ် အညွှန်းကိန်း ပါဝင်မှုနည်းခြင်း
ဗီတာမင်နှင့် သတ္တုဓာတ် (၂၈) မျိုး
နှလုံးကျန်းမာရေးအတွက် ကောင်းမွန်သောအဆီများ ရောနှောပေါင်းစပ်ထားမှု#
#1 ဆရာဝန်ညွှန်ကြားသော ဆီးချိုသွေးချိုဆိုင်ရာ အာဟာရဖော်မြူလာ^
Abbott Nutrition
Careline
09 260 35 62 62
abbottnutrition@pahtama.com
^Market research by Rothstein-Tauber, Inc. 2015 # Kris-Etherton PM, Harris WS, Appel LF. Circ 2002;106(21):2747-2757.
*Glucerna has been shown to lower HbA1C (a measure of average blood glucose over the past 2-3 months),
when used as a meal replacement as part of a diabetes management plan [including prescribed medication, diet and exercise] (Chee et al., 2017; Sun et al., 2008)
GLU 7007 20M

ထုတ်လုပ်ခွင့်လိုင်စင်အမှတ် ဂ/၂၀၁၇၊ တဆထလ/တိုး(၅၄)၊ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်(ဆေးပြား) - TMR 004815(0320) / (ဆေးမှုန့်)TMR 000394(0320)

RE GD.

ဝက်ရူးပြန်ရောဂါဖြစ်ပွားနေသူများ အတွက် ကျမ်းရှက်ပုံ ဆေးကောင်း

မြန်မာ့တိုင်းရင်း ဆေးဖက်ဝင် စစ်မှန်သော ပရဆေး ပစ္စည်းများဖြင့် ဖော်စပ်ထားသောကြောင့် အုံ့ ဩ လောက် အောင်အထူးပင် ဆေး စွမ်းထက်မြက်လှပါသည်။

ဖျားနာကိုက်ခဲ တုပ်ကွေးပျောက်လို့ နာမည်ကျော်

ဆေးစွမ်းထက်လို့နာမည်ကျော် ပြည်သူ့ကျန်းမာရေးအကျိုးမျှော်

စိန်ဘယက် ငန်းနီကျော်

အမျိုးသမီးများသွေးသားနှင့်ပတ်သက်၍ ကိုက်ခဲခြင်းကင်းပြီး သွေးသားစိုပြည် လုပေစေပါသည်။


## ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့

**သယံဇာတ၊သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန**

**ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့**

**လက်ပံတန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့**

**အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း**

**၁၃၈၂ခုနှစ် သီတင်းကျွတ်လပြည့်ကျော်(၆)ရက်**

**၂၀၂၀ပြည့်နှစ် နိုဝင်ဘာ (၆)ရက်**

၁။ လက်ပံတန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် (၂၀၂၀ပြည့်နှစ် အောက်တိုဘာလမှ ၂၀၂၁ခုနှစ် စက်တင်ဘာလအထိ)မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်လျက်ရှိသော လုပ်ငန်းသုံးပစ္စည်းများအား ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ရေးအတွက်မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းရန် (ဒုတိယ)အကြိမ် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| **တင်ဒါအဆိုပြုလွှာ ရောင်းချမည့်ရက်/အချိန်** | - | (၆-၁၁-၂၀၂၀) နံနက်(၉:၃၀)မှ ရုံးချိန်အတွင်း |
| **တင်ဒါအဆိုပြုလွှာပိတ်မည့်ရက်** | - | ၂၀-၁၁-၂၀၂၀ ညနေ (၁၆:၀၀)နာရီ |
| **အိတ်ဖွင့်တင်ဒါ(ပစ္စည်း) ဖွင့်မည့်ရက်၊ နေရာ** | - | ၂၅-၁၁-၂၀၂၀ နံနက်(၉:၃၀)နာရီ လက်ပံတန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး |

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို လက်ပံတန်းမြို့နယ်စည်ပင်သာယာရေးရုံးတွင် ၆-၁၁-၂၀၂၀ရက်မှစ၍ ရုံးချိန်အတွင်းလာရောက် ဝယ်ယူတင်သွင်းနိုင်ပါသည်။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက အောက်ပါ ဖုန်းနံပါတ်သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊**
**လက်ပံတန်းမြို့**
ဖုန်း-၀၅၃-၃၂၀၁၄

## လက်ထပ်ထိမ်းမြားပြီးစီးခြင်း

မန္တလေးမြို့၊အောင်မြေသာဇံမြို့နယ်၊၂၅လမ်း၊၉၁လမ်းထောင့်၊
သီရိမာလာအနောက်ရပ်ကွက်၊ချမ်းသာကြီးဘုရားတောင်ဘက်
လှည်းတန်းလမ်းသွယ်၊အမှတ်(၂၁၁)နေ
ဦးမောင်မောင်ဦး-ဒေါ်ခင်မမတို့၏သားကြီး

**မောင်စစ်နိုင်လင်း**

B.Sc(Hons)(Nautical Science),Myanmar Maritime University,
Chief Officer-Deck Officer Class 2/Seafarer

နှင့်

ရန်ကုန်မြို့၊ရန်ကင်းမြို့နယ်၊(၁၆)ရပ်ကွက်၊
ဘောက်ထော်ပြည်သာယာ၊မာလာမြိုင်လမ်း၊ ခြံအမှတ်(၇)နေ
ဦးရဲထွန်း-ဒေါက်တာဒေါ်ခင်အေးကြီး(ကလေးအထူးကုဆရာဝန်ကြီး)
တို့၏သမီးကြီး

**မမဥ္ဇူထွန်း**

ACCA-UK(Affiliate),CAT-UK,B.A(English),
Senior Manager-Deloitte Touche Myanmar Vigour Advisory Limited

တို့သည်နှစ်ဖက်မိဘများသဘောတူညီချက်အရ
လက်ထပ်ထိမ်းမြားပြီးစီးပါကြောင်း။

**နှစ်ဖက်မိဘများနှင့်မောင်စစ်နိုင်လင်း-မမဥ္ဇူထွန်း**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် အသုံးပြုရန်လိုအပ်သော Communication Equipment(1)Unit,Public Addressing System(PA System)(5)Items & Air-Con:(1.5 H.P)(Split Type)(7) Nos တို့ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများအား ၂၆-၁၁-၂၀၂၀ ရက် ၁၄:၀၀ နာရီ နောက်ဆုံးထား တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်း(ဗိုလ်တထောင်ဘုရားအနောက်ဘက်၊ ကွန်ကရစ်လမ်း၊Toll Gate အနီး)၊ဗိုလ်တထောင်မြို့နယ်တွင် ၁၁-၁၁-၂၀၂၀ ရက်မှစ၍ ၂၄-၁၁-၂၀၂၀ ရက်အထိ ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၈၆၁၀၃၀ နှင့် ၀၁-၈၆၁၀၂၃၂ တို့ကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

**ကုသရေးဦးစီးဌာန၊ ရန်ကုန်အရိုးရောဂါအထူးကုဆေးရုံကြီး**

**"အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း"**

၁။ ၂၀၂၀-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ရန်ကုန်မြို့-အရိုးရောဂါအထူးကုဆေးရုံကြီးတွင်တက်ရောက်ကုသကြသည့်လူနာများအား ကုသပေးရန်လိုအပ်သည့် အောက်ဖော်ပြပါ ဆေးဝါးနှင့်ဆေးပစ္စည်းများ၊ Consumableများ ဝယ်ယူမည်ဖြစ်ပါသဖြင့် အစိုးရအသိအမှတ်ပြုကုမ္ပဏီများထံမှ တင်ဒါခေါ်ယူအပ်ပါသည်-

(၁) FDAအသိအမှတ်ပြုဆေးဝါးများနှင့်ဆေးပစ္စည်းများ

(၂) Consumableများ

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများစတင်ရောင်းချမည့်ရက်** - (၉-၁၁-၂၀၂၀) (တနင်္လာနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - (၇-၁၂-၂၀၂၀) (တနင်္လာနေ့)၊ ညနေ(၄:၀၀)နာရီ။

၃။ တင်ဒါစည်းမျဉ်း စည်းကမ်းချက်များနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရန်ကုန်မြို့ ၊အရိုးရောဂါအထူးကုဆေးရုံကြီး ဆေးရုံအုပ်ကြီးရုံးသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
ရန်ကုန်မြို့ အရိုးရောဂါအထူးကုဆေးရုံကြီး၊ ဖုန်း-၀၁-၅၂၇၀၈၇၊၅၂၇၀၈၈

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရှိ လုပ်ငန်းတာဝန်ခံအဖွဲ့များတွင်အသုံးပြုရန်အတွက် လိုအပ်သောအောက်ဖော်ပြပါ ယာဉ်/ယန္တရားများကို သတ်မှတ်နေရာအရောက် ကျပ်ငွေဖြင့်ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Dump Truck(Tipper)(3/4/8 Tons) | ၃/၂၀/၅ စီး |
| (ခ) | Vacuum Truck(800 gals) | ၃ စီး |
| (ဂ) | Aerial Platform Truck(8m) | ၁ စီး |
| (ဃ) | City Bus | ၁ စီး |
| (င) | Hopper Tipper(1 Ton) | ၃၁ စီး |
| (စ) | Tricycle Garbage Carrier | ၅၀ စီး |
| (ဆ) | Truck With Desilting Machine | ၁ စီး |
| (ဇ) | Bio-Medical Waste Carrier Truck | ၄ စီး |
| (ဈ) | Mini Excavator(3.5/5/8 Tons) | ၂/၁/၄ စီး |
| (ည) | Amphibious Excavator(7.5Tons) | ၁ စီး |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၉-၁၁-၂၀၂၀ ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၇-၁၂-၂၀၂၀ရက်(၁၂:၀၀)နာရီနောက်ဆုံးထား၍ တင်သွင်းရန် ဖြစ်ပါသည်။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။

၃။ တင်ဒါပုံစံအား မြို့တော်ခန်းမ (ပထမထပ်) ဘဏ္ဍာရေးနှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၀၁၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

## ဆောက်လုပ်ရေးဝန်ကြီးဌာန

**တံတားဦးစီးဌာန**

**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားတည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါ စက်ယန္တရား(၁)မျိုးနှင့် စက်အရန်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| 1 | Bored Pile Machine(Casagrande)Spare Parts (C600NG/C600/C50) | 1 Lot |
| 2 | Bored Pile Machine(Link Belt)Spare Parts | 1 Lot |
| 3 | Truck Crane(8 Ton) | 3 Nos |

(က) **တင်ဒါပုံစံ ရောင်းချမည့်ရက်** - ၉-၁၁-၂၀၂၀ ရက်
(ခ) **တင်ဒါပိတ်မည့် ရက်/အချိန်** - ၈-၁၂-၂၀၂၀ ရက်၊ ညနေ ၄:၀၀ နာရီ
(ဂ) **တင်ဒါပုံစံ ရောင်းချမည့်နေရာ** - ရုံးအမှတ်(၁၁)ရှေ့အဝင်ဂိတ်၊ နေပြည်တော်

၂။ သတ်မှတ်ရက်ထက် ကျော်လွန်တင်သွင်းသည့်လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ အထောက်အကူပြုဌာနခွဲ(စက်မှု) ဖုန်း-၀၉-၅၁၄၇၁၂၉၊၀၉-၂၄၀၁၀၉၃၊၀၉-၂၅၄၂၂၂၀၀၀၉၊ ၀၉-၅၀၉၁၄၄၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**စိုက်ပျိုးရေးသုတေသနဦးစီးဌာန**

**နေပြည်တော်-ရေဆင်း**

၁။ စိုက်ပျိုးရေးသုတေသနဦးစီးဌာနအတွက် အောက်ဖော်ပြပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန်ရှိပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ပစ္စည်းသယ်ပို့ယာဉ် (၂ မျိုး) Lot-၁ ခု
(ခ) ဓာတ်ခွဲခန်းသုံးပစ္စည်း (၂၄ မျိုး) Lot- ၇ ခု
(ဂ) အခြားစက်ပစ္စည်း (၂၇ မျိုး) Lot- ၆ ခု
(ဃ) လယ်ယာသုံးပစ္စည်း (၅ မျိုး) Lot- ၁ ခု
(င) စက်သုံးဆီ (၅ မျိုး) Lot- ၂ ခု
(ဒီဇယ်၊ 92၊ အင်ဂျင်ဝိုင်၊ ဂီယာဝိုင်၊ ဟိုက်ဒရောလစ်ဆီ)
(စ) သွင်းအားစုပစ္စည်း ၆ မျိုး) (ယူရီးယား၊ တီစူပါ၊ ပိုတက်ရှ်၊ ဂျစ်ပဆန်၊ ကွန်ပေါင်း၊ ကွန်ပလိစပါးပေါင်းသတ်ဆေး) Lot- ၁ ခု

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၇-၁၂-၂၀၂၀ရက် (ရုံးချိန်အတွင်း)
၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - စိုက်ပျိုးရေးသုတေသနဦးစီးဌာန (ရုံးချုပ်) စီမံခန့်ခွဲရေးဌာနစု
၄။ **တင်ဒါလျှောက်လွှာပိတ်ရက်** - ၁၈-၁၂-၂၀၂၀ရက်ညနေ ၁၆:၃၀နာရီ
၅။ **တင်ဒါလျှောက်လွှာတင်သွင်းရမည့်ရက်** - ၂၁-၁၂-၂၀၂၀ရက် ညနေ ၁၆:၃၀နာရီ
၆။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၃၄၁၆၅၉၂သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**စိုက်ပျိုးရေးသုတေသနဦးစီးဌာန**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

**လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း**

**မွန်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ မော်လမြိုင်မြို့**

**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ မွန်ပြည်နယ်၏ ပြည်နယ်ဘဏ္ဍာငွေလုံးငွေရင်း မူလခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မြို့ပြလုပ်ငန်း (Civil Work)Turnkey လုပ်ငန်း(Lot ၅ခု)အတွက် အိတ်ဖွင့်တင်ဒါ ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်** - ၉-၁၁-၂၀၂၀ ရက်မှ ၄-၁၂-၂၀၂၀ ရက်ထိ
**တင်ဒါတင်သွင်းရမည့်ရက်** - ၇-၁၂-၂၀၂၀ ရက်မှ ၈-၁၂-၂၀၂၀ ရက်ထိ
**တင်ဒါလျှောက်လွှာဝယ်ယူ/ တင်သွင်းရမည့်နေရာ** - မွန်ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာရုံး၊ မော်လမြိုင်မြို့

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ် သိရှိလိုသည်များအား ရုံးချိန်အတွင်း လူကိုယ်တိုင်သော်လည်းကောင်း၊အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လည်းကောင်း တိုက်ရိုက်စုံစမ်းမေးမြန်းနိုင်ပါသည်-

**တင်ဒါခေါ်ယူစိစစ်ရေးကော်မတီ**
**မွန်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး**
**မော်လမြိုင်မြို့**
ဖုန်း-၀၉-၄၂၈၇၂၅၅၇၁၊၀၉-၄၂၈၇၂၅၅၇၃
၀၉-၄၂၈၇၂၅၅၇၄၊၀၉-၄၂၈၂၂၀၀၂၂
၀၉-၂၅၂၅၅၅၀၀၅၊၀၉-၂၅၅၉၄၄၁၂၃

**ပျောက်ဆုံးကြောင်း**

ကျွန်မ မရွှေယမုံ ၁၃/တကန(နိုင်)၂၇၃၉၇၈ ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်း ကြားပေးပါရန်။ **ဖုန်း-၀၉-၉၆၈၆၇၆၉၂၈**

## ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့်

**ရှမ်းပြည်နယ်အတွင်း ကျောင်း/ရုံး**

**ငွေလုံးငွေရင်း(စက်ပစ္စည်း/ပရိဘောဂ)များဝယ်ယူရန်အတွက်**

**အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း**

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း (ငွေလုံးငွေရင်း) ခွင့်ပြုရန်ပုံငွေဖြင့် ရှမ်းပြည်နယ်အတွင်းရှိ အခြေခံပညာ ကျောင်း/ရုံးများအတွက် စက်ပစ္စည်း/ပရိဘောဂများတင်ဒါ (အိတ်ဖွင့်) စနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်ကုမ္ပဏီများထံမှ တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

| | | | | |
|---|---|---|---|---|
| ၂။ | ရှမ်းပြည်နယ် (တောင်ပိုင်း) | စက်ပစ္စည်း | - | ၁၅ မျိုး |
| | ရှမ်းပြည်နယ် (မြောက်ပိုင်း) | စက်ပစ္စည်း | - | ၁၅ မျိုး |
| | ရှမ်းပြည်နယ် (အရှေ့ပိုင်း) | စက်ပစ္စည်း | - | ၁၄ မျိုး |
| ၃။ | ရှမ်းပြည်နယ် (တောင်ပိုင်း) | ပရိဘောဂ | - | ၉ မျိုး |
| | ရှမ်းပြည်နယ် (မြောက်ပိုင်း) | ပရိဘောဂ | - | ၉ မျိုး |
| | ရှမ်းပြည်နယ် (အရှေ့ပိုင်း) | ပရိဘောဂ | - | ၉ မျိုး |

၄။ **တင်ဒါလျှောက်လွှာပုံစံရောင်းချမည့်ရက်** - ၉-၁၁-၂၀၂၀ (တနင်္လာနေ့)
**တင်ဒါလျှောက်လွှာပုံစံရောင်းချမည့်အချိန်** - ရုံးချိန်အတွင်း
**ရောင်းချမည့်နေရာ စက်ပစ္စည်း** - ရှမ်းပြည်နယ် (တောင်ပိုင်း) ပြည်နယ်ပညာရေးမှူးရုံး
- ရှမ်းပြည်နယ် (မြောက်ပိုင်း) ပြည်နယ်ပညာရေးမှူးရုံး(ရုံးခွဲ)
- ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြည်နယ်ပညာရေးမှူးရုံး(ရုံးခွဲ)
**ရောင်းချမည့်နေရာ ပရိဘောဂ** - သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံးများ

၅။ **တင်ဒါပိတ်မည့်ရက်** - ၈-၁၂-၂၀၂၀ (အင်္ဂါနေ့)၊ (၁၆:၃၀)နာရီ

၆။ အိတ်ဖွင့်တင်ဒါ စည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ တင်ဒါတင်သွင်းရန် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရှမ်းပြည်နယ်ပညာရေးမှူးရုံး၊ တောင်ကြီး (၀၈၁-၂၀၆၈၅၁)၊ ရှမ်းပြည်နယ် { မြောက်ပိုင်း-လားရှိုး(၀၈၂-၃၀၉၂၄)/ အရှေ့ပိုင်း-ကျိုင်းတုံ(၀၈၄-၂၃၅၄၀)} ပြည်နယ်ပညာရေးရုံးခွဲများတွင် နေ့စဉ်ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**
**ရှမ်းပြည်နယ်ပညာရေးမှူးရုံး၊ တောင်ကြီးမြို့**
ဖုန်း-၀၈၁-၂၀၆၈၅၁၊ ၀၈၁-၂၁၂၃၁၉

## အများသိစေရန် ကြေညာချက်

လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ အနော်ရထာစက်မှုဇုန်၊ ရောဝတီလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၂၀)၊ မြေကွက်အမှတ်(E-2, E-3, E-6,E-7,E-8,E-9,E-10)၊ ၁၉.၆၃၄ ဧကတွင် (၃)ထပ် Steel (၃)လုံး ဆောက်လုပ်ခွင့်ပြုပါရန် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနထုတ်၊ စက်မှုလက်မှုလုပ်ငန်းသုံး မြေချပါမစ်အမည်ပေါက်များဖြစ်သော မြေကွက်အမှတ်(E-2,E-3) အမည်ပေါက် Smart Co.,Ltd၊ မြေကွက်အမှတ်(E-6) အမည်ပေါက် အာရှမြန်မာထိပ်တန်း(စိုက်/မွေး)ကုမ္ပဏီလီမိတက်၊ မြေကွက်အမှတ်(E-7,E-8) အမည်ပေါက် Top Success Ltd.၊ မြေကွက်အမှတ်(E-9,E-10) အမည်ပေါက် အာရှမြန်မာထိပ်တန်း(ရေလုပ်ငန်း)ကုမ္ပဏီလီမိတက်တို့ထံမှ အဆင့်ဆင့်အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူ၍ထားသော Top Focus Investment Co.,Ltd. တို့ထံမှ Land Lease Agreement တင်ပြ၍ Dishang Group (Myanmar) Co.,Ltd (Company Registration No.116221799) မှ တင်ပြလျှောက်ထားလာသဖြင့် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်းကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**အတွင်းရေးမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**မြေကွက်ဝယ်လိုသည်**
**အရှေ့ဒဂုံမြို့နယ်**
**(၁၃၁)ရပ်ကွက်တွင်**
**ဝယ်လိုသည်**
**Ph: 09- 697544675**
**09-699069483**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ချောင်းဦးမြို့နယ်၊ ခင်မွန်ကျေးရွာ၊ အကွက်အမှတ်နှင့်အမည်(၂၀၀၆/ခင်မွန်ရွာမ)၊ဦးပိုင်အမှတ်(F-၈၀၃)၊ ဧရိယာ ၀ ဒသမ ၀၇၆ ဧကရှိ ဝင်းမြေအား ဒေါ်မြင့်မြင့် အမည်ဖြင့် မြေငှားစာချုပ်(အသစ်)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အသစ်) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါ သည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/သပြေကုန်း၊ မြေကွက် အမှတ် ၅၅၇၊၅၅၈၊ ဧရိယာ ၀ ဒသမ ၁၈၉ ဧကရှိ ဦးစိုးမိုးအောင် အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ် မြေကွက်ကို နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၇၀၉)ဖြင့် ကိုယ်စားလှယ်ရရှိထားသူ ဦးကျော်မိုးထက် (ဘ) ဦးအေးကျော် ၉/ခအဇ(နိုင်) ၀၃၄၆၂၁ မှ ဒေါ်မိုးသီတာအောင်ချစ်(ဘ) ဦးအောင်ချစ် ၁၂/ဒဂန(နိုင်)၀၁၄၄၆၂နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ် စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**သွေးသည် အသက်**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးတင်စိန် (ခ) ဦးကောင်းရင်
### အသက် (၁၀၃) နှစ်

သထုံမြို့နေ (ဦးစံငြိမ်း-ဒေါ်ကြူး)တို့၏ သား၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ Central Tower အခန်းအမှတ် ၉၀၆ နေ (ဒေါ်မြင့်သိန်း)၏ ခင်ပွန်း၊ ဒေါက်တာ မင်းသော်-ဒေါ်အေးအေးမော် (USA)၊ ဒေါက်တာတင်ထွန်းဦး-ဒေါက်တာခင်မိုးမိုး (စွယ်စုံမီဒီယာ SweSone Media Group)၊ ဒေါက်တာမြင့်မော်-ဒေါ်ခင်ညိုမီ(USA)၊ ဒေါ်ခင်သီတာတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ ဒေါက်တာ လူမွန်- ဒေါက်တာ စုမြတ်စန္ဒီဦး၊ ဦးထွန်းထွန်း-ဒေါက်တာ နုမြတ်သိင်္ဂီဦး၊ ဒေါ်ခင်မြဦး၊ Mr.Randy Webster-ဒေါ်ခင်မြထူး၊ ဒေါ်အေးမြတ်သရဖီ၊ Dr. Jonathan Maw၊ ဒေါ်မိုးမြတ်မေဇာခြည်တို့၏ အဘိုး၊ မြစ်လေးယောက်တို့၏ ဘိုးဘိုးကြီး ဦးတင်စိန် (ခ) ဦးကောင်းရင်သည် ၆-၁၁-၂၀၂၀ ရက် (သောကြာနေ့) ည ၈ း ၃၀ နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၁၁-၂၀၂၀ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ပြင်ဆင်ဖတ်ရှုပါရန်

၇-၁၁-၂၀၂၀ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၃၁)ပါ ဦးဝင်းမောင် အသက် (၅၇)နှစ် ကြော်ငြာတွင် ရန်ကုန်မြို့၊ မြို့မကွက်သစ်ရပ်အစား **သောင်ဦးမြို့၊ မြို့မကွက်သစ်ရပ်** ဟုအမှန်ပြင်ဆင်ဖတ်ရှုပါရန်။

---

## ဦးချစ်ရင်
### (သဖြူဆိပ်-ကျိုက်လတ်)
### (မိုး-စက်ပြင်သင်တန်းကျောင်း)
### အသက်(၈၉)နှစ်

ရန်ကုန်မြို့နေ (ဦးဘသော်-ဒေါ်မယ်တွန့်) တို့၏သား၊ (ဒေါ်ရွှေဒေါင်း)၊ (ဒေါ်တင်ဝင်း) တို့၏ခင်ပွန်း၊ ဦးဘိုရှိန်-ဒေါ်တင်အေး တို့၏အစ်ကို၊ (ကိုမျိုးမြင့်ဆွေ - ဒေါ်သန်းသန်းဆွေ)၊ ဦးသက်လွင်-ဒေါ်ဝင်းဝင်းဋ္ဌေး၊ ဦးအောင်ကျော်မိုး-ဒေါ်ဝါဝါလင်းထွန်း၊ ဦးဝင်းအောင်မိုး - ဒေါ်နှင်းသန္တာဦး၊ ဦးအေးသောင်းမိုး-ဒေါ်နှင်းနုယဉ်တို့၏ဖခင်၊ မြေး ၁၂ယောက်၊ မြစ်သုံးယောက်တို့၏အဘိုးသည် ၇-၁၁-၂၀၂၀ ရက် (စနေနေ့) နံနက် ၇:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် သဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

## သစ်တော

## မှန်လျှင်

## အသုံးဝင်၊

## အစဉ်ထာဝရ

## ထိန်းသိမ်းကြ

---

## (၁၁)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
### ၈-၁၁-၂၀၀၉ ရက်တွင်ကွယ်လွန်အနိစ္စရောက်ခဲ့သော
### ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
### ဒေါ်ထွေးရည်(၆၇)နှစ်အား ရည်စူးလျက်

ချစ်သောမေမေ ကွယ်လွန်ခဲ့သည်မှာ (၁၁)နှစ်တိုင်ခဲ့ပါပြီ။ကွယ်လွန် အနိစ္စရောက်ချိန်မှစ၍နေ့တိုင်း၊လတိုင်း၊နှစ်ပတ်လည်တိုင်း တွင်မေမေ့အားရည်စူးပြီး မွန်မြတ်သော အလှူဒါနများကို မပြတ်ပြုလုပ်လျက်ရှိကြပါသည်။

မေမေဆုံးမလမ်းညွှန်ခဲ့သည့်အတိုင်း သားတို့ သမီးတို့လိုက်နာကျင့်သုံးလျက်ရှိကြပါသည်။ ဒါနကုသိုလ်၊သီလကုသိုလ်များအပြင် ဘာဝနာကုသိုလ် များလည်းမပြတ်ပြုလျက်ရှိကြပါသည်။

ဖေဖေနှင့်သားတို့သမီးတို့ပြုပြုသမျှသော အမျှကုသိုလ် ကို မေမေရောက်လေရာဘုံဘဝမှသာဓုခေါ်ဆိုနိုင်ပါစေ။ ဆက်လက်ကျင့်ကြံအားထုတ်ခြင်းဖြင့် တရားထူးတရားမြတ်များရရှိနိုင်ပါစေပါကြောင်းဆုတောင်းလျက်-

မေမေ-အမျှ-အမျှ-အမျှ

| | | |
|---|---|---|
| ဖေဖေ | - | ဦးစိန်ဝင်းအောင် |
| သမီးကြီး | - | ဒေါက်တာစိုးမင်းအောင်-ဒေါ်မြသွေးရည် |
| သမီးလတ် | - | ဦးနေလင်း-ဒေါ်သက်သက်အောင် |
| သားငယ် | - | ဦးဟန်ဝင်းအောင်-ဒေါ်ယဉ်သူဇာသိန်း |
| ချစ်မြေးများ | - | မမြမင်းမဒီ၊ မောင်ဇေယျာသူ၊ မောင်သန့်နေရောင်၊ မောင်ဘုန်းနေရောင်၊ မဆုဝေယမင်းဟန်၊ မနှင်းချယ်ရီဟန် |

---

## ဒေါ်ခင်ဆွေဆွေကြူ
### ပါမောက္ခ-ငြိမ်း၊ ရူပဗေဒဌာန(ဌာနမှူး)
### အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ အနော်မာ(၁)လမ်း၊ အမှတ်(၂၀)နေ (ဦးစိန်ကြူ-ဒေါ်ခင်မကြီး)တို့၏သမီး၊ ပါမောက္ခ ဦးအောင်သိန်း၏ဇနီး၊ ဗိုလ်ကြီးဉာဏ်လင်းအောင်(တပ်မတော်-ဆေး)၊ မရည်မွန်အောင်၊ မဆုမွန်အောင်တို့၏မိခင်၊ ဒေါက်တာ ခင်နွယ်နွယ်ကြူ၊ ဒေါက်တာခင်စိုးစိုးကြူ၊ ဒေါက်တာခင်မျိုးမြင့်ကြူ၊ ဒေါက်တာဦးမိုးမြင့်ကြူ၊ ဒေါ်ခင်စောမြတ်ကြူ၊ ဒေါက်တာခင်ဖုန်းမြင့်ကြူတို့၏အစ်မသည် ၆-၁၁-၂၀၂၀ရက် (သောကြာနေ့) နံနက် ၁ နာရီတွင် သွေးအားနည်းရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၀-၁၁-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၂-၁၀-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးရဲထွန်း
### လက်ထောက်ညွှန်ကြားရေးမှူး
### အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၃)၊ ရန်ကုန်
### ကန့်ဘလူမြို့နယ်အသင်း(ရန်ကုန်)အသင်းဝင်
### အသက်(၅၄)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ အင်းတော်မြို့နေ (ဦးတင်မောင်-ဒေါ်ညွှန့်)တို့၏သား၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ဇီးကုန်းမြို့၊ ရန်နိုင်အေးရပ်ကွက်နေ (ဦးခင်မောင်ကြည်)-ဆရာမကြီး ဒေါ်ခင်မြဝင်းတို့၏ သားသမက်၊ ဇီးကုန်းမြို့ နေ ဦးမိုးကျော်-ဒေါ်မြင့်မြင့်သွင်၊ ဒေါ်မြတ်ငွေးကြွယ် (ပစ်တိုင်းထောင်စိုက်ပျိုးရေးဆေးဆိုင်)တို့၏အစ်ကို၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့ နယ်၊ (၁၂)ရပ်ကွက်၊ မာဃ(၇)လမ်း၊ အမှတ်(၇၄၈)နေ ဒေါ်ခိုင်ခိုင်မော်၏ချစ်လှစွာသောခင်ပွန်း၊ မရွှေဝတ်မှုံထွဋ်၏ဖခင်၊ မောင်အောင်ရဲဇော်၊ မောင်တင်ထူးအောင်၊ မမြစပါယ်ဖြူ၊ မမေသူငြိမ်းတို့၏ဦးလေးသည် ၄-၁၁-၂၀၂၀ရက် ညနေ ၄:၂၀နာရီတွင် မြောက်ဥက္ကလာပ အထွေထွေဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၁၁-၂၀၂၀ရက်တွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးမျိုးမြင့်ဦး(ကျုံကဒတ်)
### ဒုဦးစီးမှူး(ကာယ)
### တာမွေမြို့နယ်၊ မြို့နယ်ပညာရေးမှူးရုံး
### အသက်(၅၀)

[ဦးတင်ဆွေ(ခ)ဦးသံလုံး-ဒေါ်ခင်ငွေးကြည်]တို့၏သား၊ (ဦးမျိုးချစ်)- ဒေါ်ခင်စိုးတို့၏ သားသမက်၊ တာမွေမြို့နယ်၊ အလက (၁၁)ကျောင်းဝင်းနေ ဒေါ်မာလာမျိုး(အကြီးတန်းစာရေး၊ မြို့နယ်ပညာရေးမှူးရုံး၊ တာမွေ)၏ခင်ပွန်း၊ (မစန္ဒာဆွေ)၊ ဦးသီဟကျော်အောင်-ဒေါ်နှင်းသီတာတို့၏အစ်ကို၊ မအိန္ဒြေမြတ်၊ မောင်ဘုန်းထက်ဟိန်း၊ မောင်ဝေယံဟိန်းတို့၏ ချစ်လှစွာသောဖခင်၊ မခိုင်သက်နှင်း၊ မောင်လင်းဝေယံဖြိုးတို့၏ ဘကြီးသည် ၇-၁၁-၂၀၂၀ရက် နံနက် ၃:၂၅နာရီတွင် တာမွေမြို့နယ်၊ မလွှကုန်းငွေးကြွယ်ရပ်ကွက်၊ မနော့ဟရလမ်း၊ အမှတ်(၅)နေအိမ်၌ ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## သုဓမ္မမဏိဇောတဓရဦးသက်ဆွေ
### ဥက္ကဋ္ဌ
### TYY Group of Company Ltd.
### အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ ရွှေတောင်ကြားရိပ်သာ၊ ငွေဝတ်မှုန်နေ (ဒုတိယဗိုလ်ချုပ်ကြီး မြသင်း၊ ပြည်ထဲရေးဝန်ကြီး-ငြိမ်း)-ဒေါ်မေညွှန့်ရီတို့၏သားငယ်၊ (ဦးကိုကိုအောင်) -ဒေါ်နုနုသိန်းတို့၏သားသမက်၊ ဦးညီညီအောင်-ဒေါ်စန္ဒာမြင့်တို့၏ တူ၊ ဦးစန်းဝင်း(ဥက္ကဋ္ဌ၊ အဘိဓမ္မာတက္ကသိုလ်)-ဒေါ်အေးအေးမြင့်(ပါမောက္ခ၊ အဘိဓမ္မာတက္ကသိုလ်)၊ ဒေါက်တာညီညီ(ဒုတိယဗိုလ်မှူးကြီး-ငြိမ်း)-ဒေါ်ပြုံးကြည်တို့၏ညီ/မောင်၊ သုဓမ္မသိင်္ဂီ သီရိသုဓမ္မသိင်္ဂီဒေါ်ယမင်းကိုကို၏ ချစ်လှစွာသောခင်ပွန်း၊ သုဓမ္မမဏိဇောတဓရဦးကိုကိုဇော်-ဒေါ်သူဇာနွယ်၊ မမိုမိုကို၊ မဖြူဖြူကိုတို့၏ဖခင်၊ မောင်ထက်မြင့်ထွန်း၊ မခင်သော်တာစန်း၊ မဆုညီမိမ်းဝေ၊ မဝင်းလပြည့်မောင်၊ မောင်ခန့်ဇေယျာညီ၊ မောင်ဘုန်းပြည့်နိုင်တို့၏ ဦးလေး၊ မခြူးထက်စံ၏အဘိုးသည် ၇-၁၁-၂၀၂၀ရက် (စနေနေ့) နံနက် ၈:၁၀ နာရီတွင် ရန်ကုန်မြို့၊ ပင်လုံ အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၁၁-၂၀၂၀ ရက် (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါ ကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## Mr. Lal Bahadur Subedi
### အသက် (၇၂) နှစ်

မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဗဟိုကောင်စီရွေးချယ်ပွဲကော်မရှင် အဖွဲ့ဝင် (နီပါလီ/ဂေါ်ရခါးကိုယ်စားလှယ်) Mr. Lal Bahadur Subedi သည် ၂၂-၁၀-၂၀၂၀ ရက် နံနက် ၈း၀၀နာရီ တွင် ကွယ်လွန် သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဗဟိုကောင်စီရွေးချယ်ပွဲကော်မရှင်

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးတင်ထွန်း
### A.G.T.I(Electrical Power)1987
### ဦးစီးအရာရှိ(လျှပ်စစ်)၊ ရေအားလျှပ်စစ်ဌာနခွဲ(၁)
### ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
### အသက်(၆၀)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မာဃ(၉)လမ်း၊ အမှတ်(၆၂၅)နေ ဒေါ်ခင်စန်းဝင်း(ဦးစီးအရာရှိ၊ စိုက်ပျိုးရေးဦးစီးဌာန)၏ ခင်ပွန်း၊ ကိုဖြိုးထက်လင်း၊ မသီရိထွန်းတို့၏ ဖခင်သည် ၇-၁၁-၂၀၂၀ရက် (စနေနေ့) နံနက် ၆:၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးနှင့်အရာထမ်း၊ အမှုထမ်းများ
ရေအားလျှပ်စစ်ဌာနခွဲ(၁)
ဆည်/ရေ ဦးစီးဌာန၊ မင်းဘူးမြို့

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးတင်ထွန်း
### A.G.T.I(Electrical Power)1987
### ဦးစီးအရာရှိ(လျှပ်စစ်)၊ ရေအားလျှပ်စစ်ဌာနခွဲ(၁)
### ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
### အသက်(၆၀)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မာဃ(၉)လမ်း၊ အမှတ်(၆၂၅)နေ ဒေါ်ခင်စန်းဝင်း(ဦးစီးအရာရှိ၊ စိုက်ပျိုးရေးဦးစီးဌာန)၏ခင်ပွန်း၊ ကိုဖြိုးထက်လင်း၊ မသီရိထွန်းတို့၏ဖခင်သည် ၇-၁၁-၂၀၂၀ရက် (စနေနေ့) နံနက် ၆:၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဒုတိယညွှန်ကြားရေးမှူး(လျှပ်စစ်)
လက်ထောက်ညွှန်ကြားရေးမှူး(လျှပ်စစ်)ရုံးနှင့်
အရာထမ်း၊ အမှုထမ်းများ
ရေအားလျှပ်စစ်ဌာနခွဲ(၁)
ဆည်/ရေဦးစီးဌာန၊ မင်းဘူးမြို့

---

## မောင်ကောင်းစံ
### University of Technology
### Yatanarpon Cyber City
### Master of Business Administration Thailand
### အသက်(၂၇)နှစ်

မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ်၊ မြောက်ဘက်ကျေးရွာနေ (ဦးဘခင်)-ဒေါ်အေးထွေး၊ ရန်ကုန်မြို့နေ (ဦးမြင့်သိန်း) (ပြည်ထဲရေးဝန်ကြီးဌာန-ငြိမ်း)၊ ဒေါ်ခင်စန်းအေး(စီမံကိန်းရေးဆွဲရေးဦးစီးဌာန-ငြိမ်း)တို့၏မြေး၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သုခသိဒ္ဓိရပ် ကွက်၊ တိုက်(၄၂၀၁)၊ အခန်း(၀၄)နေ ဦးခင်မောင်မြင့်(ခ)ဦးဝေလင်း(လင်း-ကားအောက်ပိုင်းပြုပြင်ရေး၊ မြို့မဈေး၊ နေပြည်တော်)-ဒေါ် အေးအေးမူ(ဦးစီးအရာရှိ၊ ရုံးချုပ်နေပြည်တော်)တို့၏သား၊ မောင်အောင်ဖြိုးကျော်(လင်း-ကားအောက်ပိုင်းပြုပြင်ရေး) -ဒေါ်ဝင်းမာထွန်း( လက်ထောက်ဦးစီးမှူး၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန)တို့၏ညီ/မောင်၊ ဉာဏ်လင်းထွန်း(ဒုတိယနှစ်ဘူမိဗေဒ၊ ကျောက်ဆည် တက္ကသိုလ်)၏အစ်ကို၊ မောင်ထက်အောင်ရှိုင်း၏ဦးလေးသည် ၆-၁၁-၂၀၂၀ရက် မွန်းလွဲ ၁:၅၅နာရီတွင် နေပြည်တော်(ခုတင်-၁၀၀၀) ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၁၁-၂၀၂၀ရက် မွန်းလွဲ ၁:၃၀နာရီတွင် ကျေ့ကြီးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၂-၁၁-၂၀၂၀ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးတင်ထွန်း
### အသက်(၆၀)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မာဃ(၉)လမ်း၊ အမှတ် (၆၂၅)နေ (ဦးစိန်မောင်-ဒေါ်စောရွှေ)တို့၏ သား၊ ဒေါ်ရင်မြင့်၏တူ၊ (ဦးရဲထွန်း)၏ညီ၊ ဒေါ်ခင်စန်းဝင်း၏ခင်ပွန်း၊ မောင်ထက်ဖြိုးလင်း၊ မသီရိထွန်းတို့၏ဖခင်သည် ၇-၁၁-၂၀၂၀ရက် နံနက် ၆:၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁၁-၂၀၂၀ရက် (တနင်္ဂနွေနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဆရာကြီး ဦးခင်အောင်ကြည်
## ပါမောက္ခချုပ်(ငြိမ်း) ရန်ကုန်စက်မှုတက္ကသိုလ်
### အသက်(၈၉)နှစ်

ထူးချွန်ထက်မြက်သော စက်မှုတက္ကသိုလ် ကျောင်းသားကျောင်းသူများဖြစ်လာစေရန် ပြုစုပျိုးထောင်ပေးခဲ့ခြင်း နှင့် ရန်ကုန်စက်မှုတက္ကသိုလ် ဓာတုအင်ဂျင်နီယာဌာနကို ၁၉၅၇ခုနှစ်မှစတင် ပြုစုပျိုးထောင်၍ ဓာတုအင်ဂျင်နီယာများစွာမွေးထုတ်ပေးခဲ့သည့် ဉာဏ်ပညာကြီးမားလှသော ဆရာကြီး ဆုံးရှုံးရခြင်းအပေါ် ဆရာကြီးမိသားစုနှင့် ထပ်တူအထူးဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်များနှင့်အသင်းသူအသင်းသားများ**
**မြန်မာနိုင်ငံဓာတုအင်ဂျင်နီယာအသင်း(MAChE)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဆရာကြီး ဦးခင်အောင်ကြည်
## ပါမောက္ခချုပ်(ငြိမ်း) ရန်ကုန်စက်မှုတက္ကသိုလ်
### အသက်(၈၉)နှစ်

မြန်မာဓာတုအင်ဂျင်နီယာမိသားစုများ၊ Green Myanmar Environmental Services Co.,Ltd.မှ အကြံပေးပညာရှင်များနှင့်ကုမ္ပဏီဒါရိုက်တာအဖွဲ့ဝင်များအပေါ် ဆရာမိဘသဖွယ် စောင့်ရှောက်လမ်းညွှန်မှု ပေးခဲ့သည့် ဉာဏ်ပညာကြီးမားလှသော ဆရာကြီးဆုံးရှုံးရခြင်းအပေါ်ဆရာကြီးမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အကြံပေးပညာရှင်အဖွဲ့ဝင်များနှင့်**
**ကုမ္ပဏီဒါရိုက်တာအဖွဲ့ဝင်များ**
**Green Myanmar Environmental Services Co.,Ltd.(GMES)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဆရာကြီး ဦးခင်အောင်ကြည်
## ပါမောက္ခချုပ်(ငြိမ်း) ရန်ကုန်စက်မှုတက္ကသိုလ်
### အသက်(၈၉)နှစ်

ရန်ကုန်စက်မှုတက္ကသိုလ် ဓာတုအင်ဂျင်နီယာဌာနကို ၁၉၅၇ခုနှစ်မှ စတင်ပြုစုပျိုးထောင်၍ ထူးချွန်ထက်မြက်သော ဓာတုအင်ဂျင်နီယာများစွာ မွေးထုတ်ပေးခဲ့သည့် ဉာဏ်ပညာကြီးမားလှသော ဆရာကြီးဆုံးရှုံးရခြင်းအပေါ် ဆရာကြီးမိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဓာတုအင်ဂျင်နီယာဌာနမှ တပည့်ဆရာ၊ဆရာမများ**
**ရန်ကုန်နည်းပညာတက္ကသိုလ်(ကြို့ကုန်း)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဆရာကြီး ဦးခင်အောင်ကြည်
## ပါမောက္ခချုပ်(ငြိမ်း) ရန်ကုန်စက်မှုတက္ကသိုလ်
### အသက်(၈၉)နှစ်

မြန်မာဓာတုအင်ဂျင်နီယာများအတွက် တန်ဖိုးမဖြတ်နိုင်သည့် ဉာဏ်ပညာကြီးမားလှသော ဆရာကြီး ဆုံးရှုံးရခြင်းအပေါ် ဆရာကြီးမိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**၁၉၇၅ ခုနှစ် ကျောင်းဆင်း**
**ဓာတုအင်ဂျင်နီယာတပည့်များ**

# မဲဆန္ဒရှင်များသို့ အသိပေးကြေညာခြင်း

( ၇-၁၁-၂၀၂၀ )

၁။ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် မဲစာရင်းပါ မဲဆန္ဒရှင်များထံမှ ကြိုတင်ဆန္ဒမဲများ ရယူပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ကြိုတင်ဆန္ဒမဲပေးပြီးသူများသည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ထပ်မံမဲပေးရန် **(မလို)** ပါ။

၃။ မဲဆန္ဒရှင်တစ်ဦးသည် တစ်ကြိမ်ထက်ပို၍ ဆန္ဒမဲပေးပါက သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၁၀၇၁ ဦး တွေ့ရှိ

**COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

**(၇-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ**

(၆-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီမှ (၇-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၅,၁၇၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID -19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ်(၁,၀၇၁)ဦး တွေ့ရှိ ရပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၇-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၁,၄၅၁) ခု | (၁၅၉) ဦး |
| ဆေးသုတေသနဦးစီးဌာန (DMR) | (၈၇၃) ခု | (၈၆) ဦး |

*စာမျက်နှာ ၉ ကော်လံ ၁* ✪

## ယနေ့ မာတိကာ


ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်ထဲက ကျန်စစ်သားမင်းကြီးရဲ့ ရှေးဟောင်း အမွေအနှစ်တစ်ခု — စာ ➤ ၆

ယူဘားကုမ္ပဏီက ယခုနှစ်၏ ပထမသုံးလပတ်တွင် အမေရိကန်ဒေါ်လာ ၅ ဒသမ ၈ ဘီလီယံအရှုံးပြ — စာ - ၁၂

ဒီမိုကရက်တစ်သမ္မတလောင်း ဘိုင်ဒင် ရွေးကောက်ပွဲနိုင်ပြီး ၄၆ ယောက်မြောက် အမေရိကန်သမ္မတ ဖြစ်လာ — စာ - ၁၃

လွှတ်တော်ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူထားကြောင်း အသိပေးကြေညာခြင်း — စာ - ၁၅





# မူဆယ်မြို့ ရွေးကောက်ပွဲကျင်းပသည့်ကာလ၌ ကိုဗစ် - ၁၉ ကြိုတင်ကာကွယ်ရေးအတွက် နှာခေါင်းစည်းတစ်သောင်း ဖြန့်ဝေ

**မူဆယ် နိုဝင်ဘာ ၇**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့၌ ရွေးကောက်ပွဲကျင်းပရန် နီးကပ်လာသည်နှင့်အမျှ ပြည်သူလူထုများ အနေဖြင့် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် လူတစ်ဦးလျှင် နှာခေါင်းစည်း ငါးခုနှုန်းဖြင့် နှာခေါင်းစည်း စုစုပေါင်းတစ်သောင်းကို ယနေ့ နံနက် ၉ နာရီက အမှတ် (၁၂၅) ယာဉ်ထိန်းရဲတပ်ဖွဲ့စု (မူဆယ်ခရိုင်) မှ မူဆယ်မြို့ မြို့လယ်နာရီစင်၌ ဖြန့်ဝေပေးသည်။ (ဓါတ်ပုံ)

"မူဆယ်မြို့ မိဘပြည်သူများ အားလုံးအနေနဲ့ မကြာခင် ရွေးကောက်ပွဲ ကျင်းပတော့မှာဖြစ်တဲ့အတွက် မိမိနေအိမ်ကနေ သက်ဆိုင်ရာ မဲရုံအသီးသီးကို သွားတဲ့အခါမှာ တပ်ဆင်သွားလာနိုင်ဖို့နဲ့ အပြင်မှာ ဝယ်ယူတပ်ဆင်နေရမယ့်အစားအဆင် ပြေလွယ်ကူချောမွေ့စွာ တပ်ဆင်သွားလာနိုင်ဖို့အတွက် ဖြန့်ဝေပေးရခြင်းဖြစ်သလို မိမိပတ်ဝန်းကျင်မှာ ကိုဗစ်- ၁၉ ရောဂါ ပျံ့နှံ့သေးတယ်ဆိုတာ ပြည်သူတွေ သတိရှိစေဖို့ ပြည်သူ့အကျိုးပြု လှူဒါန်းရခြင်းလည်း ဖြစ်ပါတယ်။ အခုလို လှူဒါန်းနိုင်ဖို့အတွက်လည်း ယာဉ်ထိန်းရဲတပ်ဖွဲ့စုကို အလှူရှင်များက လာရောက်မတည် လှူဒါန်းပေးပါတယ်" ဟု မူဆယ်မြို့ အမှတ် (၁၂၅)ယာဉ်ထိန်းရဲတပ်ဖွဲ့စု (မူဆယ်ခရိုင်) ဒုတိယရဲမှူး ချစ်စိန်က ပြောသည်။

*စာမျက်နှာ ၉ ကော်လံ ၁* ◆

# ပရီမီယာလိဂ်ပွဲစဉ် (၈) မှာ အကြိတ်အနယ်ယှဉ်ပြိုင်မည့် မန်စီးတီးနှင့် လီဗာပူး

ပရီမီယာလိဂ် ပွဲစဉ် (၈) မှ ပွဲစဉ် လေးပွဲဖြစ်သည့် ဝက်စ်ဘရွန်းနှင့် စပါး၊ လက်စတာနှင့် ဝုဖ်၊ မန်စီးတီးနှင့် လီဗာပူး၊ အာဆင်နယ်နှင့် အက်စ်တွန်ဗီလာ အသင်းတို့ နိုဝင်ဘာ ၈ ရက်တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ ထိုပွဲစဉ်များအနက် အကောင်းဆုံးပွဲစဉ်အဖြစ် နည်းပြ ဂွါဒီယိုလာ၏ မန်စီးတီးအသင်းနှင့် ဂျာဂျင်ကလော့ပ်၏ လီဗာပူးအသင်းတို့ ထိပ်တိုက်ဆုံတွေ့နေခြင်း ဖြစ်သည်။ အဆိုပါ ပွဲစဉ်ကို ယနေ့ည ၁၁ နာရီတွင် အီတီဟတ်၌ အကြိတ်အနယ်ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

မန်စီးတီးအသင်းသည် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် ငါးပွဲတွင် ဝက်စ်ဟမ်းအသင်းကိုသာ လျှင် တစ်ဖက်တစ်ဂိုးစီ သရေကျထားပြီး ပေါ်တို၊ မာဆေးလ်၊ ရှက်ဖီးနှင့် အိုလံပီယာကော့စ်အသင်းတို့ အနိုင်ရရှိအောင် စွမ်းဆောင်ထားနိုင်သည့် အသင်းဖြစ်သည်။ ၎င်းနှင့် ယှဉ်ပြိုင်ကစားမည့် လီဗာပူးအသင်းက နောက်ဆုံးငါးပွဲတွင် ငါးပွဲစလုံး အနိုင်ရရှိအောင် စွမ်းဆောင်ထားနိုင်သည့်အသင်း ဖြစ်သည်။ မန်စီးတီးအသင်းသည် ပရီမီယာလိဂ်ပြိုင်ပွဲ၌ ခြောက်ပွဲကစားထားပြီး သုံးပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးရမှတ် ၁၁ မှတ်သာ ရရှိထားသည်။ လီဗာပူးက ပရီမီယာလိဂ် ခုနစ်ပွဲယှဉ်ပြိုင်ကစားထားပြီး ငါးပွဲအထိ အနိုင်ရရှိကာ တစ်ပွဲသရေ၊ တစ်ပွဲရှုံး ရမှတ် ၁၆ မှတ် ရရှိထားသည်။

အဆိုပါ နှစ်သင်း၏ ယမန်နှစ်က ထိပ်တိုက်တွေ့မှုကိုကြည့်လျှင် လီဗာပူးအိမ်ကွင်း၌ သုံးဂိုး-တစ်ဂိုးဖြင့် မန်စီးတီးအသင်းကို အနိုင်ရရှိထားသော်လည်း မန်စီးတီးအသင်း အိမ်ကွင်းတွင် လီဗာပူးအသင်းကို လေးဂိုး- ဂိုးမရှိဖြင့် ပြန်လည်အနိုင်ရရှိထားသည်ကို တွေ့ရသည်။ ထို့ကြောင့် မန်စီးတီးနှင့် လီဗာပူးအသင်းတို့၏ ယခုနှစ်ရာသီ အမှတ်ပေးဇယားရပ်တည်မှုတွင် လီဗာပူးအသင်းက မန်စီးတီးအသင်းထက် အသာရထားသည်ကို တွေ့ရပေမည်။ သို့သော်လည်း လီဗာပူးအသင်းအနေဖြင့် ယခုမန်စီးတီးအသင်းနှင့် ပွဲစဉ်ကို

*စာမျက်နှာ ၁၁ ကော်လံ ၅* ❍

